# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက် | ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ် (၀၀၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံပွဲတွင် ဆွေးနွေးပြောကြားစဉ်။

# ပြည်တွင်းထွက်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက် စားရေးနှင့်ဝတ်ရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ပိုမိုမြှင့်တင်

**နေပြည်တော် အောက်တိုဘာ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရန်ကုန်မြို့ရှိ ဇေယျာသီရိဗိမာန် ညီလာခံမဆောင်၌ တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်း၊ ဒေါက်တာ ကံဇော်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❏

**ယနေ့ ဖတ်စရာ**


KNPP နှင့် PDF **အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်းချက်များ၊ ရာဇသတ်ကြီး ပြဋ္ဌာန်းချက်ပါများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေများကို ချိုးဖောက်ခြင်းဖြစ်၊ တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်** — ပြည်တွင်းသတင်း | စာ - ၆

SME **လုပ်ငန်းများကို အကောင်ထည်ဖော် ဆောင်ရွက်ရာတွင် စက်မှုဇုန်များ၊ စက်ရုံစုများ ဖော်ဆောင်ပေးရန်လိုအပ်** — ပြည်တွင်းသတင်း | စာ - ၁၇

မြန်မာ့အလင်း

## ပြည်တွင်း MSMEs လုပ်ငန်းများဖွံ့ဖြိုးရေး တရားမဝင်ကုန်သွယ်မှု ပပျောက်အောင်တိုက်ဖျက်

မိမိတို့နိုင်ငံ၏ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး လုပ်ငန်း MSMEs များ ရှင်သန်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက် တရားမဝင် ကုန်သွယ်မှုများပပျောက်အောင် တားဆီး တိုက်ဖျက်ရန် လိုအပ်သည်။ စင်စစ်အားဖြင့် တရားမဝင် ကုန်သွယ်မှု သည် မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံအတွက် အခွန်ဘဏ္ဍာများ မှန်မှန်ကန်ကန်ရရှိရေး၊ စားသုံးသူပြည်သူများ ဘေးကင်းလုံခြုံ စိတ်ချမှုရရှိရေးတို့အတွက်လည်း ကြီးစွာသော အန္တရာယ်ပင်ဖြစ်သည့်အလျောက် မဖြစ်မနေတားဆီးတိုက်ဖျက် သွားရန် လိုအပ်သည်သာဖြစ်သည်။

တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကုန်သွယ်မှုပြုရာတွင် နှစ်ဖက်နိုင်ငံတို့၏ ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခွင့်ပြုထားသည့် ကုန်စည်များကို တရားဝင်လမ်းကြောင်းများ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများမှ တစ်ဆင့် ကုန်သွယ်ခြင်းသည် တရားဝင်ကုန်သွယ်မှု (Formal Trade) ဖြစ်သည်။ နှစ်နိုင်ငံကြား တရားဝင်ကုန်သွယ်နိုင်ရန် ခွင့်ပြုထားသောကုန်စည်များကို တရားဝင်လမ်းကြောင်းများ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ၊ ဆိပ်ကမ်းများမှတစ်ဆင့် ကုန်သွယ်မှု မပြုဘဲ တရားမဝင်လမ်းကြောင်းများမှ ကုန်သွယ်မှုပြုလုပ်ခြင်း၊ ဥပဒေအရ ခွင့်ပြုထားခြင်းမရှိသော ကုန်ပစ္စည်းများကို တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ကုန်သွယ်မှု (Informal Trade) ပြုလုပ်ခြင်းတို့သည် မှောင်ခိုကုန်သွယ်မှု (Illegal Trade) ဖြစ်ပြီး နိုင်ငံအတွက်ရော ပြည်သူလူထုအတွက်ပါ အန္တရာယ် ကြီးမားသည့် ကုန်သွယ်မှုများဖြစ်သည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံ ငါးနိုင်ငံနှင့် နယ်နိမိတ်ထိစပ်တည်ရှိနေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လျက်ရှိသော အင်အားကြီးနိုင်ငံ နှစ်နိုင်ငံအကြားတွင် တည်ရှိနေခြင်း၊ နယ်စပ်ဒေသများတွင် တရားမဝင် ဝင်ထွက်ပေါက်များစွာရှိနေခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုပြုလုပ်သူများက အခွန်ရှောင်လိုခြင်း စသည်တို့အပါအဝင် အခြားသော အခြေခံအကြောင်းတရားများကြောင့် တရားမဝင် ကုန်သွယ်မှုပမာဏ ကြီးမားလျက်ရှိရာ နိုင်ငံနှင့် ပြည်သူအတွက် ထိခိုက်နစ်နာမှု များစွာဖြစ်ပေါ်နေခြင်းကြောင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးကို နိုင်ငံတော်က အလေးအနက်ထား ဆောင်ရွက်လျက်ရှိသည်။ တရားမဝင်ကုန်သွယ်မှုနှင့်စပ်လျဉ်း၍ The Economic Intelligence Unit (EIU) က ထုတ်ပြန်သည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအခြေအနေ အညွှန်းကိန်းတွင် မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၈၄ နိုင်ငံအနက် အဆင့် ၈၂ နေရာတွင် ရပ်တည်နေခဲ့ပြီး ရမှတ် ၂၃ မှတ်သာ ရရှိထားခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ တရားမဝင်ကုန်သွယ်မှု အခြေအနေ အညွှန်းကိန်းကို (၁) အစိုးရ၏ မူဝါဒ (၂) ရောင်းလိုအားနှင့် ဝယ်လိုအား (၃) ပွင့်လင်းမြင်သာမှုရှိသည့် ကုန်သွယ်မှုနှင့် (၄) အကောက်ခွန်ဆိုင်ရာ လုပ်ငန်းစဉ်ဟူသော ညွှန်းကိန်း ၄ ခုဖြင့် တိုင်းတာခြင်း ဖြစ်သည်။

နိုင်ငံအတွင်းမှ သဘာဝသယံဇာတများနှင့် ကျောက်မျက်များ၊ သားရိုင်းတိရစ္ဆာန်များ၏ ခန္ဓာကိုယ် အစိတ်အပိုင်းများစသည်တို့က တရားမဝင်လမ်းကြောင်းမှ ပြည်ပသို့ ထွက်ခွာသွားကြပြီး စားသုံးရန် မသင့်သည့် စားသောက်ကုန်များ၊ သက်တမ်းကုန်ခါနီးနှင့် သက်တမ်းလွန် စားသောက်ကုန်များ၊ စစ်ဆေးခွင့်ပြုထားခြင်း မရှိသည့် ဆေးဝါးများ၊ အရည်အသွေးညံ့သည့် ဆေးဝါးများနှင့် ဆေးဝါးအတုများ၊ လူသုံးအိမ်သုံးနှင့် လုပ်ငန်းသုံးကုန်ပစ္စည်းများ အပါအဝင် အကောက်ခွန်မဲ့ အရည်အသွေးအာမခံချက်မရှိသော ကုန်စည်များက တရားမဝင် ကုန်သွယ်မှုလမ်းကြောင်းမှတစ်ဆင့် ပြည်တွင်းဈေးကွက်များသို့ ဝင်ရောက်လာရာတွင် နိုင်ငံတော် အတွက် အခွန်အကောက်များ နစ်နာဆုံးရှုံးရသလို ပြည်သူများ အတွက်လည်း ကုန်စည်နှင့် ဆေးဝါးအတုများကြောင့် ထိခိုက် နစ်နာကြရသည်။ အကောက်အခွန်မဲ့၊ အတားအဆီးမဲ့ ဝင်ရောက် လာသည့် ကုန်စည်များကြောင့် ပြည်တွင်းရှိ MSME လုပ်ငန်းများမှာ ဈေးကွက်လုယူခြင်းကိုခံရပြီး ဆက်လက်ရှင်သန်ရပ်တည်နိုင်ရန် အတွက် အခက်အခဲများနှင့် ရင်ဆိုင်ကြရသည်။

နိုင်ငံ၏ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း များကို အညွန့်တုံးစေသည့် တရားမဝင်ကုန်သွယ်မှုများကို လုံးဝ ပပျောက်အောင် တိုက်ဖျက်နိုင်မှသာ တရားဝင်ကုန်သွယ်မှုတိုးတက် ထွန်းကားခြင်းနှင့်အတူ MSME လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက် လာပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိ လာနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

( ဂ ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၃**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ် အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ် လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ နယ်ရှိ ဈေးကုန်းကျောင်းတိုက်နှင့် ဥတ္တရသီရိ မြို့နယ်ရှိ ရာဇဓာနီသာမဏေကျော် ကျောင်း တိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဦးဝင်းကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင် မြို့နယ်ရှိ ဓမ္မလောကကျောင်းတိုက်၊ ရန်ကုန် တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ဓမ္မစေတီ ပရိယတ္တိစာသင်တိုက်၊ မြောက်ဥက္ကလာပမြို့ နယ်ရှိ ရေလယ်ကျောင်းတိုက်၊ ရန်ကင်းမြို့ နယ်ရှိ အောင်သုခဗိမာန်ကျောင်းတိုက်နှင့် လှိုင် မြို့နယ်ရှိ ပဏ္ဍိတာရာမကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေး တိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ မဟာဝိသုတာ ရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ရေနံ့ချောင်းကျောင်း တိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဏ္ဍလာ ရာမပြည်ကျောင်းတိုက်၊ ရန်ကုန်တိုင်း ဒေသကြီး ကမာရွတ်မြို့နယ်ရှိ သုစိတ္တာရုံ ကျောင်းတိုက်နှင့် ဒလမြို့နယ်ရှိ နန်းဦး ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်ရှိ ဓမ္မဝိဒူကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ပန်အုပ်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## လဟယ်မြို့၌ လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**လဟယ် အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့ လမ်းဆုံတွင် လူမှုဘဝပြည့်စုံဖို့နိုင်ငံသားကတ်ကိုင်ကြစို့ အသိပညာ ပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယနေ့နံနက်က အသိပညာ ပေး ဆောင်ရွက်သည်။

အဆိုပါ လက်ကမ်းစာစောင်တွင် အိမ်ထောင်စုလူဦးရေ စာရင်း ပုံစံ ၆၆/၆ (အထစ) နှင့်ပတ်သက်၍ အခက်အခဲများအား မြို့နယ်လဝက ရုံးသို့ သွားရောက်ဆောင်ရွက်ရန်၊ နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီးနေသူများသည် မြို့နယ်လဝကရုံးသို့ သွားရောက်ဖြေရှင်းရန်၊ အိမ်ထောင်စုစာရင်း တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်သူများ၊ မည်သည့်အရပ်ဒေသမှ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆(အထစ) မရှိသေးသူများသည် နီးစပ်ရာမြို့နယ်လဝကရုံးသို့ သတင်းပေးပို့၍ ပန်ခင်းစီမံချက်အရ စိစစ်ဆောင်ရွက်ရန်၊ သက်မှတ်ကာလ ကျော်လွန် ပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည့်အကြောင်း အရာများ ပါဝင်သည်။

ထိုသို့ အသိပညာပေးခြင်းဆောင်ရွက်ရာတွင် နာဂဒေသစီမံအုပ်ချုပ် ရေးအဖွဲ့ အတွင်းရေးမှူး ဦးနေမင်းသူ၊ လဟယ်မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးဇာနည်ဝင်း၊ နာဂဒေသ လဝက ဦးစီးမှူး ဦးကိုကိုကျော်နှင့် လဟယ်မြို့နယ်ဦးစီးမှူး ဦးစိုးတင့်အောင်နှင့် ဝန်ထမ်းများက လက်ကမ်း စာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**ယွန်း(မုံရွာ၊ကိုယ်ပွား)**



## စာကိုလည်းသင် လူလည်းပြင်

❖ နာသုံးနာကို
ရင်မှာပိုက်ထား၊ ဆရာများသည်
သွေးသားပမာ၊ တပည့်သာကြောင်း
လမ်းကောင်းညွှန်ပြ၊ ဆိုဆုံးမ၏။

ထိုမှတစ်ဖန်
မြင်ပြန်သမျှ၊ ပြုပြင်ရပြီး
သိပ္ပံအတတ်
ချန်လှပ်မရှိ၊ ကုန်စင်သိအောင်
ထားရှိမေတ္တာ၊ ပေးဝေရှာသည်
မဟာစိတ်ထား ဆရာများ…။

❖ မိဘအရိပ် ၊ သစ်ဝါးရိပ်ထက်
ခိုမှိတ်ဖွယ်ပ့ါ ၊ ပိုအေးမြ၏
ဆရာ့အရိပ်၊
ချွေးသိပ်ဆာယာ ၊ ပို၍သာ၏ ။

ဆရာထက်လွန် ၊ ပိုထူးချွန်မှ
သားမွန်တပည့် ၊ ဆိုနိုင်ဘိဟု
ထားရှိမေတ္တာ ၊ လမ်းညွှန်ရှာသည်
မဟာစိတ်ထား ဆရာများ…။

❖ ယနေ့ကမ္ဘာ ၊ ရှုကြည့်ပါလော့
မဟာစိတ်ထား ၊ ဆရာရများ၏
ထင်ရှားညွှန်းစု ၊ ဂုဏ်အထုကို
ဂုဏ်ပြုသောအား
ဆရာများနေ့ ၊ နှလုံးမွေ့ဖို့
ကြုံတွေ့ခုခါ ၊ ဝမ်းမြောက်စွာလျှင်
လက်ာဖွဲ့ကျူး ၊ ကြာမုံဦးဖြင့်
ဦးခိုက်ပန်ထွာရပါသတည်း . . . ။ ။

**ကမ္ဘာ့ဆရာများနေ့ကိုကြိုဆိုလျက် -**
**ဘိုမျိုး(ရွှေဘို)**

❑ *ရွှေဖုံးမှ*

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ညီနောင်အသင်းများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

## စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ တင်ပြဆွေးနွေး

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံ ဆန်စပါး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဆန်းလင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များကိုယ်စား ဒေါ်သီသီဝင်း၊ ဦးဝင်းမြင့်အောင်၊ ဒေါ်ယဉ်ယဉ်မိုးနှင့် တက်ရောက်လာကြသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်း MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ Quick Win ဖြစ်စေမည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်သည့် လုပ်ငန်းများနှင့် အခြားဆက်စပ်လုပ်ငန်းများကို အောင်မြင်စွာဆောင် ရွက်နိုင်ရေးအတွက် အတိုးနှုန်းနည်းပါးသည့် ရင်းနှီးငွေများလိုအပ်မှု၊ နည်းပညာများ ရရှိရေးနှင့် အခြားပံ့ပိုးပေးမှုများလိုအပ်မှု၊ ကုန်ကြမ်းပစ္စည်းများနှင့် စက်ပစ္စည်းများ တင်သွင်းခွင့်ရရှိရန်လိုအပ်မှု၊ ပြည်တွင်းထုတ်ကုန်တိုးတက်ရေးအတွက် တရားမဝင် ကုန်စည်တင်သွင်းမှုများကို ထိရောက်စွာ အရေးယူဆောင်ရွက်ရန်လိုအပ်မှု၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်းများအတွက် ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ လိုအပ်သည်များ ပါဝင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ ယခုနှစ် မိုးဦးကာလတွင် မိုးနည်းသည့်အတွက် ဆန်စပါးအထွက်နှုန်း ကျဆင်းမှုရှိနိုင်သဖြင့် နွေစပါး အထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်ပေးရန်လိုအပ်မှု၊ နိုင်ငံတော်မှ နွေစပါးစိုက်ပျိုးရေးအတွက် ရင်းနှီးမြှုပ်နှံငွေများ ထုတ်ပေးသည့်အတွက် နွေစပါးအထွက်နှုန်း တိုးတက်ရေးအတွက် အထောက်အကူဖြစ်မှု၊ ဆန်၊ စပါး ပြည်ပပို့ကုန်မြှင့်တင်ရေးအတွက် နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာနိုင်မှု၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးရေးစရိတ် ချေးငွေများကို နိုင်ငံတော်အစိုးရသာမက ပုဂ္ဂလိကလုပ်ငန်းများမှလည်း ထုတ်ချေးပေးမည်ဆိုပါက ဆန်၊ စပါး ထုတ်လုပ်မှုများ ပိုမိုတိုးတက်လာမည့် အခြေအနေများ၊ ပြည်တွင်းကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် ကုန်စည်ဒိုင်များ အဆင့်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်မှု။

ဆီထုတ်လုပ်မှုနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးဆီများ ပြည်တွင်း၌ ဖူလုံစွာရရှိရေး၊ ပြည်တွင်း စားသုံးဆီထုတ်လုပ်မှု လျော့နည်းသည့်အတွက် လိုအပ်ချက်အရ စားသုံးဆီများ တင်သွင်းနေရမှုကြောင့် ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေးနှင့်ညီညွတ်သည့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် တိကျသည့် မူဝါဒတစ်ခုကို သုတေသနပြု ချမှတ်ပေးရန်လိုအပ်မှု။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများတွင် ဒေသထွက် ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိမှုနှင့် အချို့သော အခက်အခဲများနှင့် ရင်ဆိုင်နေရလျက်ရှိမှု၊ ကိုဗစ်ကာလအတွင်း ချေးငွေရယူထားသည့် MSME လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသဖြင့် နိုင်ငံတော်သို့ ပြန်လည်ပေးဆပ်ရမည့်ကာလအား တိုးမြှင့်သတ်မှတ်ပေးစေလိုမှုနှင့် ရင်းနှီးမြှုပ်နှံငွေများ ဆက်လက်ဆောင်ရွက်ပေးစေလိုမှု၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

MSME လုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ပစ္စည်းများသည် အမှန်တကယ် ဈေးကွက်လိုအပ်ချက်ရှိသည့်အတွက် ဈေးကွက်မပြတ်လုပ်ငန်း လည်ပတ်နိုင်စေရေး ရင်းနှီးမြှုပ်နှံငွေများ ဆောင်ရွက်ပေးစေလိုမှု၊ လုပ်ငန်းများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှု၊ စက်မှုလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်ရာတွင် မြေနေရာ လိုအပ်ချက်များ၊ ကျွမ်းကျင်လုပ်သားများအတွက် Training Centerများ လိုအပ်လျက်ရှိမှု၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်စီးဆင်းမှုများ လွယ်ကူမြန်ဆန်စေရေးအတွက် လိုအပ်ချက်များနှင့် အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်မှုနှင့် အထည်ချုပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မွေးမြူရေး ထုတ်ကုန်များထုတ်လုပ်လျက်ရှိမှုနှင့် မွေးမြူရေးအစာများ ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုအပ်မှု၊ ရော်ဘာထုတ်လုပ်မှုကဏ္ဍတိုးတက်ရေးအတွက် ထိရောက်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးရန် လိုအပ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် သွင်းအားစုများ ပြည့်ဝစွာရရှိရေး ဖြည့်ဆည်းပေးစေလိုမှု စသည်တို့နှင့် ပတ်သက်၍ လိုအပ်ချက်များ အသီးသီးအကြံပြု ဆွေးနွေးတင်ပြကြသည်။

## သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာ ကံဇော်၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်းနှင့် ဦးအောင်နိုင်ဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်၊ မူဝါဒများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တိုးတက်လာမှု၊ ရင်းနှီးမြှုပ်နှံမှု ချေးငွေများထုတ်ချေးပေးနေမှုနှင့် သက်ဆိုင်ရာလုပ်ငန်းများအလိုက် လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်သွားရန်လိုအပ်မှု၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ ခွင့်ပြုပေးထားမှုနှင့် နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံတော်အတွက်လိုအပ်သည့် နိုင်ငံခြားငွေများရရှိရေးဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများအားလုံး ရင်းနှီးမြှုပ်နှံမှုချေးငွေများ ရရှိရေးအတွက် သတ်မှတ်စည်းမျဉ်းစည်းကမ်းချက်များကို သိရှိရေး သက်ဆိုင်ရာအဖွဲ့အစည်းများက ပညာပေးဆောင်ရွက်ရန်လိုအပ်မှု၊ အသေးစား စက်မှုလက်မှု လုပ်ငန်းများအတွက် သက်ဆိုင်ရာ ပညာရပ်များအလိုက် သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ မြစ်မ်းရောင်စီမံကိန်းဖြင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုလုပ်ငန်းများ၏ ဥပဒေအရ မှတ်ပုံတင်ထားရှိမှုနှင့် စက်မှုလုပ်ငန်း နည်းဥပဒေများ ရေးဆွဲလျက်ရှိမှု၊ MSME လုပ်ငန်းများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ ပို့ကုန်သွင်းကုန် လုပ်ငန်းလိုင်စင် မှတ်ပုံတင်မှုများကို စနစ်တကျ စိစစ်ပြီးမှသာလျှင် ထုတ်ပေးသွားမည်ဖြစ်သည့် အခြေအနေများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းဆောင်ရွက်နေမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးပြန်လည်ဆွေးနွေး ပြောကြားကြသည်။

## တင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက်ဆွေးနွေးပြောကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့် ပတ်သက်၍ ဖြည့်စွက်ပြောကြားရာတွင် ဆီထွက်သီးနှံများ စိုက်ပျိုးမှုနှင့် ပတ်သက်၍ မြေ၊ ရေ နှင့် လူ့စွမ်းအား အရင်းအမြစ်များ ရှိပြီးဖြစ်ပြီး အမှန်တကယ် အလုပ်လုပ်ရန်လိုအပ်လျက်ရှိကြောင်း၊ ဆီထွက်ကုန်များအနက် မြေပဲသီးနှံတစ်ခုသာလျှင် အထွက်နှုန်းကောင်းမွန်ပြီး အခြားဆီထွက် သီးနှံများမှာ ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်မပြည့်မီသည်ကို တွေ့ရကြောင်း၊ ဆီထွက်သီးနှံများအား ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်း ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဆီထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်ကြောင်း၊ ဆီအုန်း စိုက်ပျိုးရေးနှင့် ပတ်သက်၍ ဆီအုန်းမှ ထွက်ရှိလာသည့် ဆီများကို စားသုံးဆီသာမက စက်မှုလုပ်ငန်းများတွင်လည်း အသုံးပြုကြကြောင်း၊ ဆီအုန်းစိုက်ပျိုးမှုကို ပြည့်ဝစွာ စိုက်ပျိုးမှု မရှိသည့်အတွက် ဆီထုတ်လုပ်မှု နည်းပါးနေခြင်းဖြစ်ကြောင်း၊

*စာမျက်နှာ ၄ သို့*

❍ **နေရောင်ခြည်စွမ်းအင်နှင့် လေအားတို့ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရန်လိုပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအတွက်လိုအပ်သည့် ဒီဇယ်ဆီများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ**

❍ **နိုင်ငံတော်အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့် ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး အစိုးရမှ မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း လိုအပ်ချက်များကို မိမိတို့ကိုယ်တိုင် ကြိုးပမ်းဆောင်ရွက်**

❖ **ပြည်တွင်းဆီလိုအပ်ချက် ပြည့်မီဖူလုံစေရေးအတွက် လိုအပ်သည်များကို နိုင်ငံတော်မှ ဖြည့်ဆည်းပေးသွားမည်ဖြစ်သည့်အတွက် ဆီထွက်သီးနှံစိုက်ပျိုးသည့် လုပ်ငန်းရှင်များနှင့် ဆီထုတ်လုပ်သူများအနေဖြင့်လည်း အမှန်တကယ် အလုပ်လုပ်ကြရန်လိုအပ်မည်**

❖ **စားသုံးဆီကို ပြည်ပမှတင်သွင်းနေရသူ (Importer) အဖြစ်မှ ပြည်တွင်း၌ ပိုလျှံသည်အထိ ထုတ်လုပ်၍ ပြည်ပသို့ ပြန်လည်တင်သွင်းသူ (Exporter) အဖြစ်ထိ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များ၏ ပြကွက်များကို လေ့လာကြည့်ရှုစဉ်။

*စာမျက်နှာ ၃ မှ*

ပြည်တွင်းဆီလိုအပ်ချက် ပြည့်မီဖူလုံစေရေးအတွက် လိုအပ်သည်များကို နိုင်ငံတော်မှ ဖြည့်ဆည်းပေးသွားမည်ဖြစ်သည့်အတွက် ဆီထွက်သီးနှံစိုက်ပျိုးသည့် လုပ်ငန်းရှင်များနှင့် ဆီထုတ်လုပ်သူများ အနေဖြင့်လည်း အမှန်တကယ် အလုပ်လုပ်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတောင်သူ၊ လုပ်ငန်းရှင်များနှင့် အစိုးရတို့ ပေါင်းစပ်ဆောင်ရွက်သွားမည်ဆိုပါက မကြာမီကာလအတွင်း ပြည်တွင်းဆီလိုအပ်ချက်ကို ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ **စားသုံးဆီကို ပြည်ပမှတင်သွင်းနေရသူ (Importer) အဖြစ်မှ ပြည်တွင်း၌ ပိုလျှံသည်အထိ ထုတ်လုပ်၍ ပြည်ပသို့ ပြန်လည်တင်သွင်းသူ(Exporter) အဖြစ်ထိ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။**

အသေးစားနှင့် အငယ်စားစက်မှုလုပ်ငန်းများသည် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အဓိကရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြည်ပပို့ကုန် အခွင့်အလမ်းရရှိရေးအတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်ကာလ ချေးငွေများ နိုင်ငံတော်သို့ ပြန်လည်ပေးဆပ်ရန် အခက်အခဲများ ဖြစ်ပေါ်နေမှုအတွက် ကာလတစ်ခု သတ်မှတ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံငွေများရရှိရေးအတွက်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတော်အနေဖြင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရင်းနှီးမြှုပ်နှံနိုင်ရန် ငွေကြေးများ ထုတ်ချေးပေးထားခြင်းဖြစ်သဖြင့် အမှန်တကယ် အောင်မြင်အောင် ဆောင်ရွက်ကြစေလိုပြီး ပြန်လည်ပေးဆပ်ရမည့် ကာလအတွင်း ပြည့်မီအောင် ပြန်လည်ပေးသွင်းနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများကိုလည်း အပြည့်အဝပေးသွင်းရန်လိုကြောင်း၊ လာမည့်ဘတ်ဂျက်ကာလများတွင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအတွက် ထည့်သွင်းလျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှရရှိရန် ကျန်ရှိသည့် ချေးငွေများ ပြန်လည်ရရှိမည်ဆိုပါက ချေးငွေများကို ပိုမိုပြည့်ဝစွာထပ်မံထုတ်ချေးပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်တွင်းလည်ပတ် သုံးစွဲငွေများရှိပြီးဖြစ်ပြီး စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့်ချေးငွေများကိုလည်း အတတ်နိုင်ဆုံး ထုတ်ပေးသွားမည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ပုဂ္ဂလိကအနေဖြင့်လည်း လျှပ်စစ်ဓာတ်အား ရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ နေရောင်ခြည်စွမ်းအင်နှင့် လေအား တို့ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရန်လိုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအတွက်လိုအပ်သည့် ဒီဇယ်ဆီများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် နိုင်ငံတော်အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့် ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး အစိုးရမှ မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း လိုအပ်ချက်များကို မိမိတို့ကိုယ်တိုင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် အခြေခံလိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများအတွက် မြေနေရာလိုအပ်မှုကို နိုင်ငံတော်မှ မြေနေရာများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမြေများပေါ်တွင် စက်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက သီးနှံထွက်နှုန်း နည်းပါးသွားမည်ဖြစ်ကြောင်း၊ စားရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် မြေနေရာများကိုမူ ခွင့်ပြုပေး၍ ရနိုင်မည်မဟုတ်ဘဲ မြေလွတ်မြေရိုင်းများပေါ်တွင် စက်မှုလုပ်ငန်းဆောင်ရွက်နိုင်ရေး နိုင်ငံတော်မှ ခွင့်ပြုပေးလျက်ရှိကြောင်း။

- **ဘဝရပ်တည်ရေးအတွက် ပညာသည် မရှိမဖြစ် လိုအပ်သည့် အရာဖြစ်သဖြင့် ပညာရေးကို အားပေးဆောင်ရွက်ပေးရမည်၊ အသက်အရွယ်နှင့် ကိုက်ညီသည့် ပညာသင်ကြားမှုများကို ဆောင်ရွက်ပေးရမည်ဖြစ်၊ စက်မှုနှင့် စိုက်ပျိုးရေး သင်တန်းကျောင်းများကို အခြေခံပညာကျောင်းများတွင် တွဲဖက်၍ ဖွင့်လှစ်သင်ကြားပေးသွားမည်၊ ပုဂ္ဂလိကအနေဖြင့်လည်း မိမိတို့တတ်နိုင်သည့်ဘက်မှ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးစေလို**

မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော်လည်း စနစ်ကျသည့်မွေးမြူမှုမှာ နည်းပါးကြောင်း၊ မွေးမြူရေးထွက်ကုန်များမှာ ပြည်တွင်း၌ လိုအပ်ချက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချ၍ရကြောင်း၊ မွေးမြူရေးကုန်ကြမ်းများအားလုံး ပြည်တွင်း၌ လုံလောက်စွာ ရှိပြီးဖြစ်သော်လည်း အရည်အသွေးပြည့်မီရန်လိုနေသေးကြောင်း၊ မွေးမြူရေးကို မိရိုးဖလာ မွေးမြူရေးထက် စနစ်ကျနသည့် မွေးမြူရေးဖြစ်ရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအတွက် သွင်းအားစုဖြစ်သည့် မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပ တင်သွင်းနေရမှုများ ရှိသကဲ့သို့ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့်လည်း မျိုးကို ကိုယ်တိုင် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း၊ နိုင်ငံတော်မှလည်း မျိုးကောင်းမျိုးသန့်များ ရရှိရေးအတွက် စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရရှိရေးအတွက် သုတေသနပြု ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေလုံလောက်စွာ ရရှိရန်လိုအပ်သကဲ့သို့ သွင်းအားစုများဖြစ်သည့် ပိုးသတ်ဆေးများ၊ ဓာတ်မြေဩဇာများ လုံလောက်စွာရရှိရန်လိုကြောင်း၊ ပြည်တွင်း၌ လိုအပ်လျက်ရှိသည့် ဓာတ်မြေဩဇာများ ရရှိရေး နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ရော်ဘာထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ရော်ဘာ အထွက်နှုန်းများ ကောင်းမွန်ရေးနှင့် အရည်အသွေးပြည့်မီသည့် ရော်ဘာကုန်ကြမ်းများရရှိအောင် နည်းပညာများ အသုံးပြု၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ပမှ ရော်ဘာ တရားမဝင် တင်သွင်းမှုများကို ထိရောက်စွာ ထိန်းချုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းသည် ရန်ကုန်တိုင်းဒေသကြီးတွင်ရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေး အဖြေရှာနိုင်ရေး တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းရှင်များ၏ တင်ပြချက်များအား ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများအနေဖြင့်လည်း သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း။

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်

- **စက်ရုံအလုပ်ရုံများ ရပ်တန့်စေရန် ဆောင်ရွက်မှု၊ လုပ်ငန်းခွင်ဝင်ရောက်ခြင်းများကို ခြိမ်းခြောက်ခြင်းများနှင့် အကြောက်တရားများဖြစ်ပေါ်အောင် ဆောင်ရွက်ခဲ့မှုများရှိ**
- **ဘဏ်စနစ်ပြိုလဲအောင် နည်းလမ်းမျိုးစုံဖြင့် ထိုးနှက်လုပ်ဆောင်ခဲ့သော်လည်း ပြိုလဲမှုမရှိစေရေး ဦးစားပေးအနေဖြင့် ဆောင်ရွက်ခဲ့**
- **ငွေကြေးလည်ပတ်သုံးစွဲမှုများကိုလည်း ထိခိုက်အောင် ဆောင်ရွက်ခဲ့မှုများရှိ၊ ငွေကစားသူများရှိခြင်းကြောင့် ငွေကြေးတန်ဖိုးများ ကျဆင်းမှုများဖြစ်ပေါ်ခဲ့၊ ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်မှုများ ဖြစ်ပေါ်ခဲ့**

တင်ပြမှုများတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ၂၀၁၄ ခုနှစ်တွင် ကောက်ခံခဲ့သည့် လူဦးရေသန်းခေါင်စာရင်းအရ အဆင့်မြင့်ပညာတတ်မြောက်သူဦးရေမှာ နည်းပါးနေသည်ကို တွေ့ရှိရကြောင်း၊ လူသားအရင်းအမြစ်များ မွေးထုတ်ရေးအတွက် ပညာတတ်များ ပေါ်များအောင်လိုအပ်သဖြင့် ပညာရေးကို အလေးထားအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်မှ အတန်းပညာများ သင်ယူနိုင်ရေးအတွက် ကျောင်းများဖွင့်လှစ်ပေးထားပြီးဖြစ်ပြီး ကျောင်းတက်ရောက်၍ ပညာသင်ယူရန်မှာ ကျောင်းသူ၊ ကျောင်းသားများနှင့် မိဘများတွင် တာဝန်ရှိကြောင်း၊ အတန်းပညာတတ်မြောက်မှသာလျှင် အတတ်ပညာကို သင်ယူရာ၌ လွယ်ကူမည်ဖြစ်ပြီး ဘဝရပ်တည်မှုကို မြင့်မားစေမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာ ပညာရပ်များအလိုက် လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အလားတူ ပညာတတ်များပေါ်များရေးအတွက်လည်း မွေးထုတ်ပေးရန်လိုကြောင်း၊ အတန်းပညာများ မြင့်မားမှသာ ခေတ်မီနည်းပညာများကို အသုံးချနိုင်မည်ဖြစ်ကြောင်း၊ ဘဝရပ်တည်ရေးအတွက် ပညာသည် မရှိမဖြစ် လိုအပ်သည့် အရာဖြစ်သဖြင့် ပညာရေးကိုအားပေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အသက်အရွယ်နှင့် ကိုက်ညီသည့် ပညာသင်ကြားမှုများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စက်မှုနှင့် စိုက်ပျိုးရေးသင်တန်းကျောင်းများကို အခြေခံပညာကျောင်းများတွင် တွဲဖက်၍ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကအနေဖြင့်လည်း မိမိတို့တတ်နိုင်သည့်ဘက်မှ သင်တန်းများဖွင့်လှစ်သင်ကြားပေးစေလိုကြောင်း။

*စာမျက်နှာ ၅ သို့*

# လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် လောင်စာနှင့် ဓာတ်ငွေ့များအသုံးပြုခြင်းထက် နေရောင်ခြည်စွမ်းအင်သုံးနှင့် လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို ဆောင်ရွက်ရမည်

*စာမျက်နှာ ၄ မှ*

### စီးပွားရေးမောင်းနှင်အား ကောင်းမွန်ရေး အလေးပေးဆောင်ရွက်

မိမိတို့နိုင်ငံ၏ စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဖွံ့ဖြိုးပြီး နိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်စေ SME လုပ်ငန်းများကို အဓိကထား ဆောင်ရွက်ကြကြောင်း၊ ထို့ကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်း၌ နိုင်ငံရေးအရအခက်အခဲများ၊ ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အခက်အခဲမျိုးစုံကို ရင်ဆိုင်ခဲ့ရကြောင်း၊ စီးပွားရေးအရ ကျဆင်းမှုရှိစေရေး နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်မှုများကို ကြုံတွေ့ခဲ့ရကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား ကွာဟမှုများကြောင့် ငွေကြေးတန်ဖိုးတက်လာခဲ့ပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို စိတ်ဝင်စားမှုရှိရမည်ဖြစ်ပြီး စီးပွားရေးသည် နိုင်ငံတစ်ခု၏ အသက်ပင်ဖြစ်ပြီး နိုင်ငံ့စီးပွားရေး ပြိုကွဲပါက နိုင်ငံပြိုကွဲမည်ဖြစ်ကာ နိုင်ငံရေး မတည်ငြိမ်မှုများကိုလည်း ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုတွင် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေး မောင်းနှင်အား၊ ကာကွယ်ရေး မောင်းနှင်အားများလိုအပ်ပြီး စီးပွားရေးကောင်းမွန်မှသာ နိုင်ငံတည်ငြိမ်မည်ဖြစ်ကြောင်း။

### စက်သုံးဆီ၊ စားသုံးဆီနှင့် လျှပ်စစ်စွမ်းအား

ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သည့် ငွေကြေးများချေးပေးမှုနှင့် ပတ်သက်၍ ယခင်နှစ်က ကိုဗစ် - ၁၉ အခက်အခဲ၊ နိုင်ငံရေးအခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုအချိန်တွင် နိုင်ငံစီးပွားရေးပျက်ယွင်းအောင် ဆောင်ရွက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ စက်ရုံအလုပ်ရုံများ ရပ်တန့်စေရန် ဆောင်ရွက်မှု၊ လုပ်ငန်းခွင်ဝင်ရောက်ခြင်းများကို ခြိမ်းခြောက်ခြင်းများနှင့် အကြောက်တရားများဖြစ်ပေါ်အောင် ဆောင်ရွက်ခဲ့မှုများရှိကြောင်း၊ **ဘဏ်စနစ် ပြိုလဲအောင် နည်းလမ်းမျိုးစုံဖြင့် ထိုးနှက်လုပ်ဆောင်ခဲ့သော်လည်း ပြိုလဲမှုမရှိစေရေး ဦးစားပေးအနေဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊** ငွေကြေးလည်ပတ်သုံးစွဲမှုများကိုလည်း ထိခိုက်အောင် ဆောင်ရွက်ခဲ့မှုများ ရှိကြောင်း၊ ငွေကစားသူများရှိခြင်းကြောင့် ငွေကြေးတန်ဖိုးများ ကျဆင်းမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် ငွေကြေးကြီးကြပ်ရေးကော်မတီကိုဖွဲ့စည်း၍ ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်မှစတင်၍ ပြည်ပမှတင်သွင်းသည့် စားသုံးဆီများကို ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီစားသုံးမှုများပြားခြင်းနှင့် ပြည်တွင်းဆီထုတ်လုပ်မှုနည်းပါးခြင်းကြောင့် ပြည်တွင်းစားသုံးဆီလိုအပ်ချက် များပြားနေခြင်းဖြစ်ကြောင်း။

**❂ မွေးမြူရေးလုပ်ငန်းတွင် ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးမွေးမြူရေးလုပ်ငန်းများရှိ၊ ဘဲမွေးမြူရေးလုပ်ငန်းသည် မိမိတို့နိုင်ငံတွင် ပိုမိုကျယ်ပြန့်သည်ကိုတွေ့ရသဖြင့် အောင်မြင်အောင်မွေးမြူကြစေလို၊ မွေးမြူရေးနှင့် ပတ်သက်၍လည်း အထွက်နှုန်းကောင်းမွန်သည့် မျိုးများကိုစနစ်တကျ မွေးမြူခြင်းဖြင့် ပိုမိုအကျိုးဖြစ်ထွန်းစေ၊ ငါးမွေးမြူရေးနှင့်ပတ်သက်၍လည်း အောင်မြင်အောင် ဆောင်ရွက်ကြစေလို၊ မွေးမြူရေး ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်**

စက်သုံးဆီနှင့်ပတ်သက်၍လည်း နှစ်စဉ်တင်သွင်းအသုံးပြုနေရသဖြင့် နိုင်ငံခြားငွေလိုအပ်ချက်များ ကန့်သတ်ချက်ဖြစ်ပေါ်လျက်ရှိကြောင်း၊ စက်သုံးဆီများလျှော့ချနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားသုံးအများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်၍မရဘဲ အချိန်ယူဆောင်ရွက်ရကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင်လည်း လောင်စာနှင့် ဓာတ်ငွေ့များအသုံးပြုခြင်းထက် နေရောင်ခြည်စွမ်းအင်သုံးနှင့် လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးများကိုလည်း မီးအားအသုံးပြုမှု သက်သာသည့် LED မီးများကို ပြောင်းလဲတပ်ဆင်အသုံးပြုရန်လိုကြောင်း၊ ယခင်အစိုးရသက်တမ်းတွင် ရေအားလျှပ်စစ်စီမံကိန်းများ ကြန့်ကြာမှုများဖြစ်ပေါ်ခဲ့သဖြင့် နိုင်ငံအတွက် ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရေအားလျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားများ ထုတ်ယူနိုင်ရေးအတွက်လည်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများတွင်လည်း နျူကလီးယားစွမ်းအင်အသုံးပြုနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း။

### စိုက်ပျိုးမွေးမြူရေးအခြေခံသည့် ကုန်ထုတ်လုပ်မှု

ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ကုန်ကြမ်း၊ စွမ်းအင်၊ အရင်းအနှီးနှင့် လူစွမ်းအား အရင်းအမြစ်များ လိုအပ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ဒေသတွင်းမှ ထွက်ရှိသည့်ကုန်ကြမ်းများဖြင့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ ပြည်ပပို့ကုန်များမှရရှိသည့် နိုင်ငံခြားငွေများဖြင့် လိုအပ်သည့်ကုန်ကြမ်းများကို ပြည်ပမှ တင်သွင်းခွင့်ပေးရန်အတွက် ထည့်သွင်းစဉ်းစားပေးမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းများရရှိရေးအတွက် ရင်းနှီးမြှုပ်နှံငွေများရရှိရေးကို နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဓာတ်မြေဩဇာများရရှိရေး နိုင်ငံတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဇီဝမြေဩဇာများကိုလည်း စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးချ၍ရကြောင်း၊ သဘာဝမြေဩဇာများ အသုံးပြုခြင်းကြောင့် ဓာတုဗေဒကင်းစင်မှုရှိပြီး သဘာဝမြေဩဇာများရရှိရေးအတွက် မွေးမြူရေးနှင့် စိုက်ပျိုးရေးထုတ်ကုန်များကို ပိုမိုအားပေးဆောင်ရွက်ကြရန်လိုကြောင်း။

မွေးမြူရေးလုပ်ငန်းတွင် ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးမွေးမြူရေးလုပ်ငန်းများရှိကြောင်း၊ ဘဲမွေးမြူရေးလုပ်ငန်းသည် မိမိတို့နိုင်ငံတွင် ပိုမိုကျယ်ပြန့်သည်ကိုတွေ့ရသဖြင့် အောင်မြင်အောင်မွေးမြူကြစေလိုကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍လည်း အထွက်နှုန်းကောင်းမွန်သည့် မျိုးများကိုစနစ်တကျမွေးမြူခြင်းဖြင့် ပိုမိုအကျိုးဖြစ်ထွန်းစေကြောင်း၊ ငါးမွေးမြူရေးနှင့်ပတ်သက်၍လည်း အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ မွေးမြူရေးထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်၍ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ကြောင်း၊ တိရစ္ဆာန်အစာအတွက် လိုအပ်သည့် ကုန်ကြမ်းများမှာ မိမိတို့နိုင်ငံတွင် လုံလောက်စွာရှိပြီးဖြစ်ပြီး ပြည်တွင်းမှ ထုတ်လုပ်သည့် အစာများဖြင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းတွင် နွေစပါးနှင့် ပဲတီစိမ်းစိုက်ပျိုးရေးအတွက် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေများမှ ရင်းနှီးမတည်ငွေများထုတ်ပေးခဲ့ကြောင်း၊ နောင်နှစ်များတွင် အခြားစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ရင်းနှီးမတည်ငွေများ ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပိုမိုအောင်မြင် ဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလိုကြောင်း။

ထုတ်ကုန်ပစ္စည်းများ ရောင်းချရေးနှင့်ပတ်သက်၍ အတတ်နိုင်ဆုံး အမြတ်နည်းနည်းဖြင့် များများရောင်းချနိုင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်မည်ဆိုပါက ဈေးကွက်လည်ပတ်မှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ မိမိ၏ မူဝါဒမှာ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက ပစ္စည်းပိုမိုကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ဈေးကွက်ကိုရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝင်ငွေပိုမိုရရှိရေး များများရောင်းနိုင်ရန်လိုကြောင်း၊ နိုင်ငံတကာနှင့် ကုန်သွယ်မှုများ ဆောင်ရွက်နိုင်ရန်အတွက်လည်း နိုင်ငံအလိုက် စီးပွားရေးသံမှူးများ ခန့်အပ်ဆောင်ရွက်လျက်ရှိကြောင်း။

စားရေးနှင့် ဝတ်ရေးသည် လူတစ်ဦးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် စားရေးနှင့်ဝတ်ရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့်ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့ နိုင်ငံတွင် ထုတ်လုပ်မှုထက် ဝန်ဆောင်မှုလုပ်ငန်းများသည် ပိုမိုများပြားကြောင်း၊ ထုတ်လုပ်မှု ပမာဏများပြားမှသာ ဝယ်လိုအားနှင့် ရောင်းလိုအားကို မျှတစေမည်ဖြစ်ပြီး ပြည်ပသို့ ကုန်ပစ္စည်းများ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရန်အတွက် ယခုတွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများသည် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်နေသူများဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုကို ဦးစားပေးဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

အခွန်ကောက်ခံမှုနှင့်ပတ်သက်၍ နိုင်ငံတကာနှင့် အာဆီယံထက် မိမိတို့နိုင်ငံသည် နှုန်းထားအသက်သာဆုံးဖြစ်ကြောင်း၊ အစိုးရအနေဖြင့် အခွန်ပေါ်တွင်မှုတည်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာထက် အခွန်နှုန်းများ များပြားနေသည်များရှိပါက သတင်းပို့ဆောင်ရွက်ကြစေလိုကြောင်း၊ အခွန်တိမ်းရှောင်သူများ မရှိစေရန်လည်း ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး အခွန်များကိုလည်း မှန်မှန်ကန်ကန် ပေးဆောင်စေလိုကြောင်း၊ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များ၏ လှူပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ မြန်မာ့ရိုးရာလက်မှုထုတ်ကုန်များ၊ ကျောက်မျက်ရတနာထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများစသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် တာဝန်ခံများက လိုက်လံရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်


**✻ အခွန်ကောက်ခံမှုနှင့်ပတ်သက်၍ နိုင်ငံတကာနှင့် အာဆီယံထက် မိမိတို့နိုင်ငံသည် နှုန်းထားအသက်သာဆုံးဖြစ်၊ အစိုးရအနေဖြင့် အခွန်ပေါ်တွင်မူတည်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရခြင်းဖြစ်၊ နိုင်ငံတကာထက် အခွန်နှုန်းများ များပြားနေသည်များရှိပါက သတင်းပို့ဆောင်ရွက်ကြစေလို၊ အခွန် တိမ်းရှောင်သူများ မရှိစေရန်လည်း ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး အခွန်များကိုလည်း မှန်မှန်ကန်ကန် ပေးဆောင်စေလို**

# KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်းချက်များ၊ ရာဇသတ်ကြီး ပြဋ္ဌာန်းချက်ပါများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေများကို ချိုးဖောက်ခြင်းဖြစ်၍ တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်

**နေပြည်တော်  အောက်တိုဘာ ၃**

အမျိုးသားလေကြောင်းလိုင်း(MNA)မှ လေယာဉ်အမှတ် XY–AML ၊ လေယာဉ်အမျိုးအစား ATR–72(600) သည် ခရီးသည် ၆၃ ဦးတင်ဆောင်၍ လွိုင်ကော်လေဆိပ် သို့ စက်တင်ဘာ ၃၀ ရက် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်၌ ဆင်းသက်ရန် လေယာဉ်ဆင်းသက်ခြင်းလုပ်ငန်းစဉ်များအတိုင်း လေယာဉ်ကွင်းသို့ ချဉ်းကပ်ပျံသန်းစဉ် KNPP နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လူမဆန်စွာ ရက်စက်ရိုင်းစိုင်းယုတ်မာစွာဖြင့် လက်နက်(စိစစ်ဆဲ)ဖြင့် ပစ်ခတ်ခဲ့ရာ လေယာဉ်၏ ဘယ်ဘက်ဝမ်းဗိုက်အား ထိမှန်ခဲ့ပြီး လေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်တစ်ဦး၏ ညာဘက်ပါးတွင် ကျည်ထိမှန်ဖောက်ဝင် ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် တည်ဆဲဥပဒေများအပေါ် မျက်ဝါးထင်ထင်ချိုးဖောက်ကျူးလွန်ခဲ့သော်လည်း ၎င်းတို့၏ ကျူးလွန်မှုများကို ဖုံးဖိနိုင်ရေး လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ကြေညာချက်များထုတ်ပြန်၍ လိမ်လည်ဖုံးကွယ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။ ယင်းသို့ လိမ်လည်ဖုံးကွယ်လျက်ရှိသော်လည်း KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ပတ်သက်ဆက်နွယ်သော အဖွဲ့အစည်းများက ပြည်တွင်းလေကြောင်းလိုင်း ပြေးဆွဲမှုများအပေါ် တိုက်ရိုက် ခြိမ်းခြောက်သည့် ထုတ်ပြန်ချက်များကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်တွင် ထုတ်ပြန်ထားကြောင်းကိုလည်း အထောက်အထားများအရ တွေ့ရှိရသည်။



**Karenni Nationalities Defence Force**

ကရင်နီအမျိုးသားများကာကွယ်ရေးတပ်

**လေကြောင်းဖြင့် ခရီးသွားလာခြင်းမပြုရန် အသိပေးခြင်း**

နေ့စွဲ။ ။၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ(၃) ရက်နေ့။

အကြမ်းဖက်စစ်ကောင်စီမှ နိုင်ငံတော် အချုပ်အခြာ အာဏာကို လက်နက်အားကိုး အကြမ်းဖက်သိမ်းယူလိုက်သည့် ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ နိုင်ငံဘဏ္ဍာငွေနှင့် ဘဏ္ဍာငွေ ဝင်သည့် အရင်းအမြစ်များဖြစ်သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အားလုံးကို အကြမ်းဖက်စစ်အုပ်စုမှ ထိန်းချုပ်လိုက်ပြီးဖြစ်ပါသည်။ ထို့အပြင် အကြမ်းဖက်စစ်အုပ်စုသည် ထိုစီးပွားရေး လုပ်ငန်းများမှရရှိသော ဘဏ္ဍာ ငွေများကို အသုံးပြု၍ စစ်ဗျူရိုကရက်ယန္တရားကို လည်ပတ်စေပြီး ပြည်သူလူထုကိုဖိနှိပ်ခြင်းနှင့် တော်လှန်ရေးအင်အားစုများကို တိုက်ခိုက်ဖြိုခွင်းခြင်းများကို လုပ်ဆောင်လျက်ရှိပါသည်။

မြန်မာ့အမျိုးသားလေကြောင်းလိုင်းသည် နိုင်ငံပိုင် လေကြောင်းလိုင်းဖြစ်ရာ အဆိုပါ လေကြောင်းလိုင်း မှ အကြမ်းဖက်စစ်အုပ်စုများသည် ဝင်ငွေများရရှိလျက်ရှိပါသည်။ ထို့အပြင် မြန်မာ့ အမျိုးသားလေကြောင်းလိုင်းသည် လွိုင်ကော်မြို့သို့ ပျံသန်းလျက်ရှိပြီး ထိုခရီးစဉ်များတွင် ကရင်နီပြည်မှ ပြည်သူများ စီးနင်းလိုက်ပါလျက်ရှိပါသည်။ ထို့အပြင် စစ်ရေးဘက်တွင်လည်း အကြမ်းဖက် စစ်ကောင်စီသည် ကရင်နီပြည်အတွင်းသို့ တပ်အင်းအားများ၊ လက်နက်ရိက္ခာများကို ခရီးသည်တင် လေယာဉ်များဖြင့် သယ်ယူပို့ဆောင်လျက်ရှိသည်။

**ထို့ကြောင့် မြန်မာ့အမျိုးသားလေကြောင်းလိုင်းမှ အကြမ်းဖက်စစ်ကောင်စီ ဝင်ငွေရသည့် အပြင် စစ်ရေးအရ အသုံးပြုသည့် လေကြောင်းလိုင်းဖြစ်သည့်အလျောက် ပြည်သူများလိုက်ပါစီးနင်းခြင်းမပြုရန် အသိပေးတိုက်တွန်းအပ်ပါသည်။ ထို့အပြင် လွိုင်ကော်လေဆိပ်တွင်လည်း အကြမ်းဖက်စစ်ကောင်စီ၏ စစ်လေယာဉ်များဆင်းသက်လျက်ရှိရာ ပြည်သူလူထုအနေဖြင့် လုံခြုံရေးအသိဖြင့် လေကြောင်းဖြင့် ခရီးမထွက်ရန် အထူးတိုက်တွန်းအပ်ပါသည်။**

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈၊ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။

အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၉ တွင် မည်သူမဆို လေယာဉ် ဝန်ဆောင်မှုပေးချိန်တွင် လေယာဉ်ပေါ်တွင် လေယာဉ်ဘေးကင်းလုံခြုံမှုကို အန္တရာယ် ဖြစ်စေရန် လေယာဉ်ပေါ်ရှိသူ တစ်ဦးဦးကို အတင်းအဓမ္မပြုလုပ်မှု၊ လေယာဉ်ကို ပျက်စီးစေရန် သော်လည်းကောင်း၊ လေယာဉ်ကိုပျံသန်းခြင်းမပြုနိုင်စေရန်သော် လည်းကောင်း၊ လေယာဉ်ပျံသန်းစဉ် ဘေးအန္တရာယ်ဖြစ်စေရန်သော် လည်းကောင်း၊ ဝန်ဆောင်မှုပေးနေသည့် လေယာဉ်ကိုပျက်စီးမှု၊ ထိခိုက်ပျက်စီးစေမှု သို့မဟုတ် လေယာဉ်ပျက်စီးစေနိုင်သည့် ပစ္စည်းကိရိယာ သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို လေယာဉ်ပေါ်၌ ချထားမှု သို့မဟုတ် ထားရှိစေမှု၊ လေယာဉ်ပျံသန်းစဉ် ဘေးအန္တရာယ်ဖြစ်စေရန် လေကြောင်း လမ်းညွှန်ဆိုင်ရာ အဆောက်အအုံစနစ်များနှင့် ဆက်သွယ်ရေးအသုံးအဆောင်ပစ္စည်းများကို ပျက်စီးမှု၊ ထိခိုက်ပျက်စီးစေမှု သို့မဟုတ် လေကြောင်းလမ်းညွှန် ဆောင်ရွက်မှုကို ဝင်ရောက်နှောင့်ယှက်မှု၊ လေယာဉ်ပျံသန်းမှုအား ဘေးအန္တရာယ်ဖြစ်စေရန် မမှန်ကန်သော သတင်းအချက်အလက်များကို သိလျက်နှင့် ဆက်သွယ်ပေးပို့မှုတို့ကို ကျူးလွန်လျှင် မြို့ပြလေကြောင်းပျံသန်းရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ပြစ်မှုမြောက်ကြောင်း ဖော်ပြပါရှိသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၉ အရ အထက်ဖော်ပြပါ ဥပဒေပုဒ်မ ၉ ပါ မြို့ပြလေကြောင်းပျံသန်းရေးအား ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ပြစ်မှုတစ်စုံတစ်ခုကို ကျူးလွန်ပြုလုပ်မိပါက အနည်းဆုံး ထောင်ဒဏ် (၁၀)နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်အထိ ဖြစ်စေ၊ သေဒဏ်အထိဖြစ်စေ ချမှတ်နိုင်ကြောင်း ဖော်ပြပါရှိသည်။ ပုဒ်မ ၄၉ တွင် အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်ရာ၌ သူတစ်ဦးဦးကို ဖြစ်စေ၊ အများကိုဖြစ်စေ သေစေလျှင် သို့မဟုတ် အပြင်းအထန်နာကျင်စေလျှင် ကျူးလွန်သူကို အနည်းဆုံး ထောင်ဒဏ် (၁၀)နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ဖြစ်စေ၊ သေဒဏ်အထိဖြစ်စေ ချမှတ်ရမည်ဟု ဖော်ပြပါရှိသည်။ ထို့အပြင် နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ဖြစ်သော ရာဇသတ်ကြီးဥပဒေတွင်လည်း လူကို သေစေခြင်း သို့မဟုတ် နာကျင်စေခြင်း၊ ပစ္စည်းကိုထိခိုက်နစ်နာစေခြင်း၊ ပျက်စီးစေခြင်း၊ ပျက်စီးခြင်းတို့အား ပြုလုပ်ပါက ကျူးလွန်မှုအပေါ် မူတည်၍ ထိရောက်ပြင်းထန်သော ပြစ်ဒဏ်သတ်မှတ်ချက်များ ပြဋ္ဌာန်းပါရှိသည်။

ထို့ကြောင့် KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် လေယာဉ်ဝန်ဆောင်မှုပေးနေချိန်တွင် ၎င်းတို့၏ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် လေယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည်၏ မျက်နှာအား ထိမှန်ဒဏ်ရာ ရရှိစေခြင်းသည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၉ နှင့် ပုဒ်မ ၄၉ ကို ကျူးလွန်ခြင်းသာမက ပုဒ်မ ၅၄ ကိုလည်း ကျူးလွန်ရာရောက်ကြောင်း တွေ့ရှိရသည်။

ထို့ပြင် KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် စစ်ရေးပစ်မှတ် မသက်ဆိုင်သည့် အရပ်ဘက်ပစ်မှတ်များနှင့် အရပ်သားပြည်သူများအား ထိုကဲ့သို့ အကြမ်းဖက်ပစ်ခတ်တိုက်ခိုင်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရလည်း စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်သည်။

ဂျီနီဗာကွန်ဗင်းရှင်း (၄) ရပ် (Four Geneva Convention) ကို အခြေခံသော လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေ (Law Of Aumed Conflict) သို့မဟုတ် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ (International Humanitarian Law) တွင် မည်သည့်လက်နက်ကိုင်ပဋိပက္ခမျိုး (နိုင်ငံတကာလက်နက်ကိုင်ပဋိပက္ခ/ နိုင်ငံတကာအရေးအခင်းမဟုတ်သော လက်နက်ကိုင်ပဋိပက္ခ) တွင် အရပ်သားများနှင့် အရပ်ဘက်ပစ္စည်းများကို စစ်ရေးပစ်မှတ်အဖြစ် တိုက်ခိုက်ခြင်းမပြုရန် ပြဋ္ဌာန်းထားရှိသည်။

အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဓလေ့ထုံးတမ်းဥပဒေ စည်းမျဉ်းများတွင်လည်း (နိုင်ငံတကာပဋိပက္ခ/ နိုင်ငံတကာမဟုတ်သော ပဋိပက္ခ) အရပ်သားများနှင့် တိုက်ပွဲဝင်စစ်သည်များအကြား ခွဲခြားခြင်းနှင့်ပတ်သက်၍ စည်းမျဉ်း ၁ အဖြစ် ပဋိပက္ခတွင် ပါဝင်သည့်အဖွဲ့များသည် အရပ်သားများနှင့် တိုက်ပွဲဝင်စစ်သည်များအကြား အမြဲတစေခွဲခြားရမည်။ တိုက်ပွဲဝင်စစ်သည်များကိုသာ ဦးတည်တိုက်ခိုက်ရမည်။ အရပ်သားများကို ဦးတည်တိုက်ခိုက်ခြင်းမပြုရဟူ၍ လည်းကောင်း၊ စည်းမျဉ်း ၂ တွင် အရပ်သားလူထုအကြား အထိတ်တလန့်ဖြစ်စေရန် အဓိကရည်ရွယ်လုပ်ဆောင်သည့် အကြမ်းဖက်လုပ်ရပ်များနှင့် ခြိမ်းခြောက်မှုများအား တားမြစ်ကြောင်းဟူ၍လည်းကောင်း ဖော်ပြပါရှိသည်။ အရပ်ဘက်အဆောက်အအုံများနှင့် စစ်ရေးဆိုင်ရာရည်မှန်းချက်များအကြား ခွဲခြားခြင်းနှင့်ပတ်သက်၍ စည်းမျဉ်း ၇ အဖြစ် ပဋိပက္ခတွင်ပါဝင်သော အဖွဲ့များသည် အရပ်ဘက်အဆောက်အအုံများနှင့် စစ်ရေးဆိုင်ရာ ရည်မှန်းချက်များအကြား အမြဲတစေခွဲခြားရမည်၊ စစ်ရေးဆိုင်ရာရည်မှန်းချက်ကိုသာလျှင် ဦးတည်တိုက်ခိုက်ရမည်၊ အရပ်ဘက်အဆောက်အအုံများကို ဦးတည်တိုက်ခိုက်ခြင်းမပြုရဟု ဖော်ပြထားပြီး စည်းမျဉ်း ၁၁ တွင်လည်း တိကျသော စစ်ရေးဆိုင်ရာ ရည်မှန်းချက်ကို ဦးတည်တိုက်ခိုက်ခြင်းမရှိ ခွဲခြားခြင်းမရှိဘဲ သိမ်းကျုံးတိုက်ခိုက်ခြင်း (Indiscriminate attacks)အား တားမြစ်ထားကြောင်း ဖော်ပြပါရှိသည်။

KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ အရပ်ဘက်ဆိုင်ရာ လေယာဉ်၊ ပစ္စည်းများနှင့် အရပ်သားများကို ထိခိုက်အောင် တိုက်ခိုက်ခြင်းသည် အထက်ပါ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ဂျီနီဗာကွန်ဗင်းရှင်း ၄ ရပ်ကို အခြေခံသော လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေ (Law Of Armed Conflict) သို့မဟုတ် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ (International Humanitarian Law) အရလည်းကောင်း ကြီးလေးသော ပြစ်မှုများကို ချိုးဖောက်ကျူးလွန်ခဲ့ခြင်းဖြစ်ပြီး အဆိုပါကျူးလွန်ခဲ့သူများကို နိုင်ငံတော်၏ တည်ဆဲဥပဒေများအရ ထိရောက်ပြင်းထန်စွာ အရေးယူနိုင်ရေး လိုအပ်သလို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

○ *ကျောဖုံးမှ*

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယ ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ယနေ့ ကျင်းပသည့် အစည်းအဝေးကို "နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ" ၏ တတိယအကြိမ်အစည်းအဝေးတွင် ဗဟိုကော်မတီပထမအကြိမ်နှင့် ဒုတိယအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများ ရှင်းလင်းတင်ပြပေးနိုင်ရေးနှင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း။

ဗဟိုကော်မတီအစည်းအဝေးများ ကျင်းပဆောင်ရွက်ပြီး ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းကဏ္ဍများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ခဲ့သည့် ရလဒ်များအဖြစ် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှု အစီအစဉ် (Integrated Coastal Management–ICM) ဖော်ထုတ်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းနိုင်ခဲ့မှု၊ ပင်လယ်ပြင်ညစ်ညမ်းမှု ထိန်းချုပ်ရေးဥပဒေ အပြီးသတ်ရေးသားနိုင်ခဲ့မှု၊ အဏ္ဏဝါဂေဟစနစ် တန်ဖိုးမြင့်မားပြီး ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝသည့်နေရာများကို ငါးမဖမ်းရနယ်မြေများ သတ်မှတ်နိုင်ခဲ့မှု၊ ပင်လယ်ကမ်းရိုးတန်းဒေသတိုင်းဒေသကြီး၊ ပြည်နယ်များ၌ ဒီရေတောများ၊ ကြိုးဝိုင်း–ကြိုးပြင်ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့မှု၊ ကိုကိုးကျွန်းအပါအဝင် ကမ်းရိုးတန်းမြို့နယ် ၆၀ ၌ ဒီရေတောနှင့် အရိပ်ရပင်တစ်အုပ်တစ်မ စိုက်ခင်းများ တည်ထောင်စိုက်ပျိုးနိုင်ခဲ့မှု၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)၏ ဦးဆောင်ကြီးကြပ်မှုနှင့် ပင်လယ်ပြင်ဥပဒေစိုးမိုးရေး မြှင့်တင်ဆောင်ရွက်နိုင်ခဲ့မှုစသည်တို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့ပင်လယ်ကမ်းရိုးတန်းသယံဇာတများသည် နိုင်ငံရေရှည်ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများစွာ ဖန်တီးပေးနိုင်သည့် သဘာဝသယံဇာတများအဖြစ် ရှုမြင်ပြီး သားစဉ်မြေးဆက် ရေရှည်ထိန်းသိမ်းအသုံးပြုနိုင်အောင် စီမံအုပ်ချုပ်ရန် ရည်မှန်းထားရှိကြောင်း၊ ထိုသို့ စီမံအုပ်ချုပ်သည့်အခါ ကမ္ဘာ့နိုင်ငံများနှင့် ဒေသတွင်း မိတ်ဖက်နိုင်ငံများ ဖော်ထုတ်ဆောင်ရွက်နေသည့် စီးပွားရေးနှင့် ပတ်ဝန်းကျင်ရေးရာ လုပ်ငန်းနယ်ပယ်များ၏ ဖွံ့ဖြိုးရေးမူဝါဒများ၊ သဘောတရားများနှင့်လည်း ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားကြရမည်ဖြစ်ကြောင်း။

**အပြာရောင်စီးပွားရေး သဘောတရားများဖော်ထုတ်**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ၂၀၃၀ ပြည့်နှစ် ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်မှန်းချက် (၁၇)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ကမ္ဘာ့နိုင်ငံများက အပြာရောင်စီးပွားရေး (Blue Economy) သဘောတရားများ ဖော်ထုတ်ဆောင်ရွက်လာခဲ့ပြီး ဒေသတွင်းမိတ်ဖက်နိုင်ငံများ၌လည်း အကောင်အထည်ဖော် ဆောင်ရွက်လာကြသည်ကို လေ့လာတွေ့ရှိရကြောင်း။

အပြာရောင်စီးပွားရေး၏ ဆိုလိုရင်းမှာ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့်အတူ ပင်လယ်၊ သမုဒ္ဒရာသယံဇာတများကို အသုံးချရေးနှင့် ထိန်းသိမ်းရေးကို ဟန်ချက်ညီစွာ ဆောင်ရွက်ပေးပြီး လူမှုစီးပွားဖွံ့ဖြိုး

❖ **အပြာရောင်စီးပွားရေးကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများကို ဖော်ထုတ်ဆောင်ရွက်ရာတွင် စီးပွားရေးဆိုင်ရာအခွင့်အလမ်းများကိုသာ ဦးတည်ခြင်းမျိုးမဟုတ်ဘဲ ဖြေရှင်းဆောင်ရွက်ရမည့်စိန်ခေါ်မှုများကို ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်နိုင်မည့် မူဝါဒများ ပေါ်ထွက်လာစေရေး အလေးထားလေ့လာဆောင်ရွက်သွားကြရမည်**

❖ **မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းအခြေပြု ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အပြာရောင်စီးပွားရေးဆိုင်ရာမူဝါဒများ ဖော်ထုတ်ချမှတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်အခြေခံကောင်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းတည်ထောင်လျက်ရှိ**

တိုးတက်မှုနှင့် ကြွယ်ဝချမ်းသာမှုများ ရရှိရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် စီမံအုပ်ချုပ်သည့် စနစ်တစ်ရပ်ဖြစ်ကြောင်း။

အပြာရောင်စီးပွားရေး၏ အခြေခံသဘောတရား (၂)ရပ်မှာ သဘာဝသယံဇာတများကို ကာကွယ်ခြင်း၊ ပြန်လည်တည်ထောင်ခြင်းနှင့် ပင်လယ်၊ သမုဒ္ဒရာနှင့် ကမ်းရိုးတန်းများတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးနိုင်သော စီးပွားရေးလုပ်ငန်းများ၊ အခွင့်အလမ်းများအားလုံးကို စနစ်တကျအသုံးချခြင်းတို့ ရရှိအောင် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း။

**အဏ္ဏဝါဂေဟစနစ်များစုံလင်စွာတည်ရှိ**

မြန်မာနိုင်ငံ၏ အပြာရောင်စီးပွားရေးဖော်ထုတ်နိုင်မည့် အလားအလာကို သုံးသပ်ရလျှင် နိုင်ငံ၏ ကမ်းရိုးတန်းသည် ကီလိုမီတာ ၂၈၀၀ ကျော် ရှည်လျားပြီး ဘင်္ဂလားပင်လယ်အော်ဒေသ ဂေဟစနစ်တစ်ခုလုံး၏ ၅ပုံ ၁ပုံကို ပိုင်ဆိုင်ထားခြင်း၊ သဲသောင်ကမ်းခြေဂေဟစနစ်၊ ဒီရေတောဂေဟစနစ်၊ သန္တာကျောက်တန်းဂေဟစနစ်၊ ပင်လယ်မြက်ခင်းဂေဟစနစ်စသည့် ကမ်းရိုးတန်းနှင့် အဏ္ဏဝါဂေဟစနစ်များစုံလင်စွာ တည်ရှိခြင်း၊ ရေထွက်ကုန်အမျိုးမျိုးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုး ထုတ်ယူအသုံးပြုနိုင်သည့် အခြေအနေရှိခြင်း၊ ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများဆောင်ရွက်နိုင်ခြင်း၊ ပုလဲထုတ်ယူခြင်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့များ ရေရှည်ထုတ်ယူနိုင်မည့် အလားအလာကောင်းများရှိခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေလမ်းကြောင်းအတွက် အချက်အချာကျပြီး နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းများနှင့် အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးနိုင်ခြေရှိခြင်း၊ လေစွမ်းအင်ကဲ့သို့ ကမ်းရိုးတန်းအခြေပြု ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးနိုင်ခြင်း၊ ဒီရေတောနှင့် ပင်လယ်သမုဒ္ဒရာက ထိန်းသိမ်းထားသည့် အပြာရောင်ကာဗွန်သိုလှောင်နိုင်မှုရှိခြင်း၊ သဘာဝအတိုင်း တည်ရှိနေသည့် ကမ်းခြေနှင့်ကျွန်းများရှိ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးနိုင်ခြင်း၊ ကမ်းရိုးတန်းနေ တိုင်းရင်းသားများ၏ စုံလင်သည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း စသည့် သဘာဝတရား၏ အခွင့်အလမ်းများစွာကို စနစ်တကျနှင့် ဖော်ထုတ်အသုံးပြုသွားကြရမည်ဖြစ်ကြောင်း။

အပြာရောင်စီးပွားရေးသည် အခွင့်အလမ်းများစွာရှိသကဲ့သို့ စိန်ခေါ်မှုများအနေဖြင့် မြန်မာနိုင်ငံ၏ အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ၊ သန္တာကျောက်တန်းများ၊ ဒီရေတောများ၊ ပင်လယ်မြက်ခင်းများ၊ ငါးပုစွန်ရေထွက်သယံဇာတများ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့နေရသည့်အပေါ် ဖြေရှင်းဆောင်ရွက်ရန်၊ ၎င်းတို့၏ အကျိုးဆက်အနေဖြင့် အစားအစာလုံခြုံစိတ်ချမှုများ လျော့ပါးလာခြင်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လျော့နည်းလာခြင်းကို ဖြေရှင်းဆောင်ရွက်ရန်၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များ ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ စိန်ခေါ်မှုများကို လျှော့ချနိုင်ရန်၊ ပင်လယ်အတွင်း ပလတ်စတစ်အမှိုက်များ၊ e–waste များ၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ စသည့် အမှိုက်စွန့်ပစ်မှုများ ထိန်းချုပ်ရန် စသည့် လက်ရှိစိန်ခေါ်မှုများကို ထိထိရောက်ရောက် အလေးထား ဖြေရှင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**အာရှဗဟိုဆုံချက်အဖြစ် တည်ရှိနေ**

မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (Belt and Road Initiative) နိုင်ငံများစာရင်းတွင်ပါဝင်ပြီး ၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမနှင့် ပိုးလမ်းမစီးပွားရေး ရပ်ဝန်းသစ်တွင် ပထဝီဝင်မဟာဗျူဟာအရလည်းကောင်း၊ ပထဝီဝင်စီးပွားရေးအရ လည်းကောင်း အလွန်အရေးပါသည့် နိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် ပင်လယ်ရေကြောင်း ပိုးလမ်းမ၏ အဓိကစီးပွားရေးစင်္ကြံခြောက်ခုအနက် ဘင်္ဂလားဒေ့ရှ်–တရုတ် – အိန္ဒိယ – မြန်မာ စီးပွားရေးစင်္ကြံအတွင်း ကျရောက်လျက်ရှိပြီး တောင်အာရှနှင့်အရှေ့တောင်အာရှဗဟိုဆုံချက်အဖြစ် တည်ရှိနေကြောင်း။

အိန္ဒိယသမုဒ္ဒရာနှင့် တရုတ်နိုင်ငံ၏ ကုန်းတွင်းပိတ် ပြည်နယ်များအကြား ပင်လယ်ထွက်ပေါက်အဖြစ် တည်ရှိခြင်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းကို အသုံးပြုခြင်းဖြင့် တရုတ်နိုင်ငံမှ တောင်အာရှ–အနောက်အာရှ၊ အာဖရိကနှင့် ဥရောပနိုင်ငံများနှင့် ရေကြောင်းဆက်သွယ်မှု အကွာအဝေးကီလိုမီတာ ၅၀၀၀ ခန့် လျှော့ချပေးနိုင်ခြင်းတို့အပြင် အိန္ဒိယနိုင်ငံနှင့် ပင်လယ်ထွက်ကုန်အပါအဝင် ကုန်စည်ပို့ဆောင်ရေးအတွက်ပါ မြန်မာ့ကမ်းရိုးတန်းရှိ ဆိပ်ကမ်းများက အလွန်အရေးပါလျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ စီးပွားရေး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပင်လယ်ကမ်းရိုးတန်း သယံဇာတများကို အမြော်အမြင်ကြီးစွာ စီမံအုပ်ချုပ်နိုင်ရေး သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများက ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ကြောင်း။

အပြာရောင်စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများကို ဖော်ထုတ်ဆောင်ရွက်ရာတွင် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကိုသာ ဦးတည်ခြင်းမျိုးမဟုတ်ဘဲ ဖြေရှင်းဆောင်ရွက်ရမည့် စိန်ခေါ်မှုများကို ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်နိုင်မည့် မူဝါဒများ ပေါ်ထွက်လာစေရေး အလေးထားလေ့လာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းအခြေပြု ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အပြာရောင်စီးပွားရေးဆိုင်ရာမူဝါဒများ ဖော်ထုတ်ချမှတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံကောင်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းတည်ထောင်လျက်ရှိကြောင်း။

ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်ရေး လုပ်ငန်းများတွင် အသုံးပြုသူများနှင့် တည်ထောင်သူများအကြား ထိထိရောက်ရောက် ညှိနှိုင်းပေါင်းစပ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန် "နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ" "လုပ်ငန်းကော်မတီ" "ပင်လယ်ကမ်းရိုးတန်းဒေသတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများ"နှင့် ခရိုင်အဆင့်ကော်မတီများကို ဖွဲ့စည်းပြီးဖြစ်၍ ညှိနှိုင်းပေါင်းစပ်ရေးဆိုင်ရာ မဟာဗျူဟာမြောက် အခြေခံကောင်းများရှိနေပြီဖြစ်ကြောင်း၊ အပြာရောင်စီးပွားရေးဖွံ့ဖြိုးအောင် ဆောင်ရွက်ရာတွင် ပင်လယ်ကမ်းရိုးတန်း သယံဇာတ ဘက်စုံစီမံအုပ်ချုပ်ခြင်းအစီအစဉ်ကို ဖော်ထုတ်ချမှတ်အကောင်အထည်ဖော်ဆောင်ရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ICM အစီအစဉ်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ရေးဆွဲလျက်ရှိပြီး အတည်ပြုရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ICM အစီအစဉ်၏ အန္တိမရည်မှန်းချက်သည် "မြန်မာ့ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများကို နိုင်ငံ၏ သဘာဝအရင်းအမြစ်အဖြစ် တန်ဖိုးထားရမည်၊ အဆိုပါ သယံဇာတများကို အကျိုးဆက်စပ်ပတ်သက်သူအားလုံး၏ ပူးပေါင်းပါဝင်မှုဖြင့် ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးရည်ရွယ်ချက်များ ဟန်ချက်ညီမျှရေးမူ၊ သဘာဝနှင့် လူသားတို့ကြောင့် ထိခိုက်နိုင်မှုအပေါ် တုံ့ပြန်ကာကွယ်နိုင်စွမ်းကို မြှင့်တင်ရေးမူ၊ အားလုံးပါဝင်မှုဖြင့် လက်ရှိနှင့် အနာဂတ်မျိုးဆက်များအတွက် ရေရှည်ဖွံ့ဖြိုးရေးမူများကိုအခြေခံ၍ အကျိုးရှိစွာ အသုံးချနိုင်ရေး" တို့ဖြစ်ကြောင်း။

မြန်မာ့ ICM ကို စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း၊ အဖွဲ့အစည်းနှင့် အုပ်ချုပ်မှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပင်လယ်ကမ်းရိုးတန်းဂေဟစနစ်ကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်း၊ သုတေသနနှင့် ကြီးကြပ်စစ်ဆေးခြင်း၊ အားလုံးပါဝင်သော စီမံအုပ်ချုပ်ခြင်းနှင့် အကျိုးအမြတ်ခွဲဝေခံစားခြင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍနှင့် တာဝန်သိတာဝန်ခံသော စီးပွားရေးလုပ်ငန်းများချိတ်ဆက်၍ ဆောင်ရွက်ခြင်း စသည့် မဟာဗျူဟာလုပ်ငန်းစဉ်(၆)ရပ်အပေါ် အခြေပြုဆောင်ရွက်ရန် ရေးသားထားပြီးဖြစ်ကြောင်း။

**ICM ကို အတည်ပြုနိုင်တော့မည်**

သစ်တောဦးစီးဌာနနှင့်ပူးပေါင်း၍ ICM အစီအစဉ် ရေးသားပေးနေသည့် အပြည်ပြည်ဆိုင်ရာ သဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေးအဖွဲ့ ပညာရှင်က ICM ဆိုင်ရာ ဒေသတွင်းနိုင်ငံများ၏ နမူနာကောင်းများကို ၂၀၂၂ ခုနှစ် ဩဂုတ် ၂ ရက်တွင် ကျင်းပခဲ့သည့် လုပ်ငန်းကော်မတီ (ဒုတိယအကြိမ်) အစည်းအဝေးတွင် လေ့လာတင်ပြခဲ့ပြီးဖြစ်သကဲ့သို့ ICM အပေါ် ဗဟိုကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များက အကြံပြုထားသည့် အချက်များကို လေ့လာပြင်ဆင်နိုင်ရေးနှင့် အတည်ပြုရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည့်အတွက် မကြာမီ ICM ကို အတည်ပြုနိုင်တော့မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ICM အစီအစဉ် ပေါ်ထွက်လာစေခြင်းဖြင့် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများ ဘက်စုံစီမံအုပ်ချုပ်ရန်နှင့် အပြာရောင်စီးပွားရေးဖွံ့ဖြိုးစေရန် လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်မည့် အစီအမံများဆိုင်ရာ မဟာဗျူဟာမြောက် လမ်းညွှန်အဖြစ် ရည်ညွှန်းကိုးကား ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ပင်လယ်ကမ်းရိုးတန်း သယံဇာတများ စီမံအုပ်ချုပ်ခြင်းအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ပြဋ္ဌာန်းဆောင်ရွက်ပြီး ဖြစ်သကဲ့သို့ ခေတ်ကာလအလိုက် လိုအပ်သည့် ဥပဒေ၊ မူဝါဒအသစ်များကို ရေးဆွဲဖော်ထုတ်လျက်ရှိကြောင်း။

ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းဒေသ ဥပဒေစိုးမိုးရေးလုပ်ငန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)နှင့်အတူ သက်ဆိုင်ရာအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ခေတ်ကာလအရ နိုင်ငံတော်က တိုးမြှင့်ဆောင်ရွက်နိုင်သည့် အခြေအနေနှင့်အညီ ကမ်းခြေစောင့်တပ်ဖွဲ့ကဲ့သို့ အဖွဲ့အစည်းများ တိုးချဲ့ဖွဲ့စည်းပေးပြီး ဥပဒေစိုးမိုးရေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

မဟာဗျူဟာမြောက် အခြေခံကောင်းများကိုလည်း ဖော်ထုတ် ဆောင်ရွက်လျက်ရှိသည့်အတွက် အပြာရောင်စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးရေးကို အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရာ ရှည်လျားသည့် ကမ်းရိုးတန်းတစ်လျှောက်တွင် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများ ပေါကြွယ်ဝပြီး အဆိုပါ သယံဇာတများမှ နိုင်ငံ့စားနပ်ရိက္ခာဖူလုံရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အဓိကအခန်းကဏ္ဍမှ ပံ့ပိုးပေးလျက်ရှိကြောင်း။

**စီးပွားရေးအခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျဆင်းသွားသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်တိုးတက်ရေး အလေးပေးဆောင်ရွက်လျက်ရှိပြီး စီးပွားရေးဆိုင်ရာ ဦးတည်ချက်(၃) ရပ်နှင့်အညီ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတစီမံအုပ်ချုပ်ရေးနှင့် စီးပွားရေး အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေးကို ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများ ဖြစ်သည့်အတွက် ကျေးလက်ကိုအခြေခံ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်ပေးနိုင်မှသာ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာမှုနှင့်အတူ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာမည်ဖြစ်သည့်အတွက် ပင်လယ်ကမ်းရိုးတန်းဒေသနေ ကျေးလက်ပြည်သူများ၏ စိုက်ပျိုးမွေးမြူရေးဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ တိုးတက်ရေးကို အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ရေရှည် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များရရှိရေး**

မိမိတို့နိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံနိုင်ငံ့ခေါင်းဆောင်များ၏ အပြာရောင်စီးပွားရေးဆိုင်ရာ ကြေညာချက်ကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပခဲ့သည့် ၃၈ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးက ထုတ်ပြန်ခဲ့သည့် ကိုဗစ်-၁၉ ကာလအလွန် အာဆီယံဒေသတွင်း ပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ရန် နှိုးဆော်ထားရှိမှုကို ဒေသတွင်း ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် စီမံချက်များ ဖော်ထုတ် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။ ထိုသို့ စီမံဆောင်ရွက်ရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီညီ စီမံခန့်ခွဲမှုဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များရရှိရေး ဦးတည်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတ ကာကွယ်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများတွင် ဒေသတွင်း အစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများထိန်းသိမ်းရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဝန်ကြီးဌာနများအလိုက် ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေပြင်ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ဆဲ၊ ရှေ့ဆက်ဆောင်ရွက်သင့်သည့် အစီအမံများနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပင်လယ်ကမ်းရိုးတန်းဒေသဆိုင်ရာ အသိပညာပေးဗီဒီယိုကို ပြသသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး (ကိုယ်စား) သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်က ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# တရားမအထူးအယူခံမှု (၄)မှု စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု (၅)မှု ရုံးထိုင်ကြားနာ

**နေပြည်တော် အောက်တိုဘာ ၃**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးအောင်ဇော်သိန်း၊ ဦးတင်ဟုန်၊ ဦးသောင်းနိုင်၊ ဦးသိန်းကိုကို တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၂၁/၂၀၂၁(ရှမ်း)၊ ၂၂/၂၀၂၁ (ရှမ်း)၊ ၂၃/၂၀၂၁ (ရှမ်း)၊ ၂၄/၂၀၂၁ (ရှမ်း) စုစုပေါင်း တရားမအထူးအယူခံမှု(၄) မှုကို စီရင်ချက်ချမှတ်ခဲ့သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၁၀/၂၀၂၀ (မန္တလေး)၊ ၄/၂၀၂၂ (ရခိုင်)၊ ၂၅/၂၀၂၂ (ရန်ကုန်)၊ ၂၈/၂၀၂၂ (မန္တလေး)၊ ၂၉/၂၀၂၂ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု (၅) မှုကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၄၃) ကြိမ်မြောက် အာဆီယံဥပဒေပညာရှင်များအသင်း အုပ်ချုပ်မှုကောင်စီ အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃**

အာဆီယံ ဥပဒေပညာရှင်များအသင်း-အင်ဒိုနီးရှား (ALA-Indoneisa) က Hybrid စနစ်ဖြင့် အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင် လက်ခံကျင်းပသည့် (၄၃) ကြိမ်မြောက်အာဆီယံဥပဒေပညာရှင်များအသင်း အုပ်ချုပ်မှုကောင်စီ အစည်းအဝေးသို့ အာဆီယံဥပဒေပညာရှင်များအသင်း ဥက္ကဋ္ဌ စင်ကာပူနိုင်ငံ တရားသူကြီးချုပ် H.E. Sundaresh Menon နှင့် အာဆီယံ ဥပဒေပညာရှင်များအသင်း-အင်ဒိုနီးရှား၏ ဥက္ကဋ္ဌ တရားသူကြီးချုပ် H.E. Muhammad Syarifuddin တို့၏ ဖိတ်ကြားချက်အရ အာဆီယံဥပဒေပညာရှင်များ အသင်း (မြန်မာ) ဥက္ကဋ္ဌ၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Virtual စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက မြန်မာနိုင်ငံသည် အာဆီယံဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် အာဆီယံပဋိညာဉ်ကို လေးစားလိုက်နာလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည်အာဆီယံဥပဒေပညာရှင်များအသင်းတွင် ၂၀၁၂ ခုနှစ် ကတည်းက အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး အာဆီယံဥပဒေ ပညာရှင်များအသင်း(မြန်မာ)အနေဖြင့် အသင်း၏ လုပ်ဆောင်မှုများနှင့် အမျိုးမျိုးသော အစီအစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ဥပဒေရေးရာဝန်ကြီးဌာန အနေဖြင့်လည်း အာဆီယံဥပဒေ ပညာရှင်များအသင်း၏ ကော်မတီအလိုက် ဥပဒေရေးရာလုပ်ငန်းစဉ်များတွင် အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် အငြင်းပွားမှု ဖြေရှင်းခြင်းလုပ်ငန်းစဉ် Alternative Dispute Settlement Mechanism နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသည် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေအသစ်အား ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် တရားမကျင့်ထုံး ဥပဒေအား ပြင်ဆင်ခဲ့ပြီး တရားမမှုဆိုင်ရာ အငြင်းပွားမှုများကို စေ့စပ်ဖြေရှင်းခြင်း (Mediation) နည်းလမ်းဖြင့် တရားရုံးတွင်ဖြေရှင်းသည့် စနစ်ကို ဆောင်ရွက်လျက်ရှိပါကြောင်း။




ဆက်လက်၍ ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေဆိုင်ရာ အသိပညာဗဟုသုတများကို မျှဝေပေးရန် တာဝန်ရှိသည့်အလျောက် အများပြည်သူက ဥပဒေဆိုင်ရာ သတင်း အချက်အလက်များ လွယ်ကူစွာသိရှိနိုင်ရန် မြန်မာ့ဥပဒေ သတင်းအချက်အလက်စနစ် Myanmar Law Information System Website (MLIS) အား တည်ထောင်ထားရှိသာမက အစိုးရဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများမှ ဝန်ထမ်းများကို ဥပဒေရေးရာ အသိပညာများ သိရှိနားလည်နိုင်စေရန် ဥပဒေသင်တန်းများဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းသင်တန်းများတွင် အပြည်ပြည်ဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ ပြည်တွင်းဥပဒေ၊ တရားမဥပဒေ၊ စီးပွားရေး စာချုပ်စာတမ်းများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အစိုးရဝန်ထမ်းများ သိသင့်သိထိုက်သော အခြားဥပဒေရေးရာ အကြောင်းအရာများကို သင်ကြားပို့ချလျက်ရှိပါကြောင်း၊ ဆက်လက်၍ မြန်မာနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အာဆီယံ E-Commerce Agreement ကို အတည်ပြုပါဝင်ခဲ့ပြီး Digital Economy Road Map 2018-2025 ကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး E-commerce ဥပဒေ (မူကြမ်း)၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဥပဒေတို့ကို ရေးဆွဲလျက်ရှိပါကြောင်း၊ အာဆီယံဥပဒေ ပညာရှင်များအသင်းသည် ဥပဒေရေးရာ နယ်ပယ်အမျိုးမျိုးမှ ကျွမ်းကျင်ပညာရှင်များ စုဝေးရာနေရာဖြစ်ပြီး ဥပဒေဆိုင်ရာ အသိပညာဗဟုသုတများနှင့် သတင်းအချက်အလက်များအား အပြန်အလှန်ဖလှယ်နိုင်သည့် တစ်ခုတည်းသောနေရာဖြစ်ပါကြောင်း၊ ဤအစည်းအဝေးမှ ထွက်ပေါ်လာသည့် ဆွေးနွေးချက်များသည် အာဆီယံ၏ One Vision၊ One Identity၊ One Community ရည်မှန်းချက် အောင်မြင်ဖြစ်ထွန်းစေရန်အတွက် အကျိုးပြုမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် (၄၂) ကြိမ်မြောက် ALA Governing Council အစည်းအဝေး မှတ်တမ်းကို အတည်ပြုခြင်း၊ ASEAN Law Institute Annual Report 2022 နှင့် Workplan 2023 တို့ကို အတည်ပြုခြင်း၊ အာဆီယံနိုင်ငံများအတွင်း အငြင်းပွားမှုဖြေရှင်းခြင်းလုပ်ငန်းစဉ် Alternative Dispute Settlement Mechanism ဆိုင်ရာ ကျင့်သုံးမှုများကို တင်ပြဆွေးနွေးခြင်းနှင့် အာဆီယံဥပဒေစာချုပ် စာတမ်းများအား အကောင်အထည်ဖော်မှုဆိုင်ရာ ကိစ္စရပ်များကို အာဆီယံဥပဒေပညာရှင်များ၊ အသင်းအဖွဲ့ဝင်များအကြား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-မန္တလေး ဖူရှင်းသံမဏိစက်ရုံ စမ်းသပ်ကာလအတွင်း တစ်ရက်လျှင် တန်ချိန် ၃၀၀ ထုတ်လုပ်ပေးနိုင်

**နေပြည်တော် အောက်တိုဘာ ၃**

နိုင်ငံတော်အစိုးရအနေဖြင့် စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန် အလေးထား ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းမှ လုပ်ငန်းရှင်များကို အားပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကူညီပေးနိုင်သည့် ကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့် ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုက မြန်မာ-မန္တလေး ဖူရှင်းသံမဏိစက်ရုံအား ကြည့်ရှုစစ်ဆေးစဉ် ပြောကြားခဲ့သည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် မီးသွေးဘုတ်ကျေးရွာရှိ မြန်မာ-မန္တလေး ဖူရှင်းသံမဏိစက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်ပမှ မှာယူတင်သွင်းသည့် သံအမျိုးအစားကို လျှော့ချနိုင်ရန်အတွက် ပြည်တွင်း၌ ထုတ်လုပ်နိုင်စေရန် သံမဏိစက်ရုံလုပ်ငန်းရှင်များအနေဖြင့် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ စက်ရုံများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသအတွင်းရှိ ပြည်သူလူထု အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ လုပ်သားများ လုပ်ငန်းခွင်ကျွမ်းကျင်မှု တိုးတက်စေရန်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်းတွင် ယခုစက်ရုံနှင့် သက်ဆိုင်သည့် သင်တန်းများအပါအဝင် အခြားအသက်မွေးဝမ်းကျောင်း သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေးအတွက် စက်ရုံမှ ထွက်ရှိသော စွန့်ပစ်ရေနှင့် ပစ္စည်းများကို နည်းစနစ်မှန်ကန်စွာ စွန့်ထုတ်ရန်လိုကြောင်း ထည့်သွင်းဆွေးနွေးပြောကြားခဲ့သည်။

ထို့ပြင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် စက်ရုံအတွင်း ကုန်ချောထုတ်လုပ်နေမှု အခြေအနေနှင့် ကွန်ပျူတာစနစ်ဖြင့် ထိန်းချုပ်ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး စက်ရုံ၏ လည်ပတ်နေမှု၊ ကုန်ကြမ်းရရှိမှု၊ လျှပ်စစ်ဓာတ်အားရရှိမှုနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှု တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါသံမဏိစက်ရုံကို ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်တွင် စတင်ခဲ့ပြီး စက်ရုံ အကျယ်အဝန်း ၅၂ ဒသမ ၈၆ ဧက၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၄၀၈ သန်းရှိကြောင်း၊ ထုတ်လုပ်မှုအနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံချောင်းအမျိုးအစား ခြောက်မျိုး ထုတ်လုပ်လျက်ရှိပြီး စမ်းသပ်ကာလအတွင်း တစ်ရက်လျှင် တန်ချိန် ၃၀၀ ထုတ်လုပ်ပေးနိုင်ကြောင်းနှင့် စက်စွမ်းအားပြည့် လည်ပတ်ပါက တစ်ရက်လျှင် တန်ချိန် ၁၀၀၀ အထိ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ဒေသရှိ ရေတံခွန်တောင်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသို့လည်း သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ချက် စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ စီမံကိန်းကို ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းဧရိယာ မြေဧက ၅၅၀ ပေါ်တွင် အဆင့်မြင့်အိမ်ရာများ၊ Shop Houses များ၊ အဆင့်မြင့်ဂေါက်ကွင်း၊ နိုင်ငံတကာကျောင်း၊ ဆေးရုံနှင့်ဟိုတယ်များ၊ Shopping Center များ၊ Water Park နှင့် ကလေးကစားကွင်းများ ထည့်သွင်းတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲဘောင်-ရသဝေါ-လှာကမြင်-သာနုံး-ကော့ထော် ကျေးရွာချင်းဆက်လမ်း ၈၀ ရာခိုင်နှုန်းကျော်ပြီးစီး

**ဘားအံ အောက်တိုဘာ ၃**

ဘားအံမြို့နယ် မဲဘောင်-ရသဝေါ- လှာကမြင် -သာနုံး- ကော့ထော် ကျေးရွာချင်းဆက်လမ်းနှင့် သိမ်တော်ကြီး-ကမော့ကစင်လမ်း ဖောက်လုပ်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။



ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ မိုးများသည့် ဒေသဖြစ်သည့်အတွက် ရေစီးရေလာကောင်းမွန်စေရေးနှင့် လမ်းပိုင်းကြာရှည်ခိုင်ခံ့ ကောင်းမွန်မှုရှိစေရေး Box Culvert များ စနစ်တကျ ထည့်သွင်းတည်ဆောက်သွားရန် မှာကြားခဲ့သည်။

ကရင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် မြို့ပြနှင့်ကျေးလက် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကျေးလက်နေပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရာသီမရွေး သွားလာနိုင်သော ကျေးရွာချင်းဆက်လမ်းများကို ဘဏ္ဍာနှစ်အလိုက် ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိသည်။

မဲဘောင် - ရသဝေါ - လှာကမြင် - သာနုံး - ကော့ထော် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသည် စုစုပေါင်းအရှည် ၃ မိုင် ၆ ဖာလုံရှိပြီး ယခုအခါ ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း၊ သိမ်တော်ကြီး-ကမော့ကစင်လမ်းသည် အရှည် ၁ မိုင် ၇ ဖာလုံ၊ အကျယ် ပေ ၃၀ မြေသားလမ်းဖြစ်ပြီး ဘားအံမြို့တွင်းယာဉ်ကြောပိတ်ဆို့မှုလျှော့ချရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေးအတွက် ဖောက်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# Rooftop Solar Photovoltaic (PV) System **များ တပ်ဆင်အသုံးပြုခြင်းဖြင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေနိုင်**

**နေပြည်တော် အောက်တိုဘာ ၃**

မြို့ပြဒေသရှိ နေအိမ်များ၊ ဟိုတယ်များ၊ ဈေးဝယ်စင်တာများ၊ ကားပါကင်များ၊ စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများ စသည်တို့၏ အမိုးများပေါ်၌ နေရောင်ခြည်စွမ်းအင်သုံး Rooftop Solar Photovoltaic (PV) System များ တပ်ဆင်အသုံးပြုခြင်းဖြင့် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေခြင်း၊ Solar System အတွက် မြေနေရာပေးရန် မလိုအပ်ဘဲ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်ခြင်း၊ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်း၊ တည်ဆောက်ချိန်နှင့် ကုန်ကျစရိတ်နည်းပါးခြင်း၊ တပ်ဆင်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုလွယ်ကူခြင်း၊ **နိုင်ငံတော်နှင့် ပြည်သူများအတွက် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကိုရရှိစေခြင်း** အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ပြောကြားသည်။



အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေး စနစ်များကို စစ်ဆေးစဉ် ဌာနဆိုင်ရာ အရာရှိများ၊ ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများနှင့် တာဝန်ရှိသူများအား ဒုတိယဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် Park Royal ဟိုတယ်တွင် တပ်ဆင် အသုံးပြုလျက်ရှိသည့် ဝပ်အား ၃၈၀ Monocrystalline Silicon ဆိုလာမော်ကျူး ၄၉၀ ၊ ၁၀၀ ကီလိုဝပ် အင်ဗာတာ သုံးခုတို့ဖြင့် တပ်ဆင်စွမ်းအား ၃၅၇ ကီလိုဝပ်ရှိသည့် Ground-mounted Solar PV System နှင့် နေပြည်တော် Junction Center ရှိ ဝပ်အား ၃၈၀ Monocrystalline Silicon ဆိုလာမော်ကျူး ၁၆၀၀ နှင့် ၁၀၀ ကီလိုဝပ် အင်ဗာတာ ငါးခုတို့ဖြင့် တပ်ဆင်စွမ်းအား ကီလိုဝပ် ၆၈၀ ရှိသည့် Rooftop Solar PV System ကို စစ်ဆေးကြည့်ရှုပြီး ဒုတိယဝန်ကြီးက နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်ပေးသော စီမံကိန်းများ အကောင်အထည်ဖော် တည်ဆောက်၍ နိုင်ငံတော်နှင့် ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိတွင် မင်းဘူး (မဂ္ဂါဝပ် ၄၀) နှင့် သပြေဝ (မဂ္ဂါဝပ် ၃၀ ) ဓာတ်အားပေးစက်ရုံများမှ နိုင်ငံတော် ဓာတ်အားကွန်ရက်စနစ်နှင့် ချိတ်ဆက်၍ ဓာတ်အား ပို့လွှတ်လျက်ရှိကြောင်း၊ ယခင်က ကျေးလက်ဒေသတွင်သာ ဆိုလာစနစ်များ တပ်ဆင်အသုံးပြုခဲ့ကြရာမှ ယခုအခါ မြို့ပြဒေသတွင်ပါ ယင်းစနစ်များ တပ်ဆင်အသုံးပြုလာပြီဖြစ်ကြောင်း၊ ယင်းသို့ အသုံးပြုသည့်အတွက် အကျိုးကျေးဇူးများစွာ ရရှိကြောင်း၊ ဆိုလာစနစ်များအတွက် Perfor-mance Monitoring နှင့် Cleaning များသည်လည်း အရေးကြီးပါကြောင်း၊ Power Quality ကောင်းမွန်ရန် လိုအပ်ကြောင်း၊ တည်ဆဲလျှပ်စစ်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် နည်းပညာဆိုင်ရာ အရည်အသွေး သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

**သတင်းစဉ်**

အောက်တိုဘာ ၅ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုဆောင်းပါး

# ၂၁ ရာစု မြန်မာ့ဆရာများ

ဒေါက်တာမောင်ကျော်
ပါမောက္ခချုပ်(ငြိမ်း)

**မြန်မာ့ပညာရေး မျှော်မှန်းချက်က "မျက်မှောက်ကာလဖြစ်သော ပညာခေတ်ရဲ့ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်တဲ့ အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းစေရန်" ဖြစ်ပါတယ်။ မြန်မာတို့ အတွက်ကတော့ အမြဲတမ်းသင်ယူနေတဲ့ လူ့ဘောင်အဖွဲ့အစည်းဖြစ်အောင် ပညာရေးစနစ် တည်ဆောက်ရမယ်လို့ "မြန်မာ့ပညာရေးမျှော်မှန်းချက်" ကျောက်တိုင်ကို အခြေခံကျောင်းတွေနဲ့ တက္ကသိုလ်တွေမှာ ကျောက်တိုင်စိုက်ပြီး ပညာရေးယန္တရားကို မောင်းနှင်လျက်ရှိနေပါတယ်။**




ပညာရေး မျှော်မှန်းချက် ပညာရေး အစီအစဉ်တွေကို အကောင်အထည်ဖော်တဲ့ နေရာမှာ ဗဟိုချက်မဟာ ဆရာဖြစ်ပါတယ်။ ဆရာဟာ ဆရာ့ဝတ္တရားငါးပါးကို ကျေပွန်အောင် ထမ်းဆောင်ရမှာက မူလတာဝန် ဖြစ်ပါတယ်။

ဆရာဆိုတာ အနန္တငါးပါးစလုံးရဲ့ဂုဏ်နဲ့ အကျုံးဝင်တဲ့ ပုဂ္ဂိုလ်ထူးများဖြစ်ပါတယ်။ ဘုရားရှင်ရဲ့ သတ္တမမြောက် ဂုဏ်တော်ဟာ –

- 'သတ္တာဒေဝ မနုသာနံ' လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် လူနတ်တို့၏ ဆရာဖြစ်သည်။
- 'ဘုရားရှင် ဟောကြားခဲ့သော တရားတော်များသည် လူတို့ကို ဆရာအဖြစ် ဆုံးမလမ်းညွှန်သည့်အတွက် တရား' သည်လည်း ဆရာဖြစ်သည်။
- 'သံဃာတော်များ' သည် ဒကာ၊ ဒကာမတို့၏ ကိုးကွယ်ရာ ဆရာများဖြစ်သည်။
- 'ပုဗ္ဗာစရိယ မိနှင့်ဖ' ဟူသောစကားအရ မိဘသည်လည်း သားသမီးတို့၏ ဆရာပင်ဖြစ်သည်။
- ဒါကြောင့် ဆရာသည် အနန္တငါးပါးစလုံး အကျုံးဝင်သော ဂုဏ်ရှိသည့် ပုဂ္ဂိုလ်ဖြစ်သည်။

ဆရာဆိုတာ အသိဉာဏ်ကို မြှင့်တင်ပေးတယ်။ ကျွမ်းကျင်မှု အတတ်ပညာ အရည်အသွေးတွေ မြှင့်တင်ပေးတယ်။ ဗြဟ္မစိုရ် တရား ထွန်းကားအောင်လုပ်ပေးတယ်။ စိတ် ဓာတ်ရေးရာပြုပြင်ပေး တယ်။ လူ့ဘဝနဲ့ လူသားအချင်းချင်း ချစ်မြတ်နိုးအောင် လုပ်ပေးနိုင်တာဟာလည်း ဆရာပဲဖြစ်ပါတယ်။ ပညာသင်ကြားမှုတစ်ခုလုံးရဲ့ ပစ်မှတ်က ကျောင်းသား ကျောင်းသူ လူငယ်တွေပဲဖြစ်ပါတယ်။ လူ့သမိုင်းစဉ်တစ်လျှောက်လုံးမှာ ပညာရေးဟာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရင်းအမြစ်ဖြစ်ခဲ့ပါတယ်။

၂၁ ရာစု ပညာရေးဟာ အလွန်အရေးပါတဲ့ ဆရာများ၊ ပညာရှင်များရဲ့ တာဝန်တွေဟာလည်း ပို၍ ကျယ်ဝန်းနက်ရှိုင်းလာပါတယ်။ အသိပညာ၊ အတတ်ပညာပိုင်ဆိုင်မှ ၂၁ ရာစုမှာ ဝင်ဆန့်နိုင်မယ်။ ရပ်တည်နိုင်မယ်၊ ရှင်သန်ကြီးထွားနိုင်မယ်။

မြန်မာနိုင်ငံရဲ့ ဘယ်အရပ်ဒေသမှာရှိနေတဲ့ ကျောင်း၊ တက္ကသိုလ်က ဆရာဟာ မိမိရောက်နေတဲ့ဒေသရဲ့ သင်ကြားသင်ယူမှုဝန်းကျင်ကို ကောင်းမွန်အောင်၊ လူများစုသင်ယူလေ့လာနိုင်တဲ့ ပတ်ဝန်းကျင်ကောင်းဖြစ်တဲ့အထိ မျှော်မှန်းပြီးဆောင်ရွက်ဖို့၊ အတွေးအခေါ် အယူအဆတွေ ပြောင်းလဲကောင်းပြောင်းလဲပါမယ်။ နည်းစနစ်တွေ ပြောင်းလဲကောင်းပြောင်းလဲမယ်။ ကျွမ်းကျင်မှုအတတ်ပညာတွေ မြှင့်တင်ရတာရှိကောင်းရှိမယ်။ ဒီခေတ်ပညာရေးဟာ တစ်ကမ္ဘာလုံး ဝေဖန်သုံးသပ်နိုင်ခြင်း၊ တီထွင်ကြံဆဖန်တီးပေးနိုင်ခြင်း လေ့လာစရာနယ်ပယ်သစ်တွေဘက်ကို ရွေ့လျားနေတဲ့ ပညာရေးစနစ်ကြီးဖြစ်ပါတယ်။ အဲဒီလုပ်ငန်းစဉ်တွေရဲ့ ဗဟိုချက်မဟာ ဆရာပါပဲ။ ဒီတော့ ဆရာဟာ အလွန်အားထုတ်ပေးရမယ့် နေရာမှာ ရောက်ရှိနေပါတယ်။

**အနာဂတ်ပညာရေး**

ယှဉ်ပြိုင်မှုကြီးမားတဲ့ (၂၁) ရာစုခေတ်မှာ ကျွမ်းကျင်လူ့စွမ်းအား အရင်းအမြစ်ရှားပါးခြင်း၊ စီမံခန့်ခွဲကြီးကြပ်မှုစွမ်းရည်မှာ အကန့်အသတ်ရှိနေခြင်း၊ မြန်မာနိုင်ငံရုံးအဖွဲ့အစည်းတွေမှာပင် စီမံခန့်ခွဲနိုင်စွမ်းအားနည်းနေခြင်းကို တွေ့နေရပါတယ်။ ၂၀၁၉ ခုနှစ်ကြားဖြတ် လူဦးရေ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာအရ မြန်မာနိုင်ငံမှာ ငါးနှစ်အထက် လူဦးရေ ၄၆ ဒသမ ၄၆၃ သန်းရှိပြီး နိုင်ငံတစ်ဝန်း ကျောင်းလုံးဝမနေဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်းရှိကာ အလယ်တန်းအထိ ပညာသင်ယူခဲ့သူ ၁၈ ဒသမ ၂ သန်းခန့်နှင့် အထက်တန်းပညာသင်ယူခဲ့သူ ၇ သန်းကျော်ခန့်ရှိကာ လူဦးရေ ၃ သန်းနီးပါးခန့်သာ ဘွဲ့ရရှိခဲ့တာကို တွေ့ရှိရပါတယ်။ "ကျောင်းနေသူ ရာခိုင်နှုန်းနှင့် စာတတ်မြောက်သူ ရာခိုင်နှုန်း နည်းပါးလျက်ရှိသဖြင့် ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို" အကောင်အထည်ဖော်ရာမှာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်တိုင်အလေးထားဆောင်ရွက်လျက် ရှိနေပါတယ်။

အနာဂတ်ပညာရေးဟာ ဝေဖန်သုံးသပ်နိုင်ခြင်း၊ တီထွင်ကြံဆနိုင်ခြင်း လေ့လာစရာ နယ်ပယ်သစ်တွေကို ဖြစ်နိုင်စွမ်းရှိအောင် မျှော်မှန်းပြီးဆောင်ရွက်ကြရမယ့် ခရီးဟာရှည်ပါလိမ့်မယ်။ ဘာကြောင့်လဲ ဒီနေ့ထိ မြန်မာ့မြေပေါ်မှာ ကြွယ်ဝမှုမျိုးစုံဟာ တစ်ပုံတစ်ခေါင်းကြီး ရှိနေပါတယ်။ ဒီဓနဥစ္စာကို ဖော်ထုတ်ရာမှာ ဝါရင့်သဘာရင့်ဆရာကြီး၊ ဆရာမကြီးတွေဟာ သူ့ရဲ့ပညာတွေကို သက်ဆုံးတိုင်ဖြန့်ဖြူးသူတွေ ပြန့်ပွားအောင်လုပ်ပေးနိုင်တဲ့အခြေအနေမို့ အစဉ်လေ့လာသင်ယူနေတဲ့ မြန်မာ့လူ့ဘောင်ကြီးဖြစ်ဖို့အတွက် မျိုးဆက်သစ်တွေနဲ့အတူ ပါဝင်ဆောင်ရွက်တဲ့သဘောဖြစ်ပါတယ်။

အနာဂတ်မှာ သင်ယူလေ့လာမှု လူ့အဖွဲ့အစည်းကြီးဟာ ကြီးမားကျယ်ပြန့်လျက်ရှိတာကတစ်ကြောင်း၊ ဒေသမရွေးသင်ယူမှု အခွင့်အလမ်းပေးနိုင်မယ့် ပညာရေးစနစ်ကို တည်ထောင်လျက်ရှိတာမို့ လူ့ဘောင်ကလိုအပ်တဲ့ ပညာရပ်တွေကို ပေးနိုင်မယ့် အနေအထားဖြစ်အောင် လူတိုင်းပါဝင်ကြိုးပမ်းနေရတာဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁–၂၀၃၀)မှာ နိုင်ငံသားတိုင်း အနည်းဆုံး KG+9 ပြီးဆုံးသည်အထိ အခမဲ့ပညာသင်ယူနိုင်ရေးကို မူဝါဒချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အခြေခံအကျဆုံး ကလေးတစ်ယောက်ရဲ့ အခွင့်အရေးဟာ ကျောင်းနေရမယ့် အရွယ်ရောက်လာရင် ကျောင်းတက်နိုင်ဖို့ပဲ။ မသင်မနေရ အထက်တန်းပြီးဆုံးသည်အထိ ကျောင်းနေရေးလုပ်ငန်းကြီးကို ပြည်သူတစ်ရပ်လုံး မမေ့မလျော့ အားထုတ်ခြင်းဖြင့် အခြေခံပညာ အလယ်တန်းပြီးမြောက်သူဟာ ၁၈ သန်းထက်ကျော်လာမှာ ဖြစ်ပါတယ်။

**၂၁ ရာစုခေတ်ဆရာ**

ဆရာဟာ အမြဲတမ်းဆန်းသစ်တဲ့ အယူအဆရှိနေရမယ်။ အတွေးအခေါ် အယူအဆ လုံးဝရှင်သန်နေရမယ်။ လူ့စွမ်းအား အရင်းအမြစ်ကို ဖန်တီးပေးနေရတဲ့ဆရာဟာ ခေတ်နောက်ကျနေခဲ့ရင် မြန်မာ့ပညာရေးမြှင့်တင်မှုဟာ မျှော်လင့်ချက်မရှိနိုင်ပါဘူး။ သူမွေးထုတ်ပေးလိုက်တဲ့ လူ့စွမ်းအားအရင်းအမြစ်ဟာလည်း ဘယ်နည်းနဲ့မှ အနာဂတ်ကို ရင်ဆိုင်နိုင်မှာ မဟုတ်ပါဘူး။ ဒေသအလိုက် လူငယ်တွေရဲ့ပါဝင်မှုအခန်းကဏ္ဍကိုလည်း ဆရာ ဆရာမတွေက ဆောင်ရွက်ပေးကြရဦးမယ်။ ဘာကြောင့်လည်း စာတတ်မှ၊ ပညာတတ်မှ ဖွံ့ဖြိုးတိုးတက်အောင်လုပ်နိုင်မယ်၊ အမှားအယွင်းနည်းမယ်။

*** ဆရာဟာ လောကကို အလှဆင်သူ၊ မြေတောင်မြှောက်ပေးသူတွေဖြစ်တာကြောင့် လူ့အဖွဲ့အစည်းရဲ့ ခေါင်းဆောင်လို့တောင် သတ်မှတ်ကြပါတယ်။ ကုန်ပစ္စည်းသဘောနဲ့ကြည့်ရင် ကျောင်းကထုတ်တဲ့ ထွက်ကုန်တွေဟာ လူငယ်လူရွယ် အဖိုးတန်ထုတ်ကုန်တွေပဲ ဖြစ်စေရပါမယ်။ ထူးချွန်ပြောင်မြောက်တဲ့ တီထွင်ကြံဆနိုင်တဲ့ လူမဖြစ်လင့်ကစား၊ စိတ်ထားမြင့်မြတ်တဲ့ မေတ္တာတရားရှိတဲ့လူတော့ အနည်းဆုံးဖြစ်သွားစေရမယ်။**

*** ထူးချွန်ပြောင်မြောက်တဲ့ တီထွင်ကြံဆနိုင်တဲ့ လူမဖြစ်လင့်ကစား၊ စိတ်ထားမြင့်မြတ်တဲ့ မေတ္တာတရားရှိတဲ့လူတော့ အနည်းဆုံးဖြစ်သွားစေရမယ်။ ဆိုးသွမ်းလူငယ်တွေမဖြစ်ဘဲ တစ်ဦးနဲ့တစ်ဦး တန်ဖိုးထားလေးစားမှု၊ ရိုးသားဖြူစင်မှု၊ အမျိုးချစ်စိတ် နိုင်ငံချစ်စိတ်ရှိတဲ့၊ စည်းကမ်းရှိတဲ့ နိုင်ငံသားတွေ အနည်းဆုံးဖြစ်သွားစေရပါမယ်။ ဒါကြောင့် တပည့်တို့သည် ဆရာပေါင်းများစွာက ပညာအမွေပေးတဲ့ အစဉ်အလာနဲ့အညီ ဆရာ့ကျေးဇူး၊ ဆရာ့ဂုဏ်ဟာမည်မျှကြီးမားကြောင်း ဆင်ခြင်ကြည့်နိုင်ပါတယ်။**

*စာမျက်နှာ ၁၁ သို့*

**ဒီနေ့ခေတ်ကြီးမှာ ပြောင်းလဲလာပုံတွေဟာ စိန်ခေါ်မှုတွေကြီးပါပဲ။ အပြောင်းအလဲတစ်ခုကို လုပ်ရတယ်ဆိုတာ စိန်ခေါ်မှုကြီးပဲ၊ ပညာရေးမြှင့်တင်မှုဟာ အပြောင်းအလဲတစ်ခုဖြစ်ပါတယ်။ ဒါဟာလည်း စိန်ခေါ်မှုပါပဲ။ အထူးသဖြင့် ဆရာတွေအတွက် စိန်ခေါ်မှုပါပဲ။ ဒီစိန်ခေါ်မှုကို မြတ်နိုးဖို့ လိုတယ်။ သမာဓိကောင်းကောင်းနဲ့ အာရုံစိုက်ဖို့ ရင်ဆိုင်ရဲဖို့ လိုတယ်။ စိန်ခေါ်မှုကို ကျော်ဖြတ်နိုင်စွမ်း ရှိဖို့လိုတယ်**

*စာမျက်နှာ ၁၀ မှ*

ဘဝခရီးတစ်လျှောက်မှာ ဖြောင့်တန်းအောင် လျှောက်လှမ်းနိုင်ဖို့၊ အမှားနဲ့အမှန် ခွဲခြားနိုင်ဖို့၊ အကောင်းနဲ့အဆိုး၊ အကြောင်းနဲ့အကျိုးကို အခြေပြုလမ်းပြပေးသူ အမှောင်ခွင်း အလင်းဆောင်သူဟာ ဆရာပဲဖြစ်တယ်။ လူငယ်မျိုးဆက်သစ်တွေရဲ့ ပညာရည်မြင့်မားဖို့ မျက်ခြည်မပြတ် အားထုတ်ကြရလို့ ဆရာ ဆရာမတွေကို ဂုဏ်ပြုရခြင်း ဖြစ်ပါတယ်။

**အောက်တိုဘာလ ၅ ရက် ကမ္ဘာ့ဆရာများနေ့**

ဆရာများရဲ့ ကြီးမားတဲ့တာဝန် အခန်းကဏ္ဍကို ဖော်ညွှန်းဖို့ ရည်ရွယ်ပြီး ကမ္ဘာ့ဆရာများနေ့ကို ၁၉၉၄ အောက်တိုဘာလ ၅ ရက်နေ့ကစတင်ပြီး ကျင်းပခဲ့တယ်။ အခုနှစ်ဆိုရင် (၂၈) ကြိမ်မြောက် ရှိပြီဖြစ်ရာ ကမ္ဘာအရပ်ရပ်မှ နိုင်ငံပေါင်း ၁၀၀ ကျော်က ဆရာတွေကို လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုနေကြပါတယ်။

ဆရာဟာ လောကကို အလှဆင်သူ၊ မြေတောင်မြှောက်ပေးသူတွေဖြစ်တာကြောင့် လူ့အဖွဲ့အစည်းရဲ့ ခေါင်းဆောင်လို့တောင် သတ်မှတ်ကြပါတယ်။ ကုန်ပစ္စည်းသဘောနဲ့ကြည့်ရင် ကျောင်းက ထုတ်တဲ့ ထွက်ကုန်တွေဟာ လူငယ်လူရွယ် အဖိုးတန်ထုတ်ကုန်တွေပဲ ဖြစ်စေရပါမယ်။ ထူးချွန်ပြောင်မြောက်တဲ့ တီထွင်ကြံဆနိုင်တဲ့လူ မဖြစ်လင့်ကစား၊ စိတ်ထားမြင့်မြတ်တဲ့ မေတ္တာတရားရှိတဲ့လူတော့ အနည်းဆုံးဖြစ်သွားစေရမယ်။ ဆိုးသွမ်းလူငယ်တွေမဖြစ်ဘဲ တစ်ဦးနဲ့တစ်ဦး တန်ဖိုးထားလေးစားမှု၊ ရိုးသားဖြူစင်မှု၊ အမျိုးချစ်စိတ် နိုင်ငံချစ်စိတ်ရှိတဲ့၊ စည်းကမ်းရှိတဲ့ နိုင်ငံသားတွေ အနည်းဆုံးဖြစ်သွားစေရပါမယ်။ ဒါကြောင့် တပည့်တို့သည် ဆရာပေါင်းများစွာက ပညာအမွေပေးတဲ့ အစဉ်အလာနဲ့အညီ ဆရာ့ကျေးဇူး၊ ဆရာ့ဂုဏ်ဟာမည်မျှကြီးမားကြောင်း ဆင်ခြင်ကြည့်နိုင်ပါတယ်။

**ချီးမွမ်းဂုဏ်ပြုစကားများ**

ဆရာများအား ချီးမွမ်းထောမနာ ဂုဏ်ပြုစကားတွေ အများအပြား ရှိရာ ကွန်ဖြူးစီယပ်ရဲ့ အမြင်က ဒီလို ဖြစ်ပါတယ်။ "ကျွန်တော်ဟာ လူနှစ်ယောက်နဲ့အတူ လမ်းလျှောက်ဖြစ်ခဲ့ရင် သူတို့တစ်ဦးစီ၊ တစ်ဦးစီဟာ ကျွန်တော့်ဆရာများလို့ ခံယူပါတယ်။ တစ်ယောက်သောသူဆီက ကောင်းခြင်းကြံအင်လက္ခဏာတွေကို ရွေးယူပြီး အတုယူ ကျင့်သုံးပါ မယ်။ အခြားတစ်ယောက်ဆီက မကောင်းတဲ့အချက်တွေကိုလည်း ရယူပြီး မိမိကိုယ်စိတ်နှလုံးမှာ ပြင်ယူလိုက်ပါမယ်။"

"ဆရာကောင်းသမားကောင်းဆိုတာ အနုပညာသရုပ်ဆောင်ကောင်းလိုပါပဲ၊ ပရိသတ်ကို အာရုံစိုက်လာအောင် ဆွဲဆောင်နိုင်ရပါမယ်။ ပြီးမှ ကျောင်းသင်ခန်းစာကို သင်ပြရမယ်" လို့ John Henrik Clarke က ဆိုပါတယ်။

John Steinbeck ကတော့ သင်ကြားပို့ချခြင်း အတတ်ပညာသည် အနုပညာအားလုံးရဲ့ အထွတ်အထိပ် ဂုရုဖြစ်လိမ့်မယ်။ လူရဲ့စိတ်နဲ့ ဆရာ့စိတ်ဟာ အဓိကဇာတ်ညွှန်းလိုပဲ ဖြစ်တယ်။

"ကျွန်တော်အသက်ရှင်နေရတဲ့အတွက် အဖေ့ကိုကျေးဇူးတင်ရပါတယ်။ ကျွန်တော့်ဘဝ သာယာဝပြောရတဲ့အတွက် ဆရာ့ကို ကျေးဇူးတင်မဆုံးဖြစ်ရပါတယ်" ဆိုတဲ့ Alexander the Great ရဲ့ စကားဟာ ထူးခြားပါတယ်။

ခေတ်သစ်ဆရာဆိုတာ တောတောင်ချုံပုတ်တွေ ရှင်းလင်းဖို့ မဟုတ်၊ သဲကန္တာရထဲ ရေသွင်းနိုင်ဖို့ ဖြစ်တယ်လို့ C.S Lewis က ဆရာတွေရဲ့တာဝန်မှန်ဟာ မည်သို့မည်ပုံဖြစ်ရမည်ကို ဖော်ညွှန်းပါတယ်။

Bill Gates ရဲ့ ဘွဲ့ရ မောင်မယ်တွေအတွက် စကားကြီး သုံးခွန်းဆိုပါတော့-

ကျောင်းက ခွာတာနဲ့ လခကောင်းကောင်း မရနိုင်ဘူး။ ဟန်းဖုန်းခါးချိတ်စီမံကြီးကြပ်သူ မဖြစ်နိုင်ဘူး၊ ဒီနှစ်ခုလုံးဖြစ်ချင်ရင် ကျောင်းနေစဉ်ကတည်းက ကြိုးပမ်းအားထုတ်ထားမှ ရနိုင်မယ်။

ကျောင်းက ဆရာတွေကို ဆိုးတယ်လို့ထင်ခဲ့ရင် ခင်ဗျားတို့ တစ်နေ့ကုမ္ပဏီ သူဌေးကြီးတွေဖြစ်လာတဲ့အချိန်ကျရင် သိလိမ့်မယ်။ သူဌေးဖြစ်လာသူတွေဟာ အလုပ်ကိုအကြွေးမထားဘူး၊ ကျောင်းမှာ အိမ်စာ (Home Work) တွေ လုပ်ရသလိုပဲ၊ ဆရာတွေက အိမ်စာတွေပြီးအောင် အိမ်စာကို အကြွေးမထား ပြီးအောင်လုပ်တဲ့အကျင့်ရအောင် အော်ဟောက်တာဟာ လုပ်ငန်းခွင်မှာ အလုပ်ကို အချိန်မဆွဲ ပြီးအောင် လုပ်တဲ့အလေ့အထကျင့်စဉ်ဟာ သူဌေးဖြစ်ဖို့ပဲ။

လူ့ဘဝမှာ သင်ကြားချိန်က လ မသတ်မှတ်ဘူး၊ ပိတ်ရက်မရှိ၊ ဘယ်အလုပ်ရှင်ကမှ ခင်ဗျားလုပ်ချင်တာကို အမြဲတမ်း ညှိနှိုင်းပေးမှာမဟုတ်ဘူး၊ ဒါကို အကြောင်းပြုပြီး လူ့ဘဝဟာမမျှတဘူးလို့ ပြောကြပေမယ့် ဒါကိုလက်ခံနိုင်အောင် မိမိဘက်က ဘက်ပေါင်းစုံတော်အောင် ကြိုးစားအားထုတ်ရလိမ့်မယ်" လို့ Bill Gates က မှာပါတယ်။

**စိန်ခေါ်မှုကို ကျော်ဖြတ်နိုင်စွမ်းရှိဖို့လို-**

ဒီနေ့ခေတ်ကြီးမှာ ပြောင်းလဲလာပုံတွေဟာ စိန်ခေါ်မှုတွေကြီးပါပဲ။ အပြောင်းအလဲတစ်ခုကို လုပ်ရတယ်ဆိုတာ စိန်ခေါ်မှုကြီးပဲ၊ ပညာရေးမြှင့်တင်မှုဟာ အပြောင်းအလဲတစ်ခုဖြစ်ပါတယ်။ ဒါဟာလည်း စိန်ခေါ်မှုပါပဲ။ အထူးသဖြင့် ဆရာတွေအတွက် စိန်ခေါ်မှုပါပဲ။ ဒီစိန်ခေါ်မှုကို မြတ်နိုးဖို့လိုတယ်။ သမာဓိကောင်းကောင်းနဲ့ အာရုံစိုက်ဖို့ ရင်ဆိုင်ရဲဖို့ လိုတယ်။ စိန်ခေါ်မှုကို ကျော်ဖြတ်နိုင်စွမ်းရှိဖို့လိုတယ်။

ဆရာတွေဟာ လမ်းပြကြယ်ပမာ မျှော်မှန်းပန်းတိုင်ရောက်ဖို့ လမ်းညွှန်ရာမှာ ကြိုးစားပမ်းစားနဲ့ ပညာတွေပေးလို့ လူထုရဲ့ အားကိုးရာဖြစ်တယ်။ ဆရာရဲ့တွေးခေါ်ပုံတွေ ပြောပုံဆိုပုံတွေ ပြုမူပုံတွေဟာ ကျောင်းသားဆီ စီးဆင်းပါတယ်။ ကျောင်းသားဆီကို ရောက်သွားတာကြောင့် အကောင်းအဆိုး၊ အကြောင်းအကျိုး အထူးသတိ မူရပါမယ်။ ဆရာ ဆရာမတွေဟာ အဖိုးတန်လူငယ်လူရွယ် စိန်ကောင်းကျောက်ကောင်းတွေ ထုတ်ကြရပါမယ်။ လူရည်ချွန် လူရည်မွန်တွေဖြစ်အောင် အားထုတ်ကြရမယ်။ လက်ကြော မတင်းတဲ့ လူလတ်၊ လူကြီးတွေ ဖြစ်လာမှာကို ကြိုတွက်တတ်ရပါမယ်။ မိမိနေအိမ်ရပ်ရွာဒေသကို ကောင်းသထက်ကောင်းအောင် တည်ဆောက်ကြရမှာဖြစ်ပါတယ်။ လူ့အဖွဲ့အစည်း လူထုလိုအပ်ချက်၊ စက်ရုံတွေလိုအပ်ချက်၊ တစ်ဦးကိုတစ်ဦး ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဖြည့်ဆည်းသွားကြရမှာဖြစ်ပါတယ်။

ပို့ချသူဆရာ ဆရာမတွေဟာ မည်သည့်အဆင့်မှာပင်ရှိစေ ပညာရေးကို မိမိကျောင်းဝင်းထဲက ကိစ္စလောက်ဟု သဘောမထားတော့ဘဲ လူ့အဖွဲ့အစည်းရဲ့အရေးကိစ္စဖြစ်တဲ့အတွက် ဆရာ ဆရာမအပေါင်းဟာ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်နေသူတွေ ဖြစ်တယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဒီလမ်းဆုံလမ်းခွမှာ တာဝန်အရှိဆုံး သူဟာ ဆရာပဲ။ ဆရာဟာ စီစဉ်ညွှန်ကြားသူပဲ။ ဒါရိုက်တာဟာ ဆရာပဲ။ ဘာကြောင့်လဲဆိုရင် ဒေသတွင်း လူငယ်လူလတ်တွေရဲ့ကျွမ်းကျင်မှု၊ ထိုသူတွေရဲ့အရည်အသွေးဟာ ထိုဒေသရဲ့ ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်ကို ဖြည့်ဆည်းပေးလို့ပါပဲ။ ဗဟိုချက်မ ဖြစ်တဲ့ ဆရာဆရာမတွေ၊ လက်ရှိ တာဝန်ထမ်းဆောင်သူတွေ၊ အငြိမ်းစား ပညာရေးဝန်ထမ်း ပညာရှင်တွေအားလုံး အကျိုးဝင်ပတ်သက် ဆက်စပ်မှုရှိတယ်လို့ ခံယူပြီး ခေါင်းလောင်းသံတညီညီနဲ့ အားထုတ်ကြရမှာဖြစ်ပါတယ်။

ရှေးယခင်က ဆရာတွေရဲ့ဂုဏ်၊ ဆရာ့ဝတ္တရားငါးပါးကို အကြောင်းပြုပြီး ဆရာတို့အား ချစ်ကြောက်ရိုသေလေးစားကြည်ညိုမှု၊ တန်ဖိုးထားမှု၊ ကလေးလူငယ်တွေရဲ့ အားထားရာဖြစ်ခဲ့သော်လည်း (၂၁) ရာစုမှာ ကမ္ဘာအရပ်ရပ်မှာ ဆရာကောင်း၊ သမားကောင်းဖြစ်ဖို့ အခက်အခဲစိန်ခေါ်မှုတွေ ရှိလာတာ တွေ့ရပါတယ်။ ဉာဏ်ရည်ဉာဏ်သွေးမြင့်တဲ့ ဆရာတွေကို ဆွဲဆောင်မှုရှိရှိ ခန့်ထားနိုင်ရေးမှာ ယခင်ကလို ထင်သလောက် မလွယ်ဘူးလို့ဆိုပါတယ်။ လစာနည်းခြင်း၊ တန်ဖိုးထားလေးစားမှု၊ အသိအမှတ်ပြုခံရမှု နည်းလာခြင်းအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ဆရာတွေဟာ လုပ်ငန်းခွင်မှာ မပျော်မရွှင်၊ မပြေမလည်ဖြစ်ရတယ်လို့ဆိုပါတယ်။ အနောက်နိုင်ငံတွေမှာ ဤကဲ့သို့ စိန်ခေါ်မှုအခက်အခဲတွေ အလျင်အမြန်ဖြေရှင်းဖို့ လိုအပ်ကြောင်း World Teachers' Day, အင်တာနက်မှာ ဖတ်ရှုရပါတယ်။

**ဆရာ ဆရာမများကို ဂုဏ်ပြုခြင်း**

ဒါကြောင့် ရှေးယခင်က ဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းကြီးများဟာ -

ကတညုတ - ကျေးဇူးရှိမှန်း သိမြင်ခြင်း၊

ကတဝေဒီ - သိသည့်အတိုင်း ကျေးဇူးတရားကို ပြန်လည်ဆပ်တဲ့သူတွေ၊ လူတော် လူကောင်းတွေပဲလို့ ဆရာတွေက မြင်ကြပါတယ်။

ဟောင်လန်စကားပုံကတော့ - ဘုရားသခင်က "ငှက်များစားဖို့ တီကောင်ကိုဖန်ဆင်းပေးသော်လည်း ပါးစပ်ထဲကိုတော့ ထည့်မပေးပါဘူး"။ ပညာရှာရာမှာ - ခွံ့ပေးတဲ့ "Spoon Feeding" မဟုတ်၊ အတ္တာဟိ အတ္တနောနာထောပဲ။ ကိုယ့်ကိုယ်ကိုယ်အားကိုးတဲ့ ကိုယ်တိုင်လေ့လာမှု (Self-study) ကိုအားပေးရမယ်၊ ကိုယ်တိုင်လေ့လာမှုကို အားပြုကြရမှာ ဖြစ်ပါတယ်။ ဒီအကြောင်းအရာတွေဟာ၊ လူတိုင်းအတွက် ပညာရေးဖွံ့ဖြိုးဖို့ လမ်းကြောင်းဖြစ်ပါတယ်။

**စဉ်းစားစရာတွေ**

ကျွန်တော်တို့ လူတွေဟာ နိစ္စဓူဝကိစ္စကြီးငယ်လုပ်ကြရာမှာ သိပ္ပံပညာဆိုသည် ဘာလဲဆိုတာကို ကောင်းကောင်းနားမလည်ခြင်းပဲဖြစ်တယ်လို့ ပြောကြပါတယ်။ သိပ္ပံဆိုတာ သိပ္ပံပညာရှင်တို့ လုပ်တဲ့အလုပ်လို့ ပြောလေ့ရှိပါတယ်။ ဒါဟာ သာမန် အဖြေ၊ စိတ်ကူးပေါ်ရာ အဖြေတစ်ခုပဲဖြစ်ပါတယ်။ ကျွန်တော်တို့တစ်တွေ သိပ္ပံဓာတ်ခွဲခန်းတစ်ခုကို စိတ်ကူးနဲ့စဉ်းစားကြည့်တဲ့အခါ ထိန်းလင်းနေတဲ့ အခန်းကြီးထဲမှာ အဖြူရောင်ဓာတ်ခွဲခန်း ဝတ်ရုံကိုဝတ်၊ စမ်းသပ်ဖန်ပြွန်ထဲက ရောင်စုံဖြစ်ပေါ်နေတာတွေကိုကြည့်၊ မိုက်ခရိုစကုပ်ရှေ့မှာထိုင်ပြီး ကြည့်လိုက်၊ တန်ဖိုးကြီးမားလှတဲ့ စက်ကိရိယာကြီးတွေ ရှေ့မှာထိုင်သဲကြီးမဲကြီးတိုင်းတာတွက်ချက် အလုပ်လုပ်နေတဲ့ လူသားတစ်ယောက်လို့ မြင်လေ့ရှိပါတယ်။ ဒါပေမယ့် အမြဲတမ်း ဒီလိုမဟုတ်၊ ကမ္ဘာ့သမိုင်းကြောင်းကိုပြန်ကြည့်ရင် သိပ္ပံနဲ့နည်းပညာက ခေတ်စကားနဲ့ဆိုရင် ဂလိုယ်ဘယ်လိုက်ဇေးရှင်း (Globalization) ကို မွေးဖွားပေးခဲ့ပါတယ်။

ရှေးယခင်က သဘာဝသိပ္ပံ ဇီဝသိပ္ပံတွေကို အထူးလိုက်စားခဲ့တဲ့ လူးဝစ်ပါစချာ၊ နယူတန်၊ ဂရီဂိုမင်ဒယ်လ်၊ ဒါဝန်၊ ဂျွန်ဒေါ်လတန်၊ ဂျိမ်းစ်ဝပ်(တ်)ဆန်၊ ဖရန်စစ်ခရစ်(က်) အက်ဒီဆင်၊ အိုင်းစတိုင်း၊ ရိုက်ညီနောင်တို့ကဲ့သို့သော ပုဂ္ဂိုလ်ဆရာတွေဟာ ကမ္ဘာကို စံနမူနာတွေ ပြခဲ့ကြပါတယ်။ ထိုသူတို့တစ်ဦးချင်းဆီရဲ့ သုတေသနတွေ့ရှိချက်တွေ၊ ထပ်ဆင့်တည်ဆောက်မှုတွေ၊ တီထွင်ဆန်းစစ်မှုတွေဟာ လူ့ယဉ်ကျေးမှုကြီးဖြစ်ပေါ်ပုံမှာ စိတ်ဓာတ်ခွန်အားတွေ ဖြစ်ခဲ့ပါတယ်။ သိပ္ပံနဲ့နည်းပညာ နယ်ပယ်ထဲက သုတေသနတွေကြောင့်၊ လေ့လာမှုရလဒ်တွေကြောင့် ထွန်းကားလာမှုဟာ သဘာဝတရားရဲ့ နိယာမတွေကို ပိုနားလည်လာပြီး လူသားကောင်းကျိုးအတွက် အသုံးချနိုင်မှုတွေ ရရှိတာဖြစ်ပါတယ်။

သိပ္ပံပညာဟာ အရာခပ်သိမ်းဆုံစည်းရာ အဆက်အစပ်အကျိုးအကြောင်းရှိသည့်ကိစ္စတို့ကို လေ့လာခြင်းဖြစ်တယ်။ သိပ္ပံပညာရှင်တို့ဟာ သမားရိုးကျ အပေါ်ယံရုပ်ပြီး ရှင်းလင်းလေ့မရှိ အဖြေတို့ကို သံသယရှိကြတယ်။ လွယ်လွယ်ကူကူယုံကြည်လေ့မရှိကြ၊ ဒီမှာတင် သာမန်လူတွေနဲ့ သိပ္ပံသဘောနားလည်သူတို့ ကွာခြားသွားပါပြီ။ သူတို့ဟာ စူးစမ်းဆောင်ရွက်လိုစိတ် ပြင်းပြကြတယ်။ သူတို့ရဲ့ ဦးနှောက်ကိုသုံး စဉ်းစားလေ့ရှိတယ်။ အထောက်အထား အချက်အလက်တွေစုဆောင်းပြီး ဘက်ပေါင်းစုံရှုထောင့်စုံမှ ဂရုတစိုက် စိစစ်လေ့ရှိတယ်။ သူတို့ရဲ့ ခန့်မှန်းချက်တွေ အလုပ်မဖြစ်ကြောင်းတွေ့ရပါက အကျိုးအကြောင်း ဆီလျော်တဲ့ခန့်မှန်းချက်တွေကို ထပ်မံစမ်းသပ်ဖို့ ကြိုးစားလေ့ရှိတယ်။ သူတို့ရဲ့စိတ်ကူးအတွေးအခေါ်ကို တရားသေဆုပ်ကိုင်လေ့မရှိ။ စိတ်ကူးသစ်နဲ့ မှန်ကန်တဲ့အချက်အလက် အထောက်အထားများတွေ့ရှိပါက သူတို့ရဲ့ မူလအတွေးအခေါ် အယူအဆကို ပြောင်းလဲဖို့ ဝန်လေးလေ့မရှိ။ သိပ္ပံပညာရှင်တို့ဟာ ပို၍ပို၍တိကျမှန်ကန် ခိုင်လုံသောအထောက်အထား အချက်အလက်တွေနဲ့ မိမိဝန်းကျင်နိုင်ငံရေး လူမှုရေး၊ စီးပွားရေးအဖြစ်သနစ်တွေကို ပုံဖော်ပြီး ရှင်းလင်းပြတတ်ကြတယ်။ မြန်မာနိုင်ငံကတော့ "အားလုံးအတွက် သိပ္ပံပညာရေး" (Science for All) မလုပ်နိုင်သေးဘူးလို့ ပြောရပါလိမ့်မယ်။ ပညာတတ်ရင် သိပ္ပံနဲ့နည်းပညာတတ်ကျွမ်းရင် မိသားစုကို ထိန်းနိုင်လောက်မယ်။ သိပ္ပံနဲ့ နည်းပညာတိုးတက်မှု ကိုယ်၌ကိုက လူနေမှုအဆင့်အတန်းမြင့်မားစေဖို့၊ ညီညွတ်မျှတစေဖို့ အခွင့်အလမ်းတွေ ပါဝင်ပါတယ်။

**ကောင်းပါပြီ၊ ဒီဆောင်းပါးကို ဒီလို နိဂုံးချုပ်ချင်ပါတယ်။**

- **မြန်မာ့လူ့ဘောင်အဖွဲ့အစည်း အရည်အသွေးရရှိသွားဖို့ အာမခံချက်အပေးဆုံးက ဆရာတွေ ဖြစ်နေပါတယ်။**
- **ဆရာတွေရဲ့ အရည်အသွေးကို အမြဲမြှင့်နေရပါမယ်။ အမြဲတမ်း လေ့လာနေ ရပါမယ်။ ဆန်းသစ်တဲ့ အယူအဆ၊ အတွေးအခေါ်တွေဟာ ရှင်သန်နေရပါမယ်။**
- **ဒီအတွက် "ဆရာဟာ ထာဝရ တပည့်ကြီးဆိုသကဲ့သို့" အစဉ်လေ့လာမယ်ဆိုတဲ့ ခံယူချက်နဲ့ ပညာရေးခရီးကို ဆက်ရမှာ ဖြစ်ပါကြောင်း မေတ္တာဖြင့် ရေးသားတင်ပြအပ်ပါတယ်။ ။**

# မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန်ပစ္စည်းများ တင်ပို့ရန် GACC တွင် မှတ်ပုံတင်ရမည်

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of China–GACC) ၏ ကြေညာချက်အမှတ် (၂၄၈) နှင့် (၂၄၉) တို့အရ ၁–၁–၂၀၂၂ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စားသောက်ကုန် တင်ပို့မည့်/ တင်ပို့လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် GACC တွင် မှတ်ပုံတင်ပြီးမှသာလျှင် တင်ပို့ခွင့်ရရှိမည်ဖြစ်သည်။**

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့မည့် ကုန်စည်အမျိုးအစား လေးခုဖြစ်သည့် အသားနှင့် အသားထုတ်ကုန်များ၊ ရေထွက်ကုန်များ၊ နို့ထွက်ပစ္စည်းများ၊ ငှက်သိုက်နှင့် ဆက်စပ်ထုတ်ကုန်များနှင့် ကုန်စည်အမျိုးအစား ၁၄ ခုဖြစ်သည့် အစာသွတ်ရန် အသုံးပြုသည့် အပေါ်ခွံ အစွပ်၊ ပျားရည်နှင့် ပျားထွက်ပစ္စည်း၊ ဥနှင့် ဥထုတ်ကုန်များ၊ စားသုံးဆီ၊ အပြင်အသားအား ဂျုံသားဖြင့် ပြုလုပ်ထားပြီး စားသုံးနိုင်သည့် သို့မဟုတ် အေးခဲထားသည့် ထုတ်ကုန်များ၊ စားသုံးနိုင်သောအစေ့အဆန်များ၊ ကြိတ်ခွဲသီးနှံထွက်ကုန်များနှင့် မုယောစပါး၊ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ၊ ရေခါတ်ထုတ်ထားသော ဟင်းသီးဟင်းရွက်များနှင့် ပဲခြောက်များ၊ အနံ့အရသာအတွက် အသုံးပြုသော ဟင်းခတ်အမွေးအကြိုင်များ၊ အခွံမာသီးနှင့် အစေ့အဆန်များ၊ သစ်သီးခြောက်များ၊ မလှော်ထားသော ကော်ဖီနှင့် ကိုကိုးစေ့များ၊ အထူးအာဟာရ အစားအသောက်များ၊ ကျန်းမာရေးဖြည့်စွက်စာများ စုစုပေါင်း ကုန်စည်အမျိုးအစား ၁၈ အုပ်စုကို တရုတ်နိုင်ငံ၊ GACC တွင် မှတ်ပုံတင်ရမည်ဖြစ်သည်။

ကုန်စည်အုပ်စုအလိုက် GACC တွင် မှတ်ပုံတင်နိုင်ရေးအတွက် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များမှာ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ဖြစ်ကြသည်။ အဆိုပါကုန်စည်အမျိုးအစား ၁၈ အုပ်စု၌ ပါဝင်ခြင်းမရှိသည့် ကုန်စည်များကို ထုတ်လုပ်/ တင်ပို့မည့်လုပ်ငန်းများအနေဖြင့် တရုတ်နိုင်ငံ၏ ပြတင်းတစ်ပေါက်အစီအစဉ်ဖြစ်သည့် https://cifer.singlewindow.cn သို့ ဝင်ရောက်၍ ကိုယ်တိုင် Account ဖွင့်လှစ်ကာ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်သည်။

၁–၁၂–၂၀၂၁ ရက်မှ ၃၀–၉–၂၀၂၂ ရက်အထိ ကုမ္ပဏီ/စက်ရုံ ၁၀၂၂ ခုမှ ပေးပို့ထားသည့် စောင်ရေစုစုပေါင်း ၁၈၅၀ စောင်အား မှတ်ပုံတင်ရန် လျှောက်ထားပြီးဖြစ်ရာ စိုက်ပျိုးရေးဦးစီးဌာနမှ ကုမ္ပဏီ ၈၈၃ ခု၊ စောင်ရေ ၁၇၁၁ စောင်၊ ငါးလုပ်ငန်းဦးစီးဌာနမှ ကုမ္ပဏီ/ စက်ရုံ ၁၁၈ ခု၊ စောင်ရေ ၁၁၈ စောင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကုမ္ပဏီ ၁၂ ခု၊ စောင်ရေ ၁၂ စောင်နှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကုမ္ပဏီ ၉ ခု၊ စောင်ရေ ၉ စောင် ရှိကြောင်း သိရှိရသည်။



# ပြည်တွင်းစက်သုံးဆီဖူလုံစေရေးအတွက်စက်သုံးဆီများ ပုံမှန်တင်သွင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စက်သုံးဆီအမျိုးအစားအလိုက် ဖူလုံမှုရှိစေရေး စိစစ်တင်သွင်းဆောင်ရွက်လျက်ရှိသည်။

စက်သုံးဆီ တင်သွင်းမှု အခြေအနေမှာ အောက်တိုဘာ ၁ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး၊ သီလဝါဆိပ်ကမ်းရှိ Terminal တွင် MT Intan Premier သင်္ဘောသည် ဓာတ်ဆီ 92 Ron ၂ ဒသမ ၀၉ ဂါလန်သန်းနှင့် ဓာတ်ဆီ 95 Ron ၀ ဒသမ ၁၇ ဂါလန်သန်း ဆီချလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

တစ်ပတ်အတွင်း စက်သုံးဆီဈေးနှုန်းများ အနေဖြင့် စက်တင်ဘာ ၂၉ ရက်တွင် MOPS ဈေး မြင့်တက်မှုကြောင့် အနည်းငယ် မြင့်တက်ခဲ့ပြီးနောက်ပိုင်း တဖြည်းဖြည်းကျဆင်းလျက်ရှိကြောင်း သတင်းရရှိသည်။

# မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် အနေဖြင့် ၂–၁၀–၂၀၂၂ ရက်တွင် ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ၁၃၇ သန်း၊ သွင်းကုန်ကန်ဒေါ်လာ ၃ ဒသမ ၃၈၅ သန်း၊ ကုန်သွယ်မှု ကန်ဒေါ်လာ ၄ ဒသမ ၅၂၂ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးအမှန်တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှ ရော်ဘာ ၃၀၅ ဒသမ ၅၀ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၄၄၇ သန်း၊ ငါးရှဉ့် ၇၈ ဒသမ ၇၂ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၂၆၈ သန်း၊ ဝါဂွမ်း ၈၇ ဒသမ ၅၀ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၁၅၉ သန်း၊ ကဏန်း ၂၉ ဒသမ ၁၆ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၁၁၇ သန်း၊ ဆန် (ဩှ့မထ) ၁၆၉ ဒသမ ၅၀ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၆၅ သန်း၊ နှမ်းနက် ၃၀ ဒသမ ၀၀ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၄၂ သန်း၊ ဆန်ကွဲ (A1:2) ၆၅ ဒသမ ၅၅တန်၊ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၂၃ သန်း၊ ဆန်ကွဲ (B 1–2) ၃၅ ဒသမ ၀၀ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၁၃ သန်း၊ လက်ဖက်ခြောက် ၁၇ ဒသမ ၆၀ တန်၊ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၀၄ သန်း တို့ဖြစ်သည်။

အများဆုံး အမှန်တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ၅၀၀၀ တန် စက်ပစ္စည်း (U= ၁ Lot) တန်ဖိုး ကန်ဒေါ်လာ ၂ ဒသမ ၈၈၂ သန်း၊ ကားတာယာ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၉၄ သန်း၊ သံချောင်းတန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၃၈ သန်း၊ ပလတ်စတစ်ခွေ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၂၃ သန်း၊ ပန်းသီးတန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၂၀ သန်း၊ ဓာတ်မြေဩဇာ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၂၀ သန်း၊ ဘက်ထရီခွက် တန်ဖိုးကန်ဒေါ်လာ ၀ ဒသမ ၀၁၅ သန်း၊ သံဖြတ်ကိရိယာ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၁၀ သန်း၊ ပုံနှိပ်မင်တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၀၉ သန်း၊ အလူမီနီယံတံခါး တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၁၀ သန်းတို့ဖြစ်သည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၂ ရက်အထိ ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၂ ဒသမ ၃၁၅ သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၄ ဒသမ ၀၉၃ သန်း၊ ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၆ ဒသမ ၄၀၈ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး ယနေ့ပေါက်ဈေးအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ငွေကျပ် ၃၅၀ ဖြစ်ပြီး လက်ရှိတွင် ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

# မြန်မာ့လယ်ယာထွက်ကုန်များကို ဂျပန်ဈေးကွက်သို့ စံချိန်မီတင်ပို့နိုင်ရေး စီမံကိန်းရေးဆွဲဆောင်ရွက်မည်

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့ရောင်းချမှု တိုးမြင့်လာစေပြီး မြန်မာ့လယ်ယာထွက်ကုန်များကို အရည်အသွေးပိုမိုတိုးတက်ကောင်းမွန်ကာ ထုတ်လုပ်မှုတန်ဖိုးကွင်းဆက်တစ်လျှောက် စံချိန်စံညွှန်းဆိုင်ရာ အသိပညာပေးရန်နှင့် အလားအလာရှိသော ကုန်ပစ္စည်းအမယ်များအား ရွေးချယ်၍ ဂျပန်နိုင်ငံဈေးကွက်သို့ စံချိန်မီတင်ပို့နိုင်ရေးအတွက် စီမံကိန်းရေးဆွဲဆောင်ရွက်သွားမည်ဖြစ်သည်။ သို့ဖြစ်ရာ "Project on Standardization for potential agricultural products export to Japan" စီမံကိန်းကို ယခုနှစ် အောက်တိုဘာလမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအထိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယခုနှစ် စက်တင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ သက်လွင်ဦးနှင့် တာဝန်ရှိသူများ၊ ကမ္ဘောဇ ကုန်သွယ်မှု ဗဟိုဌာန တာဝန်ခံနှင့် ကျွမ်းကျင်သူ ဒေါက်တာ ဥမ္မာခိုင်တို့က Online/ Offline ဖြင့် တက်ရောက်ခဲ့ကြသည်။ ရှမ်းပြည်နယ် တောင်ပိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းဒေသကြီးမှ ဂျပန်ဈေးကွက်အတွက် အလားအလာကောင်းသည့် စိုက်ပျိုးရေး ထွက်ကုန်များကို ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကုန်သွယ်ဖွံ့ဖြိုးဌာနခွဲ**

# ပြည်တွင်းရွှေဈေးကွက် ရောင်းလိုအားများနေ

သီတင်းကျွတ်ပွဲတော်ကာလ နီးကပ်လာသည်နှင့်အညီ မြန်မာလူမျိုးတို့၏ ဓလေ့ထုံးစံအရ အလှူအတန်းများ၊ ဘာသာရေးပွဲများအတွက် ပြင်ဆင်သည့်ကာလဖြစ်၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ ရွှေဆိုင်များတွင် ရွှေထည်ရောင်းချမှု များပြားလျက်ရှိသည်။

အောက်တိုဘာ ၃ ရက် နံနက်ပိုင်းကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၆၄ ဖြစ်၍ ယခင်အပတ်ရွှေဈေးနှုန်းထက် ၂၄ ဒေါ်လာ ပိုမိုခဲ့ပြီး မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၏ ရည်ညွှန်းဈေးနှုန်းမှာလည်း ယခုအပတ် ငွေကျပ် ၁၉၅၈၀၀၀ ဖြစ်ကာ ယခင်အပတ်ထက် ငွေကျပ် ၂၄၀၀၀ ပိုမိုသတ်မှတ်ခဲ့သော်လည်း ဈေးကွက်ပေါက်ဈေးနှုန်းမှာ ရည်ညွှန်းဈေးနှုန်းထက် ၆ သိန်းကျော် ပိုမိုနေပြီး လက်ရှိဈေးကွက်တွင် ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၂၆၂၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း တွေ့ရှိရသည်။ ပြည်တွင်းဈေးကွက်တွင် ရွှေစုဆောင်းလိုမှုလျော့ကျလာပြီး ဝယ်လိုအားထက် ရောင်းလိုအားပိုမိုနေသဖြင့် ကမ္ဘာ့ရွှေဈေးနှုန်းမြင့်တက်လာမှုနှင့်အတူ ပြည်တွင်းရွှေဈေးနှုန်းမှာ လိုက်ပါမြင့်တက်ခြင်းမရှိဘဲ ယခင်အပတ် ဈေးကွက်ပေါက်ဈေးနှုန်း ထက်ငွေကျပ် ၁၆၀၀၀၀ ခန့် လျော့နည်းကာ အရောင်းအဝယ်ဖြစ်နေကြောင်း သတင်းရရှိသည်။

**Source – YGEA**

# ကျိုင်းလပ်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုအခြေအနေ

ကျိုင်းလပ်ကုန်သွယ်ရေး စခန်းတွင် စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ပို့ကုန်ပုစွန်ဖွဲ (တိရစ္ဆာန်အစာ) ၃၆၆ ဒသမ ၅၀ တန်၊ တန်ဖိုး ၀ ဒသမ ၁၈၃ ကန်ဒေါ်လာသန်း၊ ဒရင်ကောက်မြစ် ၆၀ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၅၄ ကန်ဒေါ်လာသန်း တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သည်။ ရာသီချိန်တွင် ဒေသထွက်ရော်ဘာ အနည်းငယ်သာ မြန်မာ–လာအို နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားမှ ဖြတ်သန်းပြီး လာအိုမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့မှု ရှိခဲ့သည်။ ၎င်းပို့ကုန်များမှာ တာချီလိတ် ကုန်သွယ်ရေးစခန်း၏ ပို့ကုန်လိုင်စင်/ ED များဖြင့် ကျိုင်းလပ်ကုန်သွယ်ရေးစခန်းသို့ ဖြတ်သန်းဝင်ရောက်ကာ အစစ်ဆေးခံပြီး တင်ပို့ခြင်းဖြစ်သည်။

ဒေသနေပြည်သူများမှာ တာချီလိတ်မြို့၊ ကျိုင်းတုံမြို့တို့မှ စားသောက်ကုန်၊ လူသုံးကုန် ပစ္စည်းအချို့ကို ဝယ်ယူသယ်ဆောင်ပြီး ဒေသတွင်း စားသုံးလျက်ရှိသည်။

မိမိတို့နှင့်ထိစပ်နေသော လာအိုနိုင်ငံ၏ အနီးဆုံး ကျိုင်းကုတ်မြို့တွင် လားဟူ၊ အာခါလူမျိုး အများဆုံးနေထိုင်ပြီးစိုက်ပျိုးမွေးမြူရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပြီး ကျိုင်းလပ်မြို့နှင့် တာလေမြို့ ကုန်သွယ်မှုလမ်းကြောင်းမှာ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

## သီရိလင်္ကာနိုင်ငံ၌ ဝင်ငွေနည်းပါးသည့် မိသားစုများအတွက် အိမ်ရာယူနစ် ၂၀၀၀ တည်ဆောက်မည်


သီရိလင်္ကာ သမ္မတ ရာနေး ဝစ်ခ်ရမီဆင်းဂေး။

**ကိုလံဘို အောက်တိုဘာ ၃**

သီရိလင်္ကာအစိုးရက ဝင်ငွေနည်းသည့် မိသားစုများအတွက် အိမ်ရာယူနစ်သစ် ၂၀၀၀ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သမ္မတ ရာနေး ဝစ်ခ်ရမီဆင်းဂေးက ပြောကြားသည်။

အောက်တိုဘာလ၏ ပထမ တနင်္လာနေ့တွင် ကျရောက်သည့် ကမ္ဘာ့နေရပ်နေ့ အထိမ်းအမှတ် သဝဏ်လွှာတွင် သီရိလင်္ကာနိုင်ငံသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များ အောင်မြင်ရန်လိုအပ်ပြီး ပြည်သူများ ပျော်ရွှင်စွာနေထိုင်နိုင်သည့် လူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်ရမည်ဖြစ်ကြောင်း သမ္မတက ပြောကြားသည်။

အဆိုပါ အစီအစဉ်ကို လက်တွေ့အကောင်အထည်ဖော်ရန် အစိုးရက ဝင်ငွေနည်းမိသားစုများအတွက် အိမ်ရာအလုံးရေ ၂၀၀၀ ကို စတင်ဆောက်လုပ်မည်ဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းသည် မြို့ပြဒေသများကို အကျိုးပြုရုံသာမက မြို့ပြတစ်ပိုင်းနေလူထုအတွက်ပါ အကျိုးရှိစေမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဝင်ငွေနည်းသော မိသားစုများအား ၎င်းတို့၏ လိုအပ်ချက်များကို ဆွေးနွေးတိုင်ပင်ပြီးနောက် အိမ်ရာယူနစ်များကို ထောက်ပံ့ပေးသင့်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

**ဆင်ဟွာ**

## တရုတ်နိုင်ငံတစ်ဝန်း မိုးသက်မုန်တိုင်းကျရောက်နိုင်သည့်အတွက် အပြာရောင်အဆင့် သတိပေးချက်ထုတ်ပြန်


ယမန်နှစ်က ဟီနန်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည်ကို တွေ့ရစဉ်။

**ပေကျင်း အောက်တိုဘာ ၃**

တရုတ်နိုင်ငံတစ်ဝန်း နေရာဒေသအများအပြားတွင် မိုးသက်မုန်တိုင်းကျရောက်နိုင်သည့် အတွက် အပြာရောင်အဆင့် သတိပေးချက်ကို အောက်တိုဘာ ၃ ရက်တွင် အမျိုးသား မိုးလေဝသဌာနက ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အောက်တိုဘာ ၃ ရက် မွန်းလွဲ ၂ နာရီမှ အောက်တိုဘာ ၄ ရက် မွန်းလွဲ ၂ နာရီအတွင်း စီချွမ်၊ ချုံကင်း၊ ရှန်ရှီး၊ ဟူဘေး၊ ဟီနန်၊ ရှန်ဒုံ၊ အန်ဟွေးနှင့် ကျန်းစုစသည့် ဒေသအများအပြားတွင် မိုးသက်မုန်တိုင်း ကျရောက်နိုင်ဖွယ်ရှိကြောင်းနှင့် မိုးရေချိန် ၁၅၀ မီလီမီတာအထိ မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။

ထို့ကြောင့် မြို့များ၊ လယ်များနှင့် ငါးကန်များ၏ ရေနုတ်မြောင်းစနစ်များ စစ်ဆေးခြင်းအပါအဝင် သင့်တော်သည့် ပြင်ဆင်မှုများ ပြုလုပ်ထားရန် ဒေသန္တရအစိုးရများအား အဆိုပါမိုးလေဝသဌာနက အကြံပြုထားသည်။ ထို့အပြင် ရေကြီးရေလျှံမှုနှင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ယာဉ်မောင်းများအား သတိပေးမှုပြုလုပ်ထားပြီး ကျောင်းများနှင့် သူငယ်တန်းကျောင်းများကိုလည်း ကျောင်းသားကျောင်းသူများ၏ ဘေးအန္တရာယ်ကင်းရေးအတွက် သင့်လျော်သည့် ပြင်ဆင်မှုများ စီမံဆောင်ရွက်ထားကြရန် တောင်းဆိုထားသည်။

တရုတ်နိုင်ငံတွင် မိုးလေဝသ သတိပေးချက် စနစ်အတွက် အရောင်ဖြင့် ခွဲခြားသတ်မှတ်သည့် အဆင့် လေးဆင့်ရှိပြီး အနီရောင်သည် အပြင်းထန်ဆုံး သတိပေးချက်ကို ကိုယ်စားပြုပြီး ၎င်းနောက်တွင် လိမ္မော်ရောင်၊ အဝါရောင်နှင့် အပြာရောင်အဆင့်ဟူ၍ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## ယူဂန္ဓာနိုင်ငံ၌ အီဘိုလာရောဂါကြောင့် ကျန်းမာရေးဝန်ထမ်း ၆၅ ဦးကို သီးခြားခွဲထား

**ကမ်ပါလာ အောက်တိုဘာ ၃**

ယူဂန္ဓာနိုင်ငံ၌ အီဘိုလာရောဂါကူးစက်ခံရသူများနှင့် ထိတွေ့ပြီးနောက် ကျန်းမာရေးဝန်ထမ်း ၆၅ ဦးကို သီးခြားခွဲထားကြောင်း ကျန်းမာရေး ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူက အောက်တိုဘာ ၂ ရက်တွင် ပြောကြားသည်။

အချို့သော လုပ်သားများသည် အိမ်တွင် ၂၁ ရက်ကြာ နေထိုင်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ အမ်မန်နျူရယ် အင်နာယိုနာက ပြောကြားသည်။

အီဘိုလာရောဂါ ကူးစက်ခံရသူများနှင့် ထိတွေ့ခဲ့သူများကို ၂၁ ရက်ကြာ စောင့်ကြည့်နေကြောင်း ၎င်းကပြောကြားသည်။


မူဘန်ဒီဒေသဆိုင်ရာ လွှဲပြောင်းရေးဆေးရုံ၏ အီဘိုလာသီးခြားခွဲထားမှုအပိုင်း အပြင်ဘက်တွင် ကျန်းမာရေးဝန်ထမ်းများကို တွေ့ရစဉ်။

ယူဂန္ဓာနိုင်ငံ အနောက်ပိုင်း ခါဘာရိုးခရိုင်တွင် တန်ဇန်းနီးယားနိုင်ငံသား ဆရာဝန်တစ်ဦးသည် အောက်တိုဘာ ၁ ရက်က အီဘိုလာရောဂါဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

အသက် ၂၄ နှစ်အရွယ် အမျိုးသားတစ်ဦးသည်ပိုးတွေ့ရှိကြောင်း စစ်ဆေးတွေ့ရှိပြီးနောက် ယူဂန္ဓာနိုင်ငံတွင် အီဘိုလာရောဂါ ဖြစ်ပွားမှုကို စက်တင်ဘာ ၂၀ ရက်က ထုတ်ပြန်ကြေညာသည်။

အီဘိုလာရောဂါ ကြောင့် နိုင်ငံအတွင်း အတည်ပြုလူနာ ၃၈ ဦးနှင့် သေဆုံးသူ ရှစ်ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ ၃၀ ရက်က ပြောကြားသည်။

**ဆင်ဟွာ**

## အင်ဒိုနီးရှား၌ စက်သုံးဆီဈေးနှုန်းမြင့်တက်မှုကြောင့် ၂၀၁၄ နောက်ပိုင်း ငွေကြေးဖောင်းပွမှု အမြင့်ဆုံးရောက်လာ

**ဂျကာတာ အောက်တိုဘာ ၃** – အင်ဒိုနီးရှားနိုင်ငံ၌ စက်တင်ဘာလတွင် ငွေကြေးဖောင်းပွမှုမှာ ၁ ဒသမ ၁၇ ရာခိုင်နှုန်းအထိ ရှိခဲ့ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း ငွေကြေးဖောင်းပွမှု အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ကြောင်း အင်ဒိုနီးရှားစာရင်းအင်းအဖွဲ့ (ဘီပီအက်စ်) က အောက်တိုဘာ ၃ ရက်တွင် ပြောသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ထိုကဲ့သို့ ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်ရခြင်း အဓိကအကြောင်းရင်းမှာ စက်ဆုံးဆီဈေးနှုန်းမြင့်တက်မှုကြောင့်ဖြစ်ကြောင်း ဘီပီအက်စ်အဖွဲ့မှ အကြီးအကဲဖြစ်သူ မာဂိုယူယွန်နိုက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ၌ နှစ်စဉ်ငွေကြေးဖောင်းပွမှုနှုန်းသည် တစ်နှစ်ထက်တစ်နှစ် ၅ ဒသမ ၉၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

စက်တင်ဘာလနောက်ပိုင်း အင်ဒိုနီးရှားနိုင်ငံ၌ ပြည်တွင်းစက်သုံးဆီ ဈေးနှုန်းမှာ ၃၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း သိရသည်။ အင်ဒိုနီးရှားနိုင်ငံ၌ လူသုံးများသော စက်သုံးဆီ တစ်လီတာလျှင် ၇၆၅၀ ရူပီးယား (အမေရိကန်ဒေါ်လာ ၀ ဒသမ ၅၀) မှ ၁၀၀၀၀ ရူပီးယား (အမေရိကန်ဒေါ်လာ ၀ ဒသမ ၆၅) အထိ မြင့်တက်လာကြောင်း သိရသည်။ **ဆင်ဟွာ**



## လာအိုနိုင်ငံတစ်ဝန်း သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၂၁ ဦးနှင့် ကူးစက်ခံရသူ ၂၆၈၆၇ ဦးရှိလာ

**ဗီယင်ကျန်း အောက်တိုဘာ ၃** – ယခုနှစ်မှာ လက်ရှိအချိန်အထိ လာအိုနိုင်ငံတစ်ဝန်း သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၂၁ ဦးနှင့် ကူးစက်ခံရသူ ၂၆၈၆၇ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း အက်တာပူးပြည်နယ်မှာ အဆိုပါရောဂါကြောင့် တစ်ဦးသေဆုံးပြီး ၄၁ ဦး ထပ်မံကူးစက်ခံရကြောင်း လာအို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဆိုင်ရာ ပြန်ကြားရေးနှင့် ပညာရေးစင်တာက အောက်တိုဘာ ၃ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာအရ သိရသည်။

လာအိုနိုင်ငံမြို့တော် ဗီယင်ကျန်းတွင် သွေးလွန်တုပ်ကွေးလူနာ ၁၃၅၄၄ ဦးဖြင့် အများဆုံးဖြစ်ပြီး ၎င်းနောက် လောင်နမ်သာပြည်နယ်က ၃၈၅၅ ဦးနှင့် အက်တာပူးပြည်နယ်က ၁၅၀၀ ဖြင့် အများဆုံးဖြစ်ကြောင်း သိရသည်။ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၂၁ ဦးတွင် အက်တာပူးပြည်နယ်က ခြောက်ဦး၊ လောင်နမ်သာ ပြည်နယ်က သုံးဦး ပါဝင်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၃၀ | ၁၉၇၅ | ၁၉၇၀ | ၁၉၃၅ | ၁၉၇၅ | ၁၉၉၅ | ၁၉၈၀ | ၁၉၆၀ | ၂၀၅၅ | ၂၀၇၀ | ၁၉၆၅ | ၁၉၇၅ | ၂၀၁၀ | ၂၀၁၀ | ၂၀၁၅ | ၂၂၃၀ | ၂၇၅၅ |
| 95 Ron | ၁၉၉၅ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၀၄၀ | ၂၀၆၅ | ၂၀၅၀ | ၂၀၂၅ | ၂၁၂၀ | ၂၁၃၅ | ၂၀၃၅ | ၂၀၅၀ | ၂၀၇၅ | ၂၀၇၅ | ၂၀၈၀ | ၂၃၀၀ | ၂၈၄၅ |
| HSD (500 ppm) | ၂၄၃၀ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၅ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၄၀ | ၃၄၃၅ |
| HSD (50 ppm) | ၂၅၁၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၀ | ၂၅၅၅ | ၂၅၈၀ | ၂၅၇၅ | ၂၅၄၅ | ၂၆၆၀ | ၂၆၅၀ | ၂၅၅၀ | ၂၅၆၀ | ၂၅၉၅ | ၂၅၉၅ | ၂၅၉၅ | ၂၈၁၅ | ၃၄၇၀ |
| HSD (10 ppm) | ၂၅၁၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၀ | ၂၅၅၅ | ၂၅၈၀ | ၂၅၇၅ | ၂၅၄၅ | ၂၆၆၀ | ၂၆၅၀ | ၂၅၅၀ | ၂၅၆၀ | ၂၅၉၅ | ၂၅၉၅ | ၂၅၉၅ | ၂၈၁၅ | ၃၄၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၃၂ | ၁၉၀၂ |
| 95 Ron | ၁၈၉၇ | ၁၉၆၈ |
| HSD (500 ppm) | ၂၃၂၇ | ၂၄၀၃ |
| HSD (50 ppm) | ၂၃၉၈ | ၂၄၇၆ |
| HSD (10 ppm) | ၂၃၉၈ | ၂၄၇၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# နိုင်ငံတစ်ဝန်း ကိုဗစ်- ၁၉ ကာကွယ်ရေး အရှိန်မြှင့်တင်ဆောင်ရွက်

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်တွင်းကူးစက်မှုများ ပိုမိုများပြားလာလျက်ရှိရာ အမြို့မြို့အနယ်နယ်၌ ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ရောဂါကူးစက်မှု မဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။ မြို့နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ဆောင်ရွက်မှုများကို ဖော်ပြလိုက်ပါသည်။

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး မြို့နယ်များ၌ နှာခေါင်းစည်းများဖြန့်ဝေ



### ကျိုင်းတုံ

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့အဝင် နောင်နွန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ ကိုဗစ်- ၁၉ ရောဂါကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို အောက်တိုဘာ ၃ ရက်က ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ စည်ပင်သာယာရေးဌာန ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက နေ့စဉ်ဝင်ရောက်လာသည့် ခရီးသွားလာသူများနှင့် အပြင်ထွက်သွားလာသူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးခဲ့ပြီး စနစ်တကျ တပ်ဆင်ရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နည်းလမ်းများကို တိကျစွာ လိုက်နာကြရန် အသိပညာပေး ပြောကြားခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

အလားတူ ကျိုင်းတုံမြို့နယ်၌ လူစည်ကားရာနေရာများ၊ ဈေးများတွင် အပြင်ထွက်သွားလာသူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေး အသိပညာပေး နှိုးဆော်ခြင်းများကို ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

### ပေါက်တော

ရခိုင်ပြည်နယ် ပေါက်တောမြို့၌ ပြည်သူများ ကိုဗစ်- ၁၉ ရောဂါကူးစက်မှု မရှိလာစေရန်နှင့် ကာကွယ်ထိန်းချုပ်နိုင်ရန် မြို့နယ်ကိုဗစ်- ၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃ ရက်က လူစည်ကားရာ တြိဂံလမ်းဆုံနှင့် လမ်းမတစ်လျှောက် ဈေးရောင်းဈေးဝယ် ပြည်သူများအား နှာခေါင်းစည်း ကမ်ပိန်းအသိပညာပေး ဆောင်ရွက်သည်။

အဆိုပါ နှာခေါင်းစည်းကမ်ပိန်းဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်သူများအား နှာခေါင်းစည်းများတပ်ဆင်ကြရန် နှာခေါင်းစည်းကမ်ပိန်း ပြုလုပ်ခဲ့ကြပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုက်နာကြရန်၊ ပြည်သူများ အိမ်အပြင်ထွက်ပါက မဖြစ်မနေ နှာခေါင်းစည်းတပ်ဆင်သွားလာကြရန်၊ ကိုဗစ်- ၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးကို မပျက်မကွက် ထိုးနှံနိုင်ရေး အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး

### ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ကိုဗစ်- ၁၉ ကာကွယ်ဆေးဒုတိယအကြိမ်ထိုးနှံပြီး၍ ခြောက်လပြည့်သည့် ပြည်သူများအား တတိယအကြိမ်ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးလျက်ရှိရာ အောက်တိုဘာ ၂ ရက်က အမှတ်(၂၆) ရပ်ကွက် ကျောင်းကုန်း၌ ထိုးနှံပေးသည်။

အဆိုပါ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေမျိုးထွန်း (ရွှေပြည်သာ)

### ဆီဆိုင်

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် စတုတ္ထအကြိမ် ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို အောက်တိုဘာ ၃ ရက်က မိခင်နှင့်ကလေး ကျန်းမာရေး ဌာန၌ ထိုးနှံပေးသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော လမ်းညွှန်ချက်များနှင့်အညီ ဒေသခံပြည်သူများအား ကျန်းမာရေးဝန်ထမ်းများက စာရင်းမှတ်တမ်းရေးသွင်းကောက်ယူခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး စတုတ္ထ အကြိမ် ကိုဗစ်-၁၉ ရောဂါထပ်ဆောင်း ကာကွယ်ဆေးများကို စနစ်တကျ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မျိုးမြတ်(ဆီဆိုင်)

# ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၇၈ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

(၃–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃,၁၃၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၇၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၈၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၁၀၄,၇၉၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၄,၂၉၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၁၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၈,၇၂၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၆၁) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၂၆–၉–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့်နာတာရှည်ရောဂါ အခံတစ်ခုခုရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝ ထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏
ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရသူ နာတာရှည်ရောဂါအခံရှိသူများ၏ မိသားစုဝင်များ ထံမှသိရှိချက်အရ အဆိုပါသေဆုံးရသူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံမှုကို ခံယူမှုမရရှိခဲ့ခြင်း၏ အဓိကအကြောင်းရင်းများမှာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းဖြင့် မိမိတွင်ရှိနေသည့် နာတာရှည်ရောဂါအခံသည် ပိုမိုဆိုးရွားလာမည်ဟူသည့် လွဲမှားသောအယူအဆကြောင့် စိုးရိမ်စိတ်ဖြစ်ပေါ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို လာရောက်မခံယူခြင်း၊ အသက်အရွယ်ကြီးရင့်မှုနှင့် နာတာရှည်ရောဂါအခံကြောင့် ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ရန် အခက်ခဲရှိခြင်းတို့ကြောင့် ဖြစ်သည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရပါက အသက်အန္တရာယ်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားသည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့်နာတာရှည်ရောဂါအခံတစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန်နှင့် ၎င်းတို့၏ မိသားစုဝင်များ၊ မိတ်ဆွေများမှလည်း အဆိုပါနာတာရှည်ရောဂါ အခံတစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်–၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့်ထိုးနှံမှုခံယူရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကို မပျက်မကွက် ထိုးနှံမှုခံယူနိုင်ရေးအတွက် နီးစပ်ရာ ကာကွယ်ဆေးထိုးစုရပ်များ၊ ကျန်းမာရေးဌာနများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများနှင့် မပျက်မကွက် ဆက်သွယ်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ဒေသခံပြည်သူ ၁၃၀၊ ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၈၅ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၇၁၆ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၁၄၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသားကျောင်းသူ ၇၈၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင်နေပြည်တော် ကောင်စီနယ်မြေ အတွင်းရှိ မြို့နယ်ငါးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်နှင့် ရေဝတီတိုင်းဒေသကြီး ဖျာပုံမြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပေါက်တောမြို့တွင် ပြည်သူများ ကိုဗစ်- ၁၉ မျိုးရိုးဗီဇပြောင်းအိုမီခရွန်ရောဂါ ကူးစက်မှုမရှိစေရန်နှင့် ကာကွယ်ထိန်းချုပ်နိုင်ရန်Mask Campaign လုပ်ငန်းများအရှိန်အဟုန်မြှင့် ဆောင်ရွက်

**ပေါက်တော အောက်တိုဘာ ၃**



ရခိုင်ပြည်နယ် ပေါက်တောမြို့၌ ပြည်သူများ ကိုဗစ်–၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါ ကူးစက်မှုမရှိလာစေရန်နှင့် ကာကွယ်ထိန်းချုပ်နိုင်ရန် မြို့နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက် ၈ နာရီက လူစည်ကားရာ တြိဂံလမ်းဆုံနှင့် လမ်းမတစ်လျှောက် ဈေးရောင်း ဈေးဝယ် ပြည်သူများအား Mask တပ်ဆင်ရေး အသိပညာပေး ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေး ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်သူများအား နှာခေါင်းစည်းများ တပ်ဆင်ကြရန် တိုက်တွန်းခဲ့ကြပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုက်နာကြရန်၊ ပြည်သူများ အိမ်အပြင်ထွက်ပါက မဖြစ်မနေနှာခေါင်းစည်း တပ်ဆင်သွားလာကြရန်၊ ကိုဗစ်–၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးကို မပျက်မကွက် ထိုးနှံနိုင်ရေး အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကမ္ဘာ့မြောက်ခြမ်းမှ ငှက်မျိုးစိတ်ညှော့သည်များ မြန်မာနိုင်ငံအတွင်း ဆောင်းခိုကြသော ကာလ...

သိန်းညွှန့် PZL

**လာမည့် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၈ ရက်သည် "ကမ္ဘာ့ရွှေ့ပြောင်းငှက်များနေ့" ဖြစ်ပါ၏။ ကမ္ဘာကြီး၏မြောက်ခြမ်းတစ်လွှာမှ ငှက်မျိုးစိတ်အစုအဖွဲ့သည် နှစ်စဉ်ဆောင်းရာသီ ကာလအတွင်း ကမ္ဘာ့တောင်ခြမ်းသို့ ညှော့သည်တော်အဖြစ် လာရောက်နားခိုလေ့ရှိကြသည်။**

ဤသည်မှာ ရာသီဥတုပူနွေးမျှတသော ရပ်ဝန်းသို့ အစာရေစာနှင့် ရေဝပ်ဒေသများ၌ ကျက်စားနိုင်ကြ၍ နိုင်ငံအတွင်း ဆောင်းခိုကြခြင်းဖြစ်ပါ၏။ တစ်နည်းဆိုရပါသော် အိမ်ဂေဟာသဖွယ် အခင်းအကျင်း သာတောင့်သာယာရှိ၍ ညှော့သည်များ လာရောက်ကြခြင်းဟုလည်း ဆိုနိုင်ပေသည်။

**ငှက်များတောင်ဝင်ရိုးစွန်း ဒေသဆီသို့ ရွှေ့ပြောင်း**

ငှက်များဆောင်းခိုခြင်း ဓလေ့သည်ရာသီအလိုက် ပုံမှန်ဖြစ်ရိုးဖြစ်စဉ်သာဖြစ်ပါ၏။ ကမ္ဘာ့မြောက်ဝင်ရိုးစွန်းဒေသတစ်ဝန်း ရေခဲပြင်ကြီးများ ဖုံးလွှမ်းလာချိန်တွင် ငှက်အများစုသည် ၎င်း၏ အသက်ဆက်လက်ရှင်သန်ရပ်တည်နိုင်ရန်အတွက် တောင်ဝင်ရိုးစွန်းဒေသဆီသို့ ရွှေ့ပြောင်းပျံသန်းကာအခြေချ ဆောင်းခိုကြခြင်းဖြစ်ပေသည်။

၎င်းတို့သည် တောင်ဝင်ရိုးစွန်း၌ လာရောက်ဆောင်းခိုကြကာ မြောက်ဝင်ရိုးစွန်းသို့ တစ်ဖန်ပျံသန်းကာ သွားပေါက်လေ့ရှိကြပါ၏။ ဆောင်းခိုငှက်များသည် ၎င်းတို့နားခိုကြမည့် အရပ်သို့ မရပ်မနားပျံသန်းကြသည့် ငှက်များရှိသကဲ့သို့ အချို့ငှက်များကမူ လမ်းခရီးတွင် တစ်ထောက်နားကာ ပျံသန်းကြကြောင်း သိမှတ်ရသည်။

မှတ်တမ်းပြုချက်များအရ ကမ္ဘာတစ်လွှားခရီးအဝေးဆုံး၊ အရှည်ဆုံး ပျံသန်းကြသော ငှက်မျိုးစိတ်မှာ Arctic Tern ဖြစ်ကြပြီး ၎င်းတို့သည် အာတိတ်ဒေသမှသည် အန္တာတိကဒေသသို့ ကီလိုမီတာ သုံးသောင်းကျော် ခရီးအကွာအဝေးကို မရပ်မနား ပျံသန်းကာ ဆောင်းခိုလေ့ ရှိကြပါသည်။



ကမ္ဘာ ပေါ်တွင် ဆောင်းခိုရန် ငှက်များ ပျံသန်းကြသော လမ်းကြောင်း ကိုးခုရှိသည့်အနက် မြန်မာနိုင်ငံသည် ဗဟိုအာရှပျံသန်းရာ လမ်းကြောင်း (Central Asian Flyway)နှင့် အရှေ့အာရှ-ဩစတြေးလျ ပျံသန်းရာ လမ်းကြောင်း (East Asian–Australasian Flyway) နှစ်ခုအတွင်း တည်ရှိနေကာ နှစ်စဉ်ပင် ဆောင်းခိုငှက်များစွာ လာရောက်ဆောင်းခိုကြလေ့ရှိကြပေသည်။

"ကမ္ဘာ့ရွှေ့ပြောင်းငှက်များနေ့" အထိမ်းအမှတ်ပွဲများကို နှစ်စဉ်ကမ္ဘာတစ်လွှား၌ မေလနှင့် အောက်တိုဘာဒုတိယအပတ်၏ စနေနေ့တွင် ကျင်းပရန် ၂၀၀၆ ခုနှစ်က ဖွဲ့ဆော်ဦးသတ်မှတ်ခဲ့ပါ၏။ ရွှေ့ပြောင်းငှက်နှင့် ၎င်းတို့ ကျက်စားရာဒေသများ ကာကွယ်စောင့်ရှောက်ရေးအတွက် အဓိက ဦးတည်ကာ လူထုပညာပေးအစီအစဉ်တစ်ရပ်အဖြစ် ကမ္ဘာတစ်ဝန်းနှစ်စဉ် ကျင်းပခဲ့ပါ၏။ ယခုနှစ်အတွက် "ကမ္ဘာ့ရွှေ့ပြောင်းငှက်များနေ့" ဆောင်ပုဒ်အဖြစ် "Dim the lights for Birds at Night "(ငှက်များအတွက် အလင်းမှိန်မှိန် ညအချိန်) ဖြစ်ပါသည်။

**ငှက်မျိုး စိတ်ပေါင်း ၁၁၁၆ မျိုးရှိ**



မြန်မာနိုင်ငံအတွင်း ငှက်မျိုးစိတ်ပေါင်း ၁၁၁၆ မျိုးရှိပေရာ ယင်းအနက် ဆောင်းခိုငှက်မျိုးစိတ် ၄၀၀ ခန့် ပါဝင်ကာ ရေငှက်မျိုးစိတ် ၂၀၆ မျိုးခန့်ရှိကြောင်း မှတ်တမ်းများအရ သိရ၏။ နှစ်စဉ်ရင်ဆိုင်ကြုံတွေ့ရသော ခြိမ်းခြောက်မှု အန္တရာယ်များကြောင့် ဆောင်းခိုငှက်မျိုးစိတ်အရေအတွက် လျော့နည်းကျဆင်းလာခဲ့ကြောင်း သုတေသနပညာရှင်များက သတိပြုခဲ့ကြရာ အချို့ငှက်မျိုးစိတ်များ ဆိုပါလျှင် မျိုးသုဉ်း ပျောက်ကွယ်လုနီးအခြေအနေသို့ ရောက်ရှိနေပေပြီ။



ဆောင်းခိုငှက် များ လာရောက် ခိုလှုံကြသော အခင်းအကျင်း အနေအထားကို ရှုကြည့်ခြင်းအားဖြင့်လည်း ယင်းဒေသ၏ အစာရေစာနှင့် ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကိုပါ ခန့်မှန်းသိရှိနိုင်ပေရာ ဂေဟာစနစ်အရ အရေးပါသော အနေအထား၌ ရှိပေသည်။

**ကမ္ဘာ့မြောက်ခြမ်းဒေသသို့ သားပေါက်ရန် ပျံသန်း**

မြန်မာနိုင်ငံအတွင်း ဆောင်းခိုငှက်များ အဓိကလာရောက်ကျက်စားလေ့ရှိသော ဒေသများမှာ အင်းတော်ကြီးကန်၊ အင်းလေးကန်၊ ပလိပ်အင်း၊ ပြူကန်၊ မိုးယွန်းကြီးအင်း၊ မုတ္တမပင်လယ်ကွေ့၊ နံ့သာကျွန်း၊ မိန်းမလှကျွန်းနှင့် တနင်္သာရီ ကမ်းရိုးတန်းဒေသများဖြစ်ကြပြီး ယင်းဒေသများတွင် နားခိုကာ ကမ္ဘာ့မြောက်ခြမ်းဒေသသို့ သားပေါက်ရန်အတွက်နှင့် မျိုးဆက်တည်တံ့ရေး မိုင်ထောင်သောင်းချီကာ ခရီးဝေးပျံသန်းခရီးနှင်ကြရသော ဆောင်းခိုငှက်များ၏ ဘဝခရီးပေါက်မြောက်လုံခြုံစေရန်အတွက် ပူးပေါင်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါသည်။

အချုပ်ဆိုရပါသော် မြန်မာနိုင်ငံတစ်လွှား မြစ်၊ ချောင်း၊ အင်းအိုင်နှင့် ကမ်းရိုးတန်းတစ်လျှောက် ဆောင်းရာသီနှင့်အတူ ယှဉ်တွဲတွေ့ရှိရသော အဆင်တန်ဆာများသဖွယ် အစဉ်အလာမပျက် ညှော့ဆောင်းခိုငှက်များ ဘေးကင်းလုံခြုံစွာ ကျက်စားပျံသန်းနိုင်စေရေး ဒေသခံပြည်သူများ၏ ကာကွယ်စောင့်ရှောက်မှုများက မဖြစ်မနေ လိုအပ်လျက်ရှိပါကြောင်း "ကမ္ဘာ့ရွှေ့ပြောင်းငှက်များနေ့" အကြိုအဖြစ် နှိုးဆော်လိုက်ရပါသတည်း။ ။

**မြန်မာနိုင်ငံအတွင်း ဆောင်းခိုငှက်များ အဓိကလာရောက်ကျက်စားလေ့ရှိသော ဒေသများမှာ အင်းတော်ကြီးကန်၊ အင်းလေးကန်၊ ပလိပ်အင်း၊ ပြူကန်၊ မိုးယွန်းကြီးအင်း၊ မုတ္တမပင်လယ်ကွေ့၊ နံ့သာကျွန်း၊ မိန်းမလှကျွန်းနှင့် တနင်္သာရီ ကမ်းရိုးတန်းဒေသများဖြစ်ကြပြီး ယင်းဒေသများတွင် နားခိုကာ ကမ္ဘာ့မြောက်ခြမ်းဒေသသို့ သားပေါက်ရန်အတွက်နှင့် မျိုးဆက်တည်တံ့ရေး မိုင်ထောင်သောင်းချီကာ ခရီးဝေးပျံသန်းခရီးနှင်ကြရသော ဆောင်းခိုငှက်များ၏ ဘဝခရီးပေါက်မြောက်လုံခြုံစေရန်အတွက် ပူးပေါင်းကာကွယ် စောင့်ရှောက်ကြရမည်ဖြစ်**

# SME လုပ်ငန်းများကို အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် စက်မှုဇုန်များ၊ စက်ရုံစုများ ဖော်ဆောင်ပေးရန်လိုအပ်

**နေပြည်တော် အောက်တိုဘာ ၃**

မော်လမြိုင်စက်မှုဇုန်တွင် အကြီးစား၊ အလတ်စား၊ အငယ်စား စက်မှုလုပ်ငန်းများမှ အစားအစာ ထုတ်လုပ်ခြင်း၊ ဆေးရွက်ကြီးနှင့် ပတ်သက်သော ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ အဝတ်အထည် ထုတ်လုပ်ခြင်း၊ ဓာတုဗေဒပစ္စည်းများနှင့် ဓာတုဗေဒထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ စက္ကူနှင့် စက္ကူထုတ်ကုန်များ၊ ရော်ဘာနှင့် ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ အခြားသတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ အခြေခံသတ္တုပစ္စည်းများ ထုတ်လုပ်ခြင်း၊ လျှပ်စစ်ပစ္စည်း၊ စက်နှင့် စက်ပစ္စည်း ထုတ်လုပ်ခြင်း၊ ပြင်ဆင်၊ တပ်ဆင်ခြင်းနှင့် အခြား ကုန်ထုတ်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း ၁၈၂ ခု၊ ကျောက်တန်းစက်ရုံစုတွင် အကြီးစား၊ အလတ်စားလုပ်ငန်း ၁၃ ခု ရှိကြောင်း ပြည်နယ်စက်မှုဇုန်များ၊ စက်ရုံစုများအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်သည့် အစည်းအဝေးမှ သိရသည်။



မွန်ပြည်နယ်အတွင်း စက်မှုဇုန်များ၊ စက်ရုံစုများ အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ပတ်သက်သည့် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က SME လုပ်ငန်းများကို အကောင်ထည်ဖော် ဆောင်ရွက်ရာတွင် စက်မှုဇုန်များ၊ စက်ရုံစုများ ဖော်ဆောင်ပေးရန် လိုအပ်ကြောင်း၊ ဒေသထွက်ကုန်များ အဆင့်မြှင့်တင်နိုင်ရန်အတွက် အခြေခံအဆောက်အအုံများ တည်ထောင်ပေးရန် လိုအပ်ကြောင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများအပြင် ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုပါ ဖိတ်ခေါ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အတွက် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစား စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဒေသထွက်ကုန်များ ပြည်တွင်းပြည်ပသို့ တင်ပို့နိုင်ရေးတို့နှင့် ပတ်သက်၍ လည်းကောင်း၊ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ခေတ္တပြည်နယ် ဦးစီးမှူးက ပြည်နယ်အတွင်းရှိ စက်မှုဇုန်ဆိုင်ရာ အချက်အလက်များ၊ အသေးစား၊ အငယ်စားနှင့်အလတ်စား လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးများနှင့် အစည်းအဝေး တက်ရောက်သူများက ဝိုင်းဝန်းဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အမှတ် (၁၅) ရပ်ကွက်နေ အောင်ပိုက်ဌေးလွင်သည် ၎င်းအသုံးပြုသည့် “Aung Pite Htay Lwin” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှု လုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရပါသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

## ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ်၌ ပြည်နှင်ဆောင်ရွက်မည့် တရုတ်နိုင်ငံသား ခုနစ်ဦးကို လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ (စိစစ်ဆဲ) က ဖမ်းဆီးခေါ်ဆောင်


**နေပြည်တော် အောက်တိုဘာ ၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ်၌ ပြည်နှင်ဆောင်ရွက်မည့် တရုတ်နိုင်ငံသား ခုနစ်ဦးကို လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ (စိစစ်ဆဲ) က ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂ ရက် နံနက် ၄ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်မှ လူဝင်မှုကြီးကြပ်ရေးဦးစီးမှူး ဦးထွန်းအောင်လှိုင်၊ လက်ထောက်လူဝင်မှု ကြီးကြပ်ရေးမှူး ဦးနိုင်မိုးဇော်၊ စဉ့်ကူးမြို့နယ်မှ ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူးများဖြစ်သည့် ဦးကျော်စိုးခိုင်နှင့် ဦးခိုင်ဇော်မျိုးတို့သည် တရုတ်နိုင်ငံသို့ ပြည်နှင်ဆောင်ရွက်မည့် တရုတ်နိုင်ငံသားများဖြစ်ကြသည့် Pan Han Bing (၂၅) နှစ် (ဘ) Pan Jin Lang ၊ Lin Zhen Fen (၂၅) နှစ် (ဘ) Lin Jin Wen ၊ Yang Jun Feng (၃၂) နှစ် (ဘ) Yang Gao Jun ၊ Liu Fei Feng (၂၅) နှစ် (ဘ) Liu Jin Xlang ၊ Sheng Bao (၂၄) နှစ် (ဘ) Chen Sul Chen ၊ Yan Bin (၂၂) နှစ် (ဘ) Yan Yuan Fheng ၊ Zhouli (၂၃) နှစ် (ဘ) Zho Welving တို့ ခုနစ်ဦးကို မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးဦးစီးရုံးမှ လားရှိုးမြို့ရှိ ဒုတိယပြည်နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးရုံးသို့ ပို့ဆောင်ရန် ယာဉ်မောင်း ဦးဝင်းရွှေမောင်းနှင်သည့် “ချမ်းသာအောင်” ခရီးသည်တင်ယာဉ်လိုင်းမှ 6K/2052 SUPER CUSTOM ယာဉ်ဖြင့် ထွက်ခွာလာခဲ့သည်။

ထိုသို့ထွက်ခွာလာစဉ် နံနက် ၁၀နာရီခန့်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် လွယ်ခေါ်ကျေးရွာအနီး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၁၁၄ မိုင် ၆ ဖာလုံအရောက်၌ လက်ပစ်ဗုံးကိုင်ဆောင်ထားသည့် လက်နက်ကိုင်သောင်းကျန်းသူ နှစ်ဦး (စိစစ်ဆဲ) က လားရာတူနောက်မှ ဆိုင်ကယ်တစ်စီးဖြင့် မောင်းနှင်ရောက်ရှိလာပြီး ၎င်းတို့စီးနင်းလာသည့် မော်တော်ယာဉ်အား ရပ်တန့်ခိုင်းခဲ့ကြောင်း၊ ထပ်မံ၍ လက်နက်ကိုင်သောင်းကျန်းသူ တစ်ဦး (စိစစ်ဆဲ) က ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာကာ ၎င်းတို့အား မော်တော်ယာဉ်နှင့်အတူ တောအတွင်းသို့ မောင်းနှင်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး တောလမ်းတစ်နေရာ အရောက်တွင် ဦးထွန်းအောင်လှိုင် ၊ ဦးနိုင်မိုးဇော်၊ ဦးကျော်စိုးခိုင်နှင့် ဦးခိုင်ဇော်မျိုး တို့ လေးဦးကို ပြန်လည်စေလွှတ်ပေးခဲ့သဖြင့် ဦးခိုင်ဇော်မျိုးနှင့် ဦးနိုင်မိုးဇော်တို့ နှစ်ဦးမှာ နောင်ချိုမြို့နယ်လူဝင်မှုကြီးကြပ်ရေးရုံးသို့လည်းကောင်း၊ ဦးထွန်းအောင်လှိုင်နှင့် ဦးကျော်စိုးခိုင်တို့ နှစ်ဦးမှာ ကျောက်မဲမြို့နယ်လူဝင်မှုကြီးကြပ်ရေးရုံးသို့လည်းကောင်း ကားကြုံဖြင့် အသီးသီး ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲမြို့နယ်၌ ပြည်နှင်ဆောင်ရွက်မည့် တရုတ်နိုင်ငံသား ခုနစ်ဦးအား လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ (စိစစ်ဆဲ) က ဖမ်းဆီးခေါ်ဆောင်သွားမှု အခြေပြမြေပုံ




ဖြစ်စဉ်တွင် ပြည်နှင်ဆောင်ရွက်မည့် တရုတ်နိုင်ငံသားများအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် လက်နက်ကိုင်သောင်းကျန်းသူများကို ဖမ်းဆီးအရေးယူနိုင်ရေးနှင့် ဖမ်းဆီးခေါ်ဆောင်ခံရသူ တရုတ်နိုင်ငံသားများအား ရှာဖွေကယ်ဆယ်နိုင်ရေး နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေး လုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ထံ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းတက်ရောက်ရန် သွားရောက်မည့်တရားခံများ ဖမ်းဆီးရမိ

၂-၁၀-၂၀၂၂ ရက်က ကျောက်မဲမြို့နယ် Oriental တိုးဂိတ်၌ ဖမ်းဆီးရမိသည့် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းတက်ရောက်မည့် တရားခံများ၏ မှတ်တမ်းဓာတ်ပုံ


လှိုင်မင်းထွန်း


ညီညီထွန်း


ထက်ပိုင်လင်း


မျိုးမြင့်မြတ်


အောင်ဇော်ဟိန်း


သန့်ဇင်ထွန်း


ဟိန်းမင်းဦး


ကျော်ဇင်ထက်


စိုင်းထက်အောင်


ဝေယံဦး



ကေလာ


စနေထွန်း

**နေပြည်တော် အောက်တိုဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများအနေဖြင့် လူငယ်၊ လူရွယ်များအား တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များထံသို့ ပို့ဆောင်၍ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းများ တက်ရောက်စေကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများ အပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင်အဆောက်အဦများ မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

ထိုသို့ဆောင်ရွက်မှုများ မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့/ည မပြတ် စုံစမ်းထောက်လှမ်းဖော်ထုတ်ဖမ်းဆီးမှုများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂ ရက် ညနေပိုင်းတွင် ကျောက်မဲမြို့နယ် Oriental တိုးဂိတ်၌ မန္တလေးမြို့မှ ကျောက်မဲမြို့ဘက်သို့ ထွက်ခွာလာသည့် "ရွှေလိပ်ပြာ" ခရီးသည်တင် ယာဉ်လိုင်းမှ ယာဉ်မောင်း **လှိုင်မင်းထွန်း** မောင်းနှင်သည့် ယာဉ်အမှတ်၊ CC-8581 ၊ Win-groad အမျိုးအစား ခဲရောင် မော်တော်ယာဉ်အား ရှာဖွေစစ်ဆေးခဲ့ရာ TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ထံ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်ရန် သွားရောက်မည့် တရားခံများဖြစ်သော **ညီညီထွန်း၊ သန့်ဇင်ထွန်း၊ ဟိန်းမင်းဦး၊ ထက်ပိုင်လင်း၊ မျိုးမြင့်မြတ်၊ ကျော်ဇင်ထက်၊ စိုင်းထက်အောင်၊ အောင်ဇော်ဟိန်း၊ ဝေယံဦး** နှင့် **စနေထွန်း** တို့ ၁၀ ဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ယင်းနေ့ညပိုင်းတွင် အကြမ်းဖက်ဖောက်ခွဲရေး သင်တန်း တက်ရောက်မည့်သူများအား ချိတ်ဆက်ပို့ဆောင်ပေးမည့် တရားခံ **ကေလာ** ကို ကျောက်မဲမြို့၊ အမှတ် (၈) ရပ်ကွက်ရှိ ကားဝင်း၌ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖြစ်စဉ်တွင်စုစုပေါင်း တရားခံ **ကျား ၁၂ ဦး** ဖမ်းဆီးရမိခဲ့သည်။

**ဖောက်ခွဲဖျက်ဆီးရေးသင်တန်း**

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ တရားခံ **ညီညီထွန်း၊ သန့်ဇင်ထွန်း၊ ဟိန်းမင်းဦး၊ ထက်ပိုင်လင်း၊ မျိုးမြင့်မြတ်၊ ကျော်ဇင်ထက်၊ စိုင်းထက်အောင်၊ အောင်ဇော်ဟိန်း၊ ဝေယံဦး** နှင့် **စနေထွန်း** တို့ ၁၀ ဦးသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ဖမ်းဆီးရန်ကျန် တရားခံ **သန်းဝင်းအောင် (ခ) ပေါကြီး** ခေါင်းဆောင်သည့် ဘုတလင်မြို့နယ် ပိုးကုန်းကျေးရွာရှိ PDF အမည်ခံအကြမ်းဖက် အဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး ပိုးကုန်းကျေးရွာ၏ အနောက်ဘက်တောအတွင်း၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသင်တန်း ၁၀ ရက်ခန့် တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

၂-၁၀-၂၀၂၂ ရက်က ကျောက်မဲမြို့နယ်၊ ရပ်ကွက် (၈)၊ ကားဝင်း၌ ဖမ်းဆီးရမိသည့် အကြမ်းဖက် ဖောက်ခွဲရေးသင်တန်းတက်ရောက်သူ များအား ချိတ်ဆက် ပို့ဆောင်ပေးမည့် တရားခံ။



၂-၁၀-၂၀၂၂ ရက်က ကျောက်မဲမြို့နယ်၊ Oriental တိုးဂိတ်၌ သိမ်းဆည်းရမိသည့် အကြမ်းဖက်သင်တန်းတက်ရောက်မည့် တရားခံများ စီးနင်းလာသည့် မော်တော်ယာဉ်။

တရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် **ညီညီထွန်း** ပါ ၁၀ ဦးတို့သည် ဖမ်းဆီးရန်ကျန်တရားခံ **သန်းဝင်းအောင် (ခ) ပေါကြီး** ၏ ချိတ်ဆက် ပို့ဆောင်ပေးမှုဖြင့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ထံ၌ အကြမ်းဖက်ဖောက်ခွဲရေး သင်တန်းတက်ရောက်ရန် ဘုတလင်မြို့မှ မန္တလေးမြို့သို့ ခရီးသည်တင်ယာဉ်ဖြင့် လာရောက်ခဲ့ပြီး မန္တလေးမြို့သို့ ရောက်ရှိစဉ် ဖမ်းဆီးရန်ကျန် တရားခံ **သန်းဝင်းအောင် (ခ) ပေါကြီး** မှ ကြိုတင်ချိတ်ဆက်ထားသည့် "ရွှေလိပ်ပြာ" ယာဉ်လိုင်းမှ ယာဉ်မောင်း **လှိုင်မင်းထွန်း** လာရောက် ခေါ်ဆောင်သည့် မော်တော်ယာဉ်ဖြင့် ကျောက်မဲမြို့သို့ ဆက်လက်ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

**သင်တန်းတက်ရောက်မည်**

ဖမ်းဆီးရမိတရားခံ **လှိုင်မင်းထွန်း** သည် **ညီညီထွန်း** ပါ ၁၀ ဦးတို့ကို မန္တလေးမြို့မှ ကျောက်မဲမြို့သို့ ပို့ဆောင်ပေးရန် **သန်းဝင်းအောင် (ခ) ပေါကြီး** ထံမှ ငွေကျပ်သုံးသိန်း လက်ခံ ရရှိခဲ့ကြောင်း၊ ထို့အပြင် ကျောက်မဲမြို့သို့ ရောက်ရှိပါက **ကေလာ** မှတစ်ဆင့် ကျောက်မဲမြို့နယ် တော့ဆန်ကျေးရွာသို့ ဆက်လက်ပို့ဆောင်၍ TNLA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့ထံ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်မည်ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

**ဥပဒေအရ အရေးယူနိုင်ရေး**

သို့ဖြစ်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်ရန် သွားရောက်မည့်သူများနှင့် ကူညီဆောင်ရွက်ပေးသူများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများ ဖမ်းဆီးရမိရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပန်းတနော်မြို့နယ်၌ ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်ပြီး တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ အောက်တိုဘာ ၂ ရက်က ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင် တိုက်မိပြီး တစ်ဦးသေ၊ နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၂ ရက် ညနေ ၅ နာရီက ပန်းတနော်မြို့နယ် သောင်တန်းကျေးရွာနေ ကျော်ဝေလင်း (၂၃ နှစ်) သည် ပန်းတနော်မြို့ဘက်မှ ဝါးခယ်မမြို့သို့ ရန်ကုန်-ဝါးခယ်မ ကားလမ်းအတိုင်း ဆိုင်ကယ်မောင်းနှင်လာစဉ် ပန်းတနော်မြို့နယ် မှင်ပတောကျေးရွာအနီး မိုင်တိုင်အမှတ် ၉ မိုင်၊ ၀ ဖာလုံနှင့် ၁ ဖာလုံကြားအရောက်၌ ခတ္တိယထုံးကျေးရွာနေ နန့်ရွှေငွေး (၃၆ နှစ်) မောင်းနှင်ပြီး နန့်အေးအေးသင်း (၃၅ နှစ်) လိုက်ပါလာသော ဆိုင်ကယ်နှင့် လမ်းလယ်၌ မျက်နှာချင်းဆိုင်တိုက်မိခဲ့သဖြင့် နန့်ရွှေငွေးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး ကျော်ဝေလင်းနှင့် နန့်အေးအေးသင်းတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ကျော်ဝေလင်းနှင့် နန့်ရွှေငွေးတို့အား ခန္ဓကဘိုနယ်မြေရဲစခန်းက အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၌ ကားဖြင့်တိုက်မိ၍ လမ်းဖြတ်ကူးသူ အမျိုးသမီးတစ်ဦး သေဆုံး

**နေပြည်တော် အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၌ အောက်တိုဘာ ၂ ရက်က ကားဖြင့်တိုက်မိ၍ လမ်းဖြတ်ကူးသူ အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။

အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီ ၅ မိနစ်ခန့်က လှိုင်မြို့နယ် (၁၆) ရပ်ကွက်နေ သန်းဇော်ဦး (၂၁ နှစ်) မောင်းနှင်လာသည့် MITSUBISHI CANTER 7B/----- မော်တော်ယာဉ်သည် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် အမှတ် (၅) လမ်းမကြီးအတိုင်း တပ်ထိပ်မှတ်တိုင်ဘက်မှ စက်မှုဇုန် မီးပွိုင့်ဘက်သို့ မောင်းနှင်လာစဉ် စက်မှုဇုန် မှတ်တိုင်အနီး အရောက်၌ လမ်းဖြတ်ကူးသူ အမှတ် (၅) ရပ်ကွက်နေ မကြည်ကြည်ညွန့် (၃၈ နှစ်) အား ဝင်တိုက်မိပြီး ဒဏ်ရာများရရှိကာ သေဆုံးသွားသဖြင့် သန်းဇော်ဦးအား လှိုင်သာယာ အရှေ့ပိုင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၁၀-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

- ၀၆း၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့်အဖွဲ့၏ပေဋကသုတ်၊ ရတနသုတ်၊ မေတ္တသုတ် အန္တရာယ်ကင်း ပရိတ်တရားတော်
- ၀၇း၀၀ နံနက်ခင်းသတင်း
- ၀၈း၃၅ "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ" (၂၀၂၂ခုနှစ်၊စက်တင်ဘာလ)(တတိယပိုင်း)
- ၀၉း၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၀၉း၃၅ "ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်း အသွယ်သွယ်"
- ၀၉း၄၀ "Sports Diary"
- ၁၀း၀၀ သတင်းထဲကသတင်း
- ၁၃း၃၀ MRTV National News
- ၁၅း၀၀ မျိုးဝင်္ကတင့်စေ ဆိုကရေးတီးအမွေ
- ၁၆း၃၅ ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ
- ၁၇း၁၅ "နှစ်စုံတူပျော် မီးမြင့်မိုရ်ပွဲတော်"
- ၁၇း၃၅ "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ" (၂၀၂၂ခုနှစ်၊စက်တင်ဘာလ)(စတုတ္ထပိုင်း)
- ၁၈း၀၀ ပြည်တွင်းသတင်း
- ၁၈း၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း'** (အပိုင်း-၂၁)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁း၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'အချစ်ဆိုသည်မှာ'** (အပိုင်း-၃၃)

**mitv**

- 07:01 Evergreen Classic: Shwin Lan Chan Myae Par Zay (Thae Nu Wah)
- 07:07 Colourful Threads
- 07:17 Karunar Kabar Home for the Aged (Nay Pyi Taw)
- 07:36 Chef Life: Ce'dric Davoine (French Chef)
- 08:01 News
- 08:28 The Four Famous of Bagan
- 08:46 Traditional Thatched Roofs: Thet Nge
- 09:01 Talk & Discussion: All about Weight Loss
- 09:43 Listening Pleasure, Instrumental Music (Banjo) Selection
- 09:51 Kindhearted Pet Lovers
- 10:01 New
- 10:32 Bottle Gourd Painting
- 11:02 Entrepreneur: Dr. Thin Nwe Win

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆း၀၀ မှ ၀၇း၀၀)**
လည်ပတ်လေ့လာကြည့်ရှုချင်စရာ ဇီဝမျိုးနွယ်ဆုံဆည်းရာ

**ချင်း (လိုင်ဇိုး) (၀၇း၀၀ မှ ၀၈း၀၀)**
မန်ကျည်းပင်၏ကောင်းကျိုး

**ချင်း (ချိုး) (၀၈း၀၀ မှ ၀၉း၀၀)**
ချင်းရိုးရာတူရိယာများ

**မွန် (၀၉း၀၀ မှ ၁၁း၀၀)**
အတောင်(၄၀၀)ပြည့်ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူဘုရား

**ရခိုင် (၁၁း၀၀ မှ ၁၃း၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၁)

**ရှမ်း (၁၃း၀၀ မှ ၁၅း၀၀)**
ထိန်းသိမ်းအစဉ်အလာတို့ဓလေ့ရိုးရာ

**ဝ (၁၅း၀၀ မှ ၁၇း၀၀)**
နန့်လျန်ချောင်း(ဟိုပန်မြို့)အကြောင်း

**ကချင် (၁၇း၀၀ မှ ၁၉း၀၀)**
ကချင်ရိုးရာထမင်းဟင်းထုပ်

**ကယား (၁၉း၀၀ မှ ၂၁း၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၆)

**ဝကော်ကရင် (၂၁း၀၀ မှ ၂၂း၀၀)**
ပဲခူးအနောက်ဘက်ဒေသ၏ကရင်ရိုးရာ ရက်ကန်းရက်လုပ်ခြင်း

**အနောက်ပိုးကရင် (၂၂း၀၀ မှ ၂၃း၀၀)**
သဘာဝမိကျောင်းများပျော်စံရာမိန်းမလှကျွန်း

**MRTV NEWS**

- ၀၆း၀၀ အဖွင့်၊ တေးသီချင်း
- ၀၆း၄၀ အားကစားသတင်း
- ၀၈း၄၅ "Economic Review" (Part-1)
- ၀၉း၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉း၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁း၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄း၀၀ MRTV National News
- ၁၆း၀၀ သတင်းမှန်ကဏ္ဍ
- ၁၉း၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀း၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁း၄၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ ၂၀၂၂ခုနှစ်၊စက်တင်ဘာလ (အပိုင်း-၄)

**MRTV PARLIAMENT**

- ၀၉း၀၀ အဖွင့်၊ အလံ
- ၀၉း၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'လောဘနှင့်ဒေါသ'**
- ၁၀း၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀း၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၂)
- ၁၁း၀၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၃)
- ၁၁း၃၀ အတွေးအမြင် (အပိုင်း-၂)

**MRTV FARMERS'**

- ၀၆း၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆း၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၇း၀၀ ရတနာတန်းဝင်ရွှေကျွန်းပင်
- ၀၈း၀၀ အနာဂတ်ဝင်ငွေတိုးစေဖို့ မျိုးကောင်းသရက်စိုက်ကြစို့
- ၀၈း၅၅ အာဟာရကြွယ်ဝရောင်းပန်းလှ ကျန်းမာလှပ ဝင်ငွေရမြန်မာ့လိမ္မော်ရောက်မျိုးများရဲ့အလှ
- ၀၉း၂၀ စက်မှုလယ်ယာခေတ်သစ်ဆီ အားသစ်လောင်းလို့လက်တွဲညီ
- ၀၉း၄၅ သာယာပျော်ရွှင်ညောင်နှစ်ပင်

**MRTV SPORTS**

- ၀၆း၀၀ အဖွင့်
- ၀၆း၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇း၀၀ Sports News
- ၀၇း၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- ၀၇း၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈း၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀း၀၀ ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀း၀၀) နာရီမှ ည (၁၀း၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# စစ်တွေမြို့၌ တိုင်းရင်းသားမျိုးနွယ်စုများအား အခြေခံကွန်ပျူတာသင်တန်းဖွင့်လှစ်သင်ကြား



နေပြည်တော် အောက်တိုဘာ ၃

ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနနှင့် ကွန်ပျူတာတက္ကသိုလ် (စစ်တွေ) တို့ပူးပေါင်းဖွင့်လှစ်သော အခြေခံ ကွန်ပျူတာသင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိ သူများ၊ ဆရာ၊ ဆရာမများနှင့် တိုင်းရင်းသား မျိုးနွယ်စုအလိုက် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တာဝန် ရှိသူများက သင်တန်းဖွင့်လှစ်ရန် ဆောင်ရွက်ထားရှိမှု အခြေအနေ များကို အသီးသီးရှင်းလင်းတင်ပြ ကြသည်။ ယင်းနောက် ပြည်နယ် ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တိုင်းရင်းသား လူငယ်များ ကွန်ပျူတာ သင်ကြားနိုင်ရေး အတွက် ထောက်ပံ့ငွေများ၊ မှတ်စု စာအုပ်များနှင့် စာရေးကိရိယာ များကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါသင်တန်းကို တိုင်းရင်း သားမျိုးနွယ်စုများဖြစ်သည့် ရခိုင်၊ သက်၊ ဒိုင်းနက်၊ မာရမာကြီး၊ ခမီ၊ မြို၊ စမ်းတူချင်း၊ အရှိုချင်း၊ လောက်တူချင်းနှင့် လေးတူချင်း စသည့် တိုင်းရင်းသားလူငယ် ၄၀ တို့ဖြင့် အောက်တိုဘာ ၃၁ ရက် အထိ ဖွင့်လှစ် သင်ကြားပေးသွား မည်ဖြစ်ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

## လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃-၁၀-၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၁၉၅၈၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၁၉၅၇၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၆၆၄ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၆၆၃ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၆၀ ကျပ် | ၂၅၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၄၅ ကျပ် | ၂၅၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၄၅ ကျပ် | ၂၀၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၁၅ ကျပ် | ၂၁၆၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၄၉ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၄၆၂ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၅ . ၀၆၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၄၄၆ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၅၁ . ၈၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၉၅ . ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၄၆၃ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၄၀၀ | ၉၆၀၀ | ၈၂ | ၇၇၅၆၀၀ |
| MTSH | ၃၅၀၀ | ၃၆၀၀ | ၆၆၁၅ | ၂၃၇၅၁၅၀၀ |
| MCB | ၇၇၀၀ | ၇၈၀၀ | ၁၃၈ | ၁၀၆၃၃၀၀ |
| FPB | ၁၉၅၀၀ | ၂၀၀၀၀ | ၂၄ | ၄၆၉၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၇၈ | ၂၁၄၅၀၀ |
| EFR | ၂၇၅၀ | ၂၈၀၀ | ၁၂၇၅ | ၃၅၃၈၇၅၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၃၀ | ၁၅၀၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# နှလုံးသားထဲကမြို့

မြင့်ထွေး (ဟိုတယ်/ ခရီး)

**မည်သည့်မြို့က အလှဆုံးလဲဟု ကျွန်တော့်ကိုမေးလာခဲ့လျှင် တောင်ကြီးမြို့ဟု ဖြေမိမှာဖြစ်သလို အပန်းဖြေရန် မည်သည့်မြို့ကိုသွားမလဲမေးလျှင် ပြင်ဦးလွင်မြို့ကို ရွေးချယ်မည်ဖြစ်ပါသည်။ ရက်ရှည် အနားယူမည်ဆိုလျှင်တော့ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့အနီးမှ ညောင်ဦးဖီးကျွန်းကို သွားမည်ဟုဖြေမည်။ အလားတူ.. မည်သည့်မြို့ကို အနှစ်သက်ဆုံးလဲဟု မေးလာခဲ့လျှင်တော့ ထင်းရှူးမြို့တော်ဖြစ်သည့် ကလောမြို့ဟု မဆိုင်းမတွဖြေပါမည်။**



ကလောမြို့၏ လှပသောတောင်တန်း၊ တောင်စွယ်များကို တွေ့ရစဉ်။

အဘယ်ကြောင့်ဆိုသော် ကလောမြို့တွင် ကျွန်တော်ချစ်သော ရှမ်း၊ ဓနု၊ ပအိုဝ်း၊ တောင်ရိုး၊ ပလောင်တိုင်းရင်းသားများရှိသည်။ ကျွန်တော်နှစ်သက်သည့် စိမ်းညို့သော တောင်တန်းများ၊ တသွင်သွင်စီးဆင်းနေသော စမ်းချောင်းများ၊ သန့်ရှင်းလတ်ဆတ်သော အသီးအနှံများ၊ တစ်မူကွဲပြားထူးခြားသည့် ရိုးရာပွဲတော်များရှိသည်။ ကျွန်တော်မြတ်နိုးသည့် ထင်းရှူးတောများ၊ ဝက်သစ်ချပင်များ၊ ရောင်စုံပွင့်သော ပန်းမန်များနှင့် စိန်ပန်းပြာများ၊ ချယ်ရီပန်းများ၊ အေးမြသော နှင်းပွင့်နှင်းစက်များ၊ ဖြူလွသည့် တိမ်စိုင်၊ တိမ်လိပ်များ၊ တိမ်ပင်လယ်များလည်းရှိသည်။

ထို့အပြင် ခရီးသွားလုပ်ငန်းတွင် လူ့ဘဝသက်တမ်း လေးပုံသုံးပုံခန့်အထိ နှစ်မြှုပ်ထားခဲ့သဖြင့် မိမိဘဝဟုခေါ်ဆိုနိုင်လောက်သည့် ခရီးသွားလုပ်ငန်းအခွင့်အလမ်းများစွာရှိသော ထင်းရှူးမြို့တော်တွင် အငြိမ်းစားယူသည့်အချိန်၌ အခြေချနေထိုင်ပြီး ဤမြို့လေး၏ ခရီးသွားလုပ်ငန်းများအပေါ် အထောက်အပံ့ပြုရင်း စာရေးခြင်း၊ ဂေါက်ရိုက်ခြင်းများဖြင့်ပြီးဆုံးရန် ရည်ရွယ်ထားသောကြောင့်လည်းဖြစ်သည်။

**မောမြေသဘာဝ**

ကလောမြို့သည် တစ်နှစ်ပတ်လုံး အေးမြသည့် ရာသီဥတုရှိသဖြင့် အသက်အရွယ်မရွေး၊ ဆင်းရဲ၊ ချမ်းသာမရွေး ကြိုက်နှစ်သက်ကြသည်။ ထင်းရှူးပင်များကြားမှ ဖြတ်သန်းလာသော သန့်ရှင်းလတ်ဆတ်သည့် လေများက ကျန်းမာရေးကို အထောက်အကူဖြစ်စေသည်။ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်နယ်စပ်ဖြစ်သည့် နမ့်ပန်တက်ရွာ မရောက်မီကပင် အကွေ့အကောက် အတက်အဆင်းများ၊ လမ်းဘေးတစ်လျှောက် အုပ်ဆိုင်းသော သစ်တောများက ခရီးသွားသူများနှင့် အကြောင်းအမျိုးမျိုးဖြင့် လာရောက်သူအပေါင်းကို စွဲလမ်းမှုဖြစ်စေသည်။ ကားလမ်းဘေးတစ်လျှောက်တွင် ဝါးရေတံလျှောက်များဖြင့် သွယ်တန်းကာ ရာသီမပြတ် ရေပေးဝေထားသဖြင့် တောင်ပေါ်ဒေသ တိုင်းရင်းသားတို့၏ စေတနာနှင့် ရိုးရာဓလေ့ပုံရိပ်ကို ပေါ်လွင်စေသည်။

မြေပြန့်လွင်ပြင်မှ ရှမ်းကုန်းပြင်မြင့်သို့ အချိုး၊ အကွေ့၊ အတက်၊ အဆင်းများဖြင့် ဖောက်လုပ်ထားသောလမ်းဖြစ်၍ ကုန်စည်ပို့ဆောင်သောယာဉ်များ၊ ခရီးသည်ပို့ဆောင်သည့် Express ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်များ၏ စည်းကမ်းရှိစွာ စီတန်းမောင်းနှင်နေသည့် ယာဉ်တန်းရှည်ကို View Point များမှကြည့်လျှင် လှပသည့်ရှုခင်းအဖြစ် တွေ့မြင်ရသည်။

ရာသီဥတုအေးမြပြီး ထင်းရှူးပင်ပေါက်ရောက်တတ်သော အခြားဒေသ၊ မြို့များတွင် လူဦးရေ ထူထပ်လာမှု၊ မြို့ပြဆန်လာမှု၊ မြို့ဧရိယာတိုးချဲ့မှု၊ သစ်တောများကို ခုတ်ထွင်ရှင်းလင်း၍ စိုက်ပျိုးမြေအဖြစ် ပြောင်းလဲမှု၊ သစ်တောမြေအတွင်း အိမ်ရာအဆောက်အအုံများ ဆောက်လုပ်လာမှုများကြောင့် ထင်းရှူးပင်များ ပြုန်းတီးပျောက်ကွယ်ကုန်သည့်အပြင် ရာသီဥတုပြောင်းလဲသည်အထိ တွေ့ရှိရသော်လည်း ကလောမြို့လေးအနေဖြင့်မူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှု၊ ဒေသအာဏာပိုင်တို့၏ ထိန်းကျောင်းမှု၊ ကလောချစ်သူများက ဝိုင်းဝန်းကြိုးပမ်းထိန်းသိမ်းမှုများကြောင့် ကလောမြို့မရောက်မီ ရေယားကျေးရွာမှစတင်၍ ထင်းရှူးပင်များကို တွေ့ရှိရပြီး ဝန်းကျင်တစ်ခုလုံး ၃၆၀ ဒီဂရီ မျက်စိမြင်မြင်ရာတွင် ထင်းရှူးပင်များအပြည့် စိမ်းညို့လျက်ရှိသည်။

**ထင်းရှူးမြို့အလှ**

ကလောမြို့လေးသည် သေးငယ်လှသော်လည်း အေးချမ်းသာယာလှပမှုနှင့် ပြည့်စုံသောမြို့လေးဖြစ်၍ လာရောက်အပန်းဖြေသူများဖြင့် အမြဲစည်ကားလျက်ရှိသည်။ ငါးရက်တစ်ဈေးသည် ကလောမြို့၏ ထင်ရှားသော ဒေသဓလေ့ ပုံရိပ်တစ်ခုဖြစ်သည်။ ဈေးနေ့တွင် ပတ်ဝန်းကျင်၊ မြို့၊ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားများက ဒေသထွက်အသီးအနှံများ၊ အစားအစာများ၊ ပန်းမန်များ၊ လာရောက်ရောင်းချကြသလို ကလောမြို့ဒေသခံများကလည်း စားသောက်ဆိုင်များ၊ ကုန်မာဆိုင်များ၊ ကုန်စို၊ ကုန်ခြောက်ဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ ဒေသထွက် အမှတ်တရပစ္စည်း အရောင်းဆိုင်များဖြင့် စုံလင်စွာ ဖွင့်လှစ်ရောင်းချကြသဖြင့် အလွန်စည်ကားလှသည်။ ကလောဈေးနေ့တွင် ဒေသခံတိုင်းရင်းသားများ၏ ဝတ်စားဆင်ယင်မှု၊ ဓလေ့စရိုက်များကို စုံလင်စွာတွေ့ရသည်။ တိုင်းရင်းသားများက ကတ်ဆက်ကြိုးများကို ပခုံးပေါ် ထမ်း၍လမ်းလျှောက်ရင်း သီချင်းများကို အတန်ငယ်ကျယ်လောင်စွာ ဖွင့်ကြသည်။ ၎င်းတို့စိုက်ပျိုးသော အသီးအနှံများကို ရောင်းချကြသည်။ အသီးအနှံရောင်းချရရှိသောငွေများဖြင့် လိုအပ်သော ကုန်ပစ္စည်းများကို ဝယ်ယူကြသလို လာရောက်ရောင်းချသူ အချင်းချင်းလည်း ကုန်ပစ္စည်းဖလှယ်တတ်ကြသည်။

ကိုဗစ်-၁၉ မတိုင်မီကာလ ၂၀၁၈၊ ၂၀၁၉ ခုနှစ်များသည် ကလောမြို့လေးသို့ မရောက်ဖူးသော လူစိမ်းများအတွက် နိုင်ငံခြားသားများ နေထိုင်သောမြို့လားဟု အမေးခံရသည်အထိ ကမ္ဘာလှည့် ခရီးသည်များ များပြားခဲ့သည်။ ကမ္ဘာလှည့်ခရီးသည်များ၊ ပြည်တွင်းခရီးသွားဧည့်သည်များဖြင့် စည်ကားလှသည့် ထင်းရှူးမြို့တော်အဖြစ် မှတ်ကျောက် တင်ထားနိုင်ခဲ့သည်။ ခရီးသွား ဧည့်သည်များအနေဖြင့် ကလောမြို့တွင်း လည်ပတ်ခြင်း၊ ကလောမြို့အနီးဝန်းကျင် Trekking ခရီးစဉ်များဖြင့် တိုင်းရင်းသားများ၏ ရိုးရာဓလေ့များ လေ့လာခြင်းများကို ဆောင်ရွက်ကြသကဲ့သို့ ကလောမြို့ကို ဗဟိုပြု၍ မဂွေဆင်စခန်း၊ ဗျိုက်တောင်၊ အိုးစည်တောင်၊ မှိုင်းလုံးတောင်၊ ရေယောင်းမ View Point၊ ပင်းတယ၊ ရွာငံ၊ ညောင်ရွှေ၊ အင်းလေး၊ တောင်ကြီး၊ ကျောက်တစ်လုံး(ကက္ကူ)၊ ဟိုပုံးမြို့များသို့ လည်ပတ်ကြသည်။

အထူးသဖြင့် ကလောမြို့မှ ခြေကျင်ခရီးဖြင့်လည်ပတ်သော Trekking ခရီးစဉ်များကို ဥရောပနိုင်ငံသားများ အလွန်ကြိုက်နှစ်သက်ကြသည်။ ၂၀၁၈၊ ၂၀၁၉ ခုနှစ်များက တစ်ရက်လျှင် ကမ္ဘာလှည့်ခရီးသည် ၂၀၀ ခန့် ကွန်ရက်သဖွယ် လွှန်းထိုးသွားလာခဲ့သော Trekking ခရီးစဉ်များကြောင့် ဒေသနေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းမွန်ခဲ့သလို တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝအခြေအနေများလည်း တိုးတက်ခဲ့သည်။

**ကမ္ဘာလှည့်ခရီးသည်များအကြိုက်**

ကလောမြို့မှ ဓနု၊ ပလောင်၊ တောင်ရိုးကျေးရွာများသို့ သွားရောက်မှုများသော Trekking လမ်းကြောင်း ခြောက်ခုရှိကြောင်း လေ့လာသိရှိရသည်။ ပထမလမ်းကြောင်းမှာ ကလော-ကလောဗျူးပွိုင့်-ကလော ခြောက်နာရီခန့်ကြာခရီးစဉ်ဖြစ်သည်။

ဒုတိယ Trekking လမ်းကြောင်းမှာ ကလော- မြင်းက- ပိန္နဲပင်- ကလော လမ်းကြောင်းဖြစ်သည်။ ဤခရီးစဉ်မှာ ခရီးစဉ်အစမှ အဆုံးအထိ ခုနစ်နာရီခန့် ကြာမြင့်သည်။

တတိယ ခရီးစဉ်လမ်းကြောင်းမှာ ကလောဝန်းကျင်တစ်ပတ် တစ်နေ့တာ ခြေကျင်ခရီးဖြစ်သည့် ကလော- လူ့ပြင်ကျေးရွာ- တောင်ကြီးချေ -မြင်းမထိ- မှိုင်းလုံးတောင် - ကလောခရီးစဉ်ဖြစ်သည်။

စတုတ္ထခရီးစဉ်မှာ ကလောမြို့မှ အင်းလေးကန်သို့ နှစ်ညအိပ်သုံးရက် Trekking ခရီးစဉ်ဖြစ်သည်။ ခရီးစဉ် ပထမရက်တွင် ကလောမြို့မှ ခြောက်နာရီကြာ လမ်းလျှောက်ခရီးဖြစ်သည့် ကလော View Point- ရေအေးကန်-မြင်းတိုက်ဘူတာ- ရွာပုရွာခရီးစဉ်ဖြစ်ပြီး ရွာပုရွာ၌ ညအိပ်ရပ်နားသည်။

ဒုတိယရက်တွင် ရွာပုရွာမှ ဓနုတိုင်းရင်းသားကျေးရွာ သုံးရွာကို တောင်စဉ်တောင်ကြားများမှ ဖြတ်သန်းပြီးနောက်ဆုံး ကုန်းလှကျေးရွာ၌ ညအိပ်ရပ်နားသည့် ခုနစ်နာရီကြာခရီးစဉ်ဖြစ်သည်။

တတိယရက်တွင် ကုန်းလှရွာ-ကျောက်စုရွာ- နန်းယုတ်ရွာ- တုန်းလယ်ရွာ၊ ထိုရွာမှတစ်ဆင့် အင်းလေးကန်ကို စက်လှေဖြင့် ဖြတ်ကျော်၍ ညောင်ရွှေတွင် ညအိပ်ရပ်နားကာ အခြားမြို့များသို့ ထွက်ခွာခြင်း (သို့မဟုတ်) ကလောသို့ ပြန်လည်ဝင်ရောက်ခြင်းဖြစ်သည်။

ပဉ္စမ Trekking ခရီးစဉ်မှာ နှစ်ညအိပ် သုံးရက်ခရီးစဉ်ဖြစ်သည်။ ပထမရက်တွင် အချိန်ခြောက်နာရီခွဲကြာမြင့်ပြီး စတုတ္ထခရီးစဉ်လမ်းကြောင်း၏ ပထမနေ့ရက် Trekking ခရီးစဉ်ကဲ့သို့ပင် ကလောဗျူးပွိုင့်- ရေအေးကန်- မြင်းတိုက်ဘူတာ- ရွာပုရွာ- စကြာကုန်းကျေးရွာ- (သို့မဟုတ်) တောင်လားနေကျေးရွာများသို့သွားရောက်ခြင်းဖြစ်သည်။

ဒုတိယရက်တွင် တောတွင်းခရီး ခုနစ်နာရီကြာမြင့်သည့် လင်းပန်းရွာ-ကျောက်စုရွာ- နန်းတိုင်းရွာ - ပတ္တူပေါက်ရွာခရီးစဉ်ဖြစ်ပြီး ပါတုရွာတွင် ညအိပ်ရပ်နားခြင်းဖြစ်သည်။

တတိယရက်တွင် စတုတ္ထခရီးစဉ်လမ်းကြောင်း၏ တတိယရက်ခရီးစဉ်အတိုင်း ညောင်ရွှေသို့ ရောက်ရှိရပ်နားပြီး အခြားမြို့များသို့ ထွက်ခွာခြင်း (သို့မဟုတ်) ကလောသို့ ပြန်လည်ဝင်ရောက်ခြင်းဖြစ်သည်။

ဆဋ္ဌမ Trekking ခရီးစဉ်မှာ တစ်ညအိပ် နှစ်ရက်ခရီးစဉ်ဖြစ်ပြီး ကလော-အင်းလေးခရီးစဉ်ဖြစ်သည်။ ပထမရက်တွင် ကလော- လမိုင်း- ပင်နွယ်- ပေါကီ-ကုန်းလကျေးရွာများသို့ သွားရောက်ကာ တိုင်းရင်းသားအိမ်များတွင် တည်းခိုရပ်နားကြသည်။

*စာမျက်နှာ ၂၁ သို့*

**“ ကလောမြို့သည် တစ်နှစ်ပတ်လုံး အေးမြသည့်ရာသီဥတုရှိသဖြင့် အသက်အရွယ်မရွေး၊ ဆင်းရဲ၊ ချမ်းသာမရွေး ကြိုက်နှစ်သက်ကြသည်။ ထင်းရှူးပင်များကြားမှ ဖြတ်သန်းလာသော သန့်ရှင်းလတ်ဆတ်သည့် လေများက ကျန်းမာရေးကို အထောက်အကူ ဖြစ်စေသည်။ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်နယ်စပ်ဖြစ်သည့် နမ့်ပန်တက်ရွာမရောက်မီကပင် အကွေ့အကောက်အတက်အဆင်းများ၊ လမ်းဘေးတစ်လျှောက် အုပ်ဆိုင်းသောသစ်တောများက ခရီးသွားသူများနှင့် အကြောင်းအမျိုးမျိုးဖြင့် လာရောက်သူအပေါင်းကို စွဲလမ်းမှုဖြစ်စေသည်။ ကားလမ်းဘေးတစ်လျှောက်တွင် ဝါးရေတံလျှောက်များဖြင့် သွယ်တန်းကာ ရာသီမပြတ်ရေပေးဝေထားသဖြင့် တောင်ပေါ်ဒေသတိုင်းရင်းသားတို့၏ စေတနာနှင့် ရိုးရာဓလေ့ပုံရိပ်ကို ပေါ်လွင်စေ ”**

*စာမျက်နှာ ၂၀ မှ*


ဒုတိယရက်ခရီးစဉ်မှာ ကျောက်စု-နန်းရုတ်-တုန်းလယ်ကျေးရွာမှတစ်ဆင့် စက်လှေဖြင့် ညောင်ရွှေသို့ သွားရောက်ကာ ညောင်ရွှေတွင် ရပ်နားပြီး အခြားမြို့များသို့ ထွက်ခွာခြင်း(သို့မဟုတ်)ကလောသို့ ပြန်လည်ဝင်ရောက်ခြင်းဖြစ်သည်။

ကမ္ဘာလှည့်ခရီးသည်များနှင့် ခရီးသွားခြင်းကို မြတ်နိုးကြသော ပြည်တွင်းခရီးသွားများက ဤ Trekking ခရီးစဉ်များကို စဉ်ဆက်မပြတ်သွားလာမှုများကြောင့် ခရီးစဉ်လမ်းကြောင်းကွန်ရက်များအတွင်း အသွား/ အပြန်များဖြင့် လူးလာခေါက်တုံ့ သွားလာခဲ့ကြသော်လည်း ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှစတင်သော ကိုဗစ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့၏ ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းသွားသကဲ့သို့ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းလည်း ရပ်ဆိုင်းသွားခဲ့ရသည်။ ကိုဗစ်ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်းများ ဆက်တိုက်ခံစားခဲ့ရသည့် ကပ်ရောဂါသက်တမ်းကာလ နှစ်နှစ်ကျော်အတွင်း လုပ်ငန်းများ၊ ကုမ္ပဏီများ ရှင်သန်ရပ်တည်နိုင်ရေးအတွက် နှစ်ပေါင်းများစွာ ရင်းနှီးမြှုပ်နှံလာခဲ့သော Tourism Industry Professional ဘဝမှ အခြားသင့်လျော်ရာ စီးပွားရေးလုပ်ငန်းများသို့ ပြောင်းလဲလုပ်ကိုင်ခဲ့ကြရသည်ကို တွေ့ရှိရသည်။

**ကိုဗစ်အလွန်ပြန်လည်သက်ဝင်စေရန်**

ကျွန်တော်ချစ်သော၊ နှစ်သက်သော ကမ္ဘာလှည့်ခရီးသည်များမြို့ (တစ်နည်းအားဖြင့်) ခရီးသွားမြို့ဖြစ်သည့် ကလောမြို့လေးသည် ကမ္ဘာလှည့်ခရီးသည်များ၊ ပြည်တွင်းခရီးသွား ဧည့်သည်များ လာရောက်မှု ရပ်တန့်သွားသည့်အတွက် သကြံန်ကာလ ကလောမြို့သို့ ရောက်ရှိစဉ် ခရီးသွားမိတ်ဆွေများကို ကလော Trekking ခရီးစဉ် သွားရောက်နိုင်ပြီဖြစ်ကြောင်း ဖိတ်ခေါ်ပြသလိုစိတ်ဖြင့် နာမည်ကြီးလှသည့် ကလော Trekking ခရီးစဉ်ကို ကွင်းဆင်းလေ့လာတင်ပြရန် စီစဉ်ဖြစ်ခဲ့သည်။

ခရီးစဉ်မှာ မိမိတစ်ယောက်တည်းဖြစ်နေ၍ စိတ်တူကိုယ်တူ အတွဲညီကြသည့် ငယ်ပေါင်းမိတ်ဆွေ ကိုမျိုးသန့်နိုင်က အတူလိုက်ပါပေးသည်။ အခြေအနေ အချိန်အခါအရ လိုက်လံပို့ဆောင်ပေးမည့် Regional Guide ကိုလည်း နေထိုင်ရာလိပ်စာ၊ ကိုယ်ရေးအချက်အလက်၊ လုပ်ငန်းအတွေ့အကြုံများ သေသေချာချာမေးမြန်းစိစစ်၍ ရွေးချယ်ခဲ့ရသည်။ နှစ်နှစ်ကျော် ရပ်ဆိုင်းသွားသော Trekking ခရီးစဉ်လမ်းကြောင်းတွင် မည်သူမျှမရှိဘဲ ကျွန်တော်တို့သုံးဦးသာ တောတိုးလမ်းလျှောက်သွားကြမည်ဖြစ်၍ ဧည့်လမ်းညွှန်ကလေးက ခရီးစဉ်အသေးစိတ်ကို မသွားရောက်မီ ကျွန်တော့်အား ကြိုတင်ရှင်းပြသည်။ နှစ်ဦးဆွေးနွေးညှိနှိုင်းမှု ပြီးသည်နှင့် လမ်းခရီးတစ်လျှောက် လိုအပ်သောစားနပ်ရိက္ခာ၊ ပစ္စည်းအစုံအလင်ဖြင့် ဧည့်လမ်းညွှန်က စီစဉ်သလို ကျွန်တော်နှင့် ကိုမျိုးသန့်နိုင်တို့နှစ်ဦးကလည်း ခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်ကြသည်။ ကျွန်တော်က ကလောကို သွားမည်ဆိုကတည်းက Trekking ခရီးစဉ်သွားရောက်ရန် ကြိုတင်စီစဉ်ထား၍ အခက်အခဲမရှိလှသော်လည်း မိတ်ဆွေမှာ ကလောသို့ အလည်ရောက်ရှိချိန်ဖြစ်၍ ခရီးရှည်အတွက် လိုအပ်သောပစ္စည်းများကို သီးခြားထပ်ဝယ်ရသည်။


ကမ္ဘာလှည့်နိုင်ငံခြားသူတစ်ဦး ကလောမြို့၏ မြင်ကွင်းကို တောင်ထိပ်ပေါ်မှ ကြည့်ရှုစဉ်။

ကျွန်တော်တို့သုံးဦး နံနက် ၆ နာရီခွဲတွင် စုရပ်ဖြစ်သော ကလောဘူတာ၌ ဆုံကြသည်။ ထို့နောက် အရှေ့ဗိုလ်ကုန်းရှိ တောင်စောင်း၊ တောင်ကြောများတွင် ဆောက်လုပ်ထားသည့် ဥရောပဆန်ဆန် အဆောက်အအုံများ၊ သက်တမ်းရှည် အဆောက်အအုံများ၊ ထင်းရှူးပင်များ၊ ဝက်သစ်ချပင်များကြားမှ စတင်လျှောက်လှမ်းကြသည်။ နံနက်စောစော အအေးဓာတ်နှင့် တောင်ကြားမှပတ်၍ တိုးဝင်လာသောလေကြောင့် ဝတ်ဆင်လာသောအနွေးထည်က အအေးဒဏ်ကို ကာကွယ်နိုင်သော်လည်း မျက်နှာသို့ ထိတွေ့လာသည့် နှင်းမှုန်များကတော့ သူစိမ်းဆန်လှသည်။ နှင်းမှုန်များ ထူထဲမှုကြောင့် မျက်စိရှေ့ ပေ ၅၀ ခန့်ကို မမြင်ရသော်လည်း နှစ်ပေခန့်သာ ကျယ်သော လူသွားလမ်း မြေနီနီကို အာရုံစိုက်ကြည့်ပြီး တစ်ဦးနှင့်တစ်ဦး အသံပေးကာ လျှောက်ခဲ့ကြသည်။ ခြေချော်ပါက တောင်စောင်းအတိုင်း လိမ့်ဆင်းသွားနိုင်ပြီး လိမ့်ဆင်းသွားလျှင်လည်း ပြန်တက်ရမည့်အခြေအနေမှာ မလွယ်လှ။

**လက်တွေ့ခရီးကြမ်းခရီးစဉ်**

တောင်ပတ်လမ်း၊ တောင်ကြော၊ တောင်ဆင်း၊ တောင်တက်ခရီးကြမ်းဖြင့် တစ်နာရီကျော် ခရီးပေါက်သည့်အချိန်တွင် ချွေးအနည်းငယ်ထွက်လာသည်။ နေရောင်က တောင်ကို မကျော်နိုင်သေး၍ အနွေးဓာတ်ကို မခံစားရသေးသော်လည်း ချွေးဖြင့်ကပ်နေသည့် အနွေးထည်ကို ချွတ်ကာ ကျောပိုးအိတ်ထဲသို့ ပြောင်းထည့်ပြီး ရေတစ်ငုံသောက်ဖြစ်သည်။ ဧည့်လမ်းညွှန်က ကျောပိုးအိတ်အတွင်း ကြိုတင်စီစဉ်လာသည့် ပေါင်မုန့်နှင့် ငှက်ပျောသီးကို နံနက်စာအဖြစ် ကျွေးသဖြင့် လမ်းလျှောက်ရင်းနှင့်ပင် စားဖြစ်သည်။ ကလော Trekking ခရီးစဉ်ကို ပထမဆုံးအကြိမ် သွားရောက်ခြင်းဖြစ်၍ ဧည့်လမ်းညွှန်နှင့် Trekking ခရီးစဉ်အတွေ့အကြုံ လာရောက်သည့် ကမ္ဘာလှည့် ခရီးသည်အမျိုးအစားနှင့် ၎င်းတို့၏ အလေ့အထများအကြောင်းကို စူးစမ်းမေးမြန်းရင်း မှတ်တမ်းလည်းတင်၊ ဗီဒီယိုလည်းရိုက်၊ Live လည်းလွှင့်ရင်း ခရီးသွားမိတ်ဆွေများအား ခရီးစဉ်အခြေအနေများကို အသိပေးဝေမျှခဲ့သည်။

ခရီးစဉ်တစ်လျှောက်ရှိ ရွာများမှာ လူ့ပြင်ရွာ၊ ရှားပင်ရွာ၊ ရွာပုရွာ၊ ပြင်သာရွာ၊ မြင်းတိုက်ရွာ၊ မြင်းစိုင်းကုန်းရွာများဖြစ်ပြီး ဓနုတိုင်းရင်းသားကျေးရွာများဖြစ်သည်။ ဟင်းစားကုန်းရွာမှာ ပလောင်တိုင်းရင်းသား ကျေးရွာဖြစ်သည်။ တိုင်းရင်းသားများဖြစ်၍ ရိုးသားကြသည်။ ဖော်ရွေကြသည်။ ဖြူစင်ကြသည်။ ရောက်ရှိသည့်ရွာတိုင်းက ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှု အတွေ့အကြုံရှိပြီးဖြစ်၍ အပြုံးဖြင့် နှုတ်ဆက်ကြသည်။

လမ်းလျှောက်ချိန် လေးနာရီခန့်အကြာ နံနက် ၁၁ နာရီတွင် ရှားပင်ရွာသို့ရောက်ရှိပြီး ဓနုရိုးရာအိမ်တွင် ခေတ္တရပ်နားကာ အမောဖြေကြသည်။ ဧည့်လမ်းညွှန်က အသင့်ဝယ်ယူလာသော ခေါက်ဆွဲ၊ အသား၊ ဟင်းသီးဟင်းရွက်များဖြင့် နေ့လယ်စာကို ကိုယ်တိုင်ချက်ပြုတ်နေချိန်တွင် အိမ်ရှင်တို့က ရေနွေးကြမ်း၊ နေကြာစေ့တို့ဖြင့် ဧည့်ခံသည်။ နေ့လယ်စာကို ဖွယ်ဖွယ်ရာရာ မဟုတ်သည့်တိုင် လိုအပ်သည်ထက် ပိုမိုစုံလင်ကာ ချိုမြိန်လှသည်။

ထို့နောက် ဆက်လက်၍ တစ်ရွာပြီး တစ်ရွာ ခရီးဆက်ခဲ့ကြပြီး တွေ့သမျှ တိုင်းရင်းသားများနှင့် စကားပြောဖြစ်သည်။ ဓနုတိုင်းရင်းသားများမှာ အသက်အရွယ်ကြီးရင့်သော်လည်း အပင်ပန်းခံနိုင်ကြသည်။ နေ့စဉ်လှုပ်ရှားရုန်းကန်မှုနှင့်အတူ ဆိုးဆေးနှင့် ဓာတ်မြေသြဇာများ ပါဝင်မှုမရှိသော လတ်ဆတ်သည့် အသီးအနှံများ စားသုံးခြင်းနှင့် ရာသီဥတုမျှတကောင်းမွန်ခြင်းကြောင့် အသက်ရှည်စွာ နေထိုင်နိုင်ကြသည်ကို တွေ့ရသည်။ ကလေးငယ်များကို ကျောပိုး၍ ခုနစ်မိုင်ခန့်ဝေးသော ကလောမြို့သို့ သွားရောက်ကာ ဒေသထွက်အသီးအနှံများကို ရောင်းချခြင်း၊ လိုအပ်သောကုန်ပစ္စည်းများ ဝယ်ယူခြင်းတို့ကို ပြုလုပ်နိုင်ကြသည်။

မြင်းတိုက်ဘူတာသို့ ရောက်ရှိစဉ် ၁၉၈၇ ခုနှစ်က မီးရထားလမ်းလုံခြုံရေးအတွက် စခန်းထိုင်နေခဲ့ရသည်ကို ပြန်ပြောင်းအမှတ်ရစေသည်။ သာစည်မှ ကလော၊ ရွှေညောင်သို့ မီးရထားဖြင့် ခရီးသွားရောက်သူများအဖို့ နာမည်ကြီးထင်ရှားသော မြင်းတိုက်၊ ဆင်တောင်၊ ခွေးရုပ်ဘူတာများနှင့် ပထမလွန်းထိုး၊ ဒုတိယလွန်းထိုး၊ တတိယလွန်းထိုး၊ စတုတ္ထလွန်းထိုးနေရာများကို ကြုံတွေ့ရမည်ဖြစ်သည်။ ခရီးစဉ်အတွင်း တောင်ထိပ်မှမြင်တွေ့ရသော လှေကားထစ်စိုက်ခင်းများ၊ မြေပြန့်လွင်ပြင်နှင့် လွင်ပြင်အဆုံးသတ်ရှိ နောက်ခံတောင်စဉ်တောင်တန်းများ၏ ရှုခင်းများက ကြည့်မြင်ရသူကို မှင်သက်စေသည်။ လမ်းတစ်လျှောက်ရှိ ထင်ရှူးရနံ့၊ ခံပန်းရနံ့များက အမောပြေစေသည်။ မိုးရွာထား၍ မိုးကြိုပန်းလေးများနှင့် စွယ်တော်ပန်းလေးများကိုလည်း လမ်းဘေးဘယ်ညာ တစ်ဖက်တစ်ချက်တွင် လှပစွာအစီအရီရောင်စုံတွေ့ရသည်။

**ပလောင်တောင်သို့**

လျှောက်ခဲ့သည့် ခရီးစဉ်က ၁၀ မိုင်ကျော်ပြီဖြစ်၍ အသက်အရွယ်အရ ခြေကုန်လက်ပန်းကျ အတော်မောဟိုက်နေပြီဖြစ်သော်လည်း အလွန်သွားရောက်လိုသည့် ပလောင်တောင်သို့ မရောက်သေးသဖြင့် နောက်ထပ် သုံးမိုင်ခန့်ဝေးသည့် ဟင်းစားကုန်းကျေးရွာ (ပလောင်တောင်) သို့ တက်မည့်လမ်းကို ရွေးချယ်တက်ရောက်ခဲ့ကြသည်။ ဟင်းစားကုန်းကျေးရွာကို တောင်ထိပ်တွင် တည်ထားသဖြင့် အလွန်သာယာလှပသည်။ နှစ်နှစ်ခန့် ခရီးသည်များလာရောက်မှုမရှိတော့၍ ရောက်ရှိလာသော ကျွန်တော်တို့ကို ပလောင်တိုင်းရင်းသားများက အထူးအဆန်းသဖွယ် ကြိုဆိုကြသည်။ ကျွန်တော်တို့နှင့် စကားလာပြောကြသည်။ ပလောင်တိုင်းရင်းသားများ၏ အဓိက အသက်မွေးဝမ်းကျောင်းမှာ လက်ဖက်စိုက်ပျိုး ရောင်းချခြင်းဖြစ်သည်။ ပလောင်တိုင်းရင်းသူများမှာ အသက် (၁၅)၊ (၁၆) နှစ်အရွယ်တွင် ဓလေ့ထုံးတမ်းစဉ်လာအရ အိမ်ထောင်ပြုကြသည်။ တော၊ တောင်ထဲတွင်နေကြသော်လည်း အသားအရေဖြူဖွေးပြီး ချောမောလှပကြသဖြင့် နိုင်ငံခြားသူနှင့်ပင် မှားနိုင်လောက်သည်။

ခရီးသွား ခေတ်ကောင်းစဉ်က ပလောင်ရိုးရာအကများ ဖျော်ဖြေခြင်း၊ ပလောင်အစားအစာများ ဧည့်ခံခြင်း၊ ပလောင်ဂျပ်ခုတ်လုပ်ငန်းများ ပြသခြင်း၊ လက်ဖက်လုပ်ငန်း ပြသခြင်းတို့ဖြင့် ဧည့်သည်များကို ဆွဲဆောင်နိုင်ခဲ့ကြသည်။ ပလောင်တောင်မှအဆင်း တောင်ကြောအကွေ့တွင် Trekking သမားများ စွဲမက်နှစ်သက်ကြသည့် ပလောင်တောင် View Point ကို ရောက်သည်။ ပလောင်တောင် View Point မှာ ကိုဗစ်ကာလ နှစ်နှစ်ကျော် စွန့်ပစ်ထားကြသည်ဖြစ်၍ ၇၀ ရာခိုင်နှုန်းခန့် ပျက်စီးနေပြီဖြစ်သည်။ ခြောက်ကပ်နေသော View Point အဆောက်အအုံများကို ကြည့်ရင်း စိတ်မချမ်းမြေ့စွာခံစားမိသည်။ ဧည့်လမ်းညွှန်၏ ပြောပြချက်အရ ယခင်က ဤနေရာတွင် ကမ္ဘာလှည့်ခရီးသည်များဖြင့် စည်ကားစွာဖြစ်တည်နေမှုကို အတွေးနှင့် မြင်ယောင်ကြည့်နှူးမိသည်။

ပလောင်တောင် View Point အဆင်း ကလောရောက်ရှိရန် သုံးမိုင်ခန့်အလိုတွင် Kalaw View Point ကို ရောက်သည်။ သကြံန်ပိတ်ရက်ဖြစ်၍ နယ်အသီးသီးမှ ကလောမြို့သို့ လာရောက်ကြသော ပြည်တွင်းခရီးသည်များက ညနေဆည်းဆာနေဝင်အလှကို ကြည့်ရှုခံစားရင်း အပန်းဖြေရန် Kalaw View Point သို့ ရောက်ရှိနေကြသဖြင့် ခရီးသွားသက်ဝင်မှုကို တွေ့ရှိရသည်။

ကလောဘူတာလမ်း နေအိမ်ပြန်ရောက်တော့ မိုးစုပ်စုပ်ချုပ်ပြီဖြစ်သည်။ လက်ကိုင်ဖုန်းမျက်နှာပြင်ရှိ All Health Data က ယနေ့လျှောက်ခဲ့သောခြေလှမ်းပေါင်း ၄၄၄၇၃ လှမ်းနှင့် ညီမျှသည့် မိုင်ပေါင်း ၂၈ ဒသမ ၉ ကီလိုမီတာကို ပြသနေသည်။ ခဏအနားယူပြီး တစ်နေ့တာလမ်းလျှောက်ခဲ့မှုကို ရေနွေးနှင့်ရေချိုး၍ အကြောပြေလျှော့စေကာ ညစာထမင်းစားအပြီး အိပ်ရာဝင်ခဲ့သော်လည်း Trekking လမ်းကြောင်းများ ဖွံ့ဖြိုးရေးအတွက် ပြင်ဆင်ဆောင်ရွက်သင့်သည်များကို တွေးတောစဉ်းစားရင်း ကလောမြို့လေးနှင့်အတူ ကလော Trekking လမ်းကြောင်းများတွင် ကမ္ဘာလှည့်ခရီးသည်များ၊ ပြည်တွင်းခရီးသွားများ စည်ကားစေချင်လှသည့် စိတ်ကတော်တော်နှင့်အိပ်မပျော်ခဲ့။

**ခရီးသွားမြို့**

ထင်းရှူးမြို့တော် ကလောမြို့လေးကို သန့်ရှင်းသာယာလှပပြီး အပန်းဖြေတောင်ပေါ် ခရီးသွားမြို့ (Smart Tourism City) ဖြစ်စေရန်အတွက် ဌာနဆိုင်ရာများနှင့် ဒေသခံများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကလည်း ကလောမြို့ကို ခရီးသွားမြို့ အကောင်အထည်ဖော်ရေးကော်မတီဖွဲ့စည်းပြီး ကလောမြို့ခရီးသွားလုပ်ငန်း ပင်မစီမံကိန်းရေးဆွဲရေးလုပ်ငန်းစဉ်အတွက် ပဏာမစိတ်ဝင်စားမှုအဆိုပြုလွှာ (EOI) ခေါ်ယူဆောင်ရွက်ခဲ့ရာ EOI အောင်မြင်သော ကုမ္ပဏီက ပင်မစီမံကိန်းရေးဆွဲလျက်ရှိသည်။ ပင်မစီမံကိန်းတွင် ပါဝင်သောလုပ်ငန်းစဉ်များအတိုင်း အဆင့်လိုက်ဆောင်ရွက်သွားမည်ဖြစ်၍ မကြာသောကာလများတွင် ကလောမြို့လေးသည် ခရီးသွားလုပ်ငန်းဖြင့် ထင်ရှားကျော်ကြားကာ နိုင်ငံတကာအလယ်တွင် ပွင့်လန်းလာဦးမည်ကို မြင်ယောင်နေမိပါတော့သည်။ ။

## ကျောင်းကုန်းမြို့၌ သီးသန့်လူနာဆောင် ဆောက်လုပ်နေမှု ၇၀ ရာခိုင်နှုန်းခန့်ပြီးစီး

**ကျောင်းကုန်း အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ သီးသန့်လူနာများထားရှိရန် အာရ်စီနှစ်ထပ်ဆောင် ဆောက်လုပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း Min Dhama ကုမ္ပဏီမှ တာဝန်ခံတစ်ဦးက ပြောသည်။

အဆိုပါ သီးသန့်လူနာများ ထားရှိရန်အတွက် အာရ်စီနှစ်ထပ်ဆောင်သည် အလျား ပေ ၁၃၀၊ အနံ ၃၈ ပေ၊ အမြင့် ၂၄ ပေဖြစ်ပြီး သီးသန့်လူနာခန်းပေါင်း ၃၂ ခန်း၊ ရေချိုးခန်း၊ အိမ်သာ အပေါ်ထပ်ခြောက်ခန်း၊ အောက်ထပ် ခြောက်ခန်း ပါရှိမည်ဖြစ်သည်။ ရေမီးအစုံ၊ ပန်ကာနှင့် လူနာခုတင်များပါ တပ်ဆင်ပေးမည်ဖြစ်ကြောင်း Min Dhama ကုမ္ပဏီမှ တာဝန်ယူကာ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အာရ်စီနှစ်ထပ်ဆောင်ကို အလှူရှင် ဦးတွမ်ကြီး+ဒေါ်ကျင်ရှိန် အမှူးထား၍ (သား) ဦးကြည်လွင်+ဒေါ်သီသီဆန်း Tun Myat Thu Internation Co.,Ltd. က ကျောင်းကုန်းမြို့နယ်အသင်း (ရန်ကုန်) အတွင်းရေးမှူးဖြစ်ပြီး မိမိဇာတိမွေးရပ်မြေဖြစ်သည့် ကျောင်းကုန်းမြို့မှာယခုလို ငွေကျပ်သိန်းပေါင်း ၆၆၀၀ ကျော်တန်ဖိုးရှိ သီးသန့်လူနာဆောင်ဆောက်လုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



## တာမွေမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**တာမွေ အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ယခင်ကထက် မီးသတ်စွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်များ ပိုမိုကျွမ်းကျင်စွာ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲအခမ်းအနားကို တာမွေမြို့နယ် မီးသတ်စခန်း၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ ပြုလုပ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပညာရပ်များ၊ စစ်ရေးပြဘာသာရပ်များ၊ မီးသဘောသဘာဝများ၊ မီးအတန်းအစားအမျိုး မျိုး၊ မီးစတင်လောင်ကျွမ်းခြင်းများ၊ မီးသတ်ဆေးဘူးအမျိုးမျိုး၊ မီးသတ် ဆေးဘူး လက်တွေ့အသုံးပြုနည်း၊ မီးငြိမ်းသတ်ရေး ကိရိယာအမျိုးမျိုး၊ မီးခိုးများအကြား လှုပ်ရှားသွားလာခြင်း၊ ကြိုးချည်နည်းများ၊ မီးဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ မီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ အရန်မီးသတ်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် မီးငြိမ်းသတ်ရေးနည်းစနစ်များကို အောက်တိုဘာ ၃ ရက်မှ ၂၈ ရက်အထိ တစ်ပတ်လျှင် ငါးရက်ဖြင့် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သင်တန်းသား ၅၀ တို့အား သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းအောင်(တာမွေ)**

## ၂၀၂၂ ခုနှစ် အောက်တိုဘာ (ပထမ)ဆယ်ရက်ပတ်အတွင်း တောင်သူများအတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၃**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ** ။ ။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၂ ခုနှစ် အောက်တိုဘာ (၃-၇)ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း၊ အောက်တိုဘာ (၈-၁၂) ရက်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိပါသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**။ ။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကချင်ပြည်နယ်တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ** ။ ။ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၁ ဒီဂရီ ဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန် အခြေအနေ**။ ။ ချင်းပြည်နယ်တွင် ၅၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၂ ဒီဂရီဖာရင်ဟိုက်မှ ၇၁ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၂ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ**။ ။စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၂ ရာခိုင်နှုန်းမှ ၈၃ ရာခိုင်နှုန်းအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၄ ရာခိုင်နှုန်းမှ ၉၅ ရာခိုင်နှုန်းအတွင်း ရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**။ ။ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၂ မီလီ မီတာမှ ၃၁ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့် အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၃၂ မီလီမီတာမှ ၄၁ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၄၂ မီလီမီတာ မှ ၅၂ မီလီမီတာအတွင်း ရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ**။ ။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (စိုစွတ်) အခြေအနေနှင့် မန္တလေးတိုင်းဒေသကြီးတွင် (ခြောက်သွေ့) အခြေအနေရှိနိုင်ပါသည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**


## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“တရားမဝင်ကုန်သွယ်မှုသတင်းများ”**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၃
လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၄၀၄၃၃၉၉၆၉
ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၆
အီးမေးလ်လိပ်စာ - antiillegaltradeinfo@gmail.com

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၁
လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၆၉၉၆၁၁၁၁၆
ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၇
အီးမေးလ်လိပ်စာ - antiillegaltradeoffice@gmail.com

## နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ (အထစ)များကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများမရှိစေရေး ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိ

မိဘပြည်သူများအနေဖြင့် အောက်ဖော်ပြပါနိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စု လူဦးရေစာရင်း ပုံစံ ၆၆/၆(အထစ)နှင့်ပတ်သက်၍ အခက်အခဲများအား သက်ဆိုင်ရာ မြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း အသိပေးအပ်ပါသည်-

၁။ **နိုင်ငံသားစိစစ်ရေးကတ်**

(က) နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး/ပျက်စီးနေသူများသည် သက်ဆိုင်ရာမြို့နယ် လဝကရုံးများသို့ သွားရောက်သတင်းပို့ဖြေရှင်းရမည်။

(ခ) အသက်(၁၀)နှစ်ပြည့်ပြီးသော်လည်း နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသောသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်ပြုလုပ်ခြင်း၊ ပန်းခင်းစီမံချက်များဖြင့် ပြုလုပ်ခြင်းများကို ဆောင်ရွက်နိုင်သည်။

(ဂ) အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပြီးသော်လည်း သတ်မှတ်ထားသော အသက်အပိုင်းအခြားအတိုင်း ပြန်လည်လဲလှယ်ရန် လိုအပ်ပါသည်။

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပါ အချက်အလက်များ ကွဲလွဲမှုရှိပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်ပြင်ဆင်ရမည်။

(င) နိုင်ငံသားစိစစ်ရေးကတ်(၁)ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားရှိခြင်း မပြုရ၊ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ (၁-၁၁-၂၀၂၂) ရက်နေ့အထိ ကတ်အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာ အတည်ပြု၍ ယခင်ကတ်အပိုများအား ပယ်ဖျက်စာရင်းသွင်းပါမည်။

(စ) အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား (အမတ)ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်၍ နိုင်ငံသားစိစစ်ရေးကတ်သို့ ပြောင်းလဲရမည်။ (ပြောင်းလဲခွင့်ရှိသူများသာ)။

(ဆ) မိမိနိုင်ငံသားစိစစ်ရေးကတ်အား အခြားသူတစ်ဦးမှ ကိုင်ဆောင်ထားသည်ဟု သံသယရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်သတင်းပို့ရမည်။

၂။ **ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်း(အထစ)**

(က) ပုံစံ ၆၆/၆ (အထစ) ပျောက်ဆုံး/ပျက်စီးနေသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများသို့ သွားရောက်သတင်းပို့ဖြေရှင်းရမည်။

(ခ) ပုံစံ ၆၆/၆ (အထစ)တွင် ပါဝင်သော အိမ်ထောင်စုဝင်များသည် နိုင်ငံသားစိစစ်ရေးကတ်ရရှိပါက နိုင်ငံသားစိစစ်ရေးကတ်အမှတ်အား မြို့နယ်လဝကရုံးများတွင် မဖြစ်မနေဖြည့်သွင်းရမည်။

(ဂ) ပုံစံ ၆၆/၆ (အထစ)အချက်အလက်များနှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ အချက်အလက်များ ကွဲလွဲနေပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်ပြင်ဆင်ရမည်။ (ဥပမာ- နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အမည်၊ မွေးသက္ကရာဇ်၊ အဖအမည်၊ အမိအမည်)။

(ဃ) ပုံစံ ၆၆/၆ (အထစ) (၁)ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများသို့ အမြန်သွားရောက်သတင်းပို့ ဖြေရှင်းရမည်။ (ဥပမာ- ပုသိမ်တွင် အထစပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစ ထပ်မံပြုလုပ်ထားရှိခြင်း)။ (၁-၁၁-၂၀၂၂) ရက်နေ့အထိ ပုံစံ ၆၆/၆ (အထစ)အပိုများ အပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ ၆၆/၆ (အထစ)ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ)များအား ပယ်ဖျက်စာရင်းသွင်းပါမည်။

(င) ပုံစံ ၆၆/၆ (အထစ)အချက်အလက်များ (ပြောင်းဝင်/ပြောင်းထွက်/မွေးဖွား/ သေဆုံးခြင်း)၊ ပြောင်းလဲမှုရှိသည့်အခါတိုင်း သက်ဆိုင်ရာ မြို့နယ်လဝကရုံးများသို့ သွားရောက်၍ နောက်ဆုံးအခြေအနေနှင့်အညီ ပြင်ဆင်မှုများကို ဆောင်ရွက်ရမည်။

(စ) မည်သည့်အရပ်ဒေသတွင်မှ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ (အထစ) မရှိသေးသူများသည် နီးစပ်ရာ မြို့နယ်လဝကရုံးများသို့ သတင်းပို့၍ ပန်းခင်းစီမံချက်အရ စိစစ်ဆောင်ရွက်ပေးမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြု ကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂) သန်းကျော်အား စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်းများကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများအား နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

## ပြည်သူလူထုလုံခြုံရေးအတွက် ဖုန်း SIM Card များ မှတ်ပုံတင်ခြင်းကို ပြန်လည်စစ်ဆေးမည်

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ စိစစ်ချက်များအရ SIM Card အသုံးပြုသူအချို့သည် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် စသည့်အချက်အလက်များကို မှန်ကန်စွာ ဖြည့်စွက်ခြင်းမရှိဘဲ အသုံးပြုလျက်ရှိနေကြသည်ကို တွေ့ရှိနေရပါသည်။

၂။ ယခုအခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂) သန်းကျော်အား National Database တည်ဆောက်၍ စာရင်းသွင်းပြီးဖြစ်ပါသည်။ ထို့ကြောင့် SIM Card မှတ်ပုံတင်ပြုလုပ်ရာတွင် ဖြည့်စွက်ထားသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးသွားမည်ဖြစ်သည့်အတွက် သုံးစွဲသူအများပြည်သူများအနေဖြင့် SIM Card များ ဝယ်ယူအသုံးပြုရာတွင် မိမိတို့၏ မှတ်ပုံတင် (မူရင်း)ဖြင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့ကို မှန်ကန်စွာဖြည့်စွက်၍ စနစ်တကျမှတ်ပုံတင်နိုင်ပြီးမှသာ အသုံးပြုကြရန် လိုအပ်ပါသည်။ လက်ရှိအသုံးပြုနေသည့် SIM Card များတွင် အချက်အလက်များအား မှန်ကန်စွာ ဖြည့်စွက်ထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါက အဆိုပါ SIM Card များကို အပြီးပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်းနှင့် ပိတ်သိမ်း SIM Card များရှိ လက်ကျန်ငွေများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း အသိပေးဖော်ပြပါသည်။

၃။ ဆက်သွယ်ရေးအော်ပရေတာများနှင့် SIM Card ရောင်းချသူများအနေဖြင့်လည်း SIM Card များ ရောင်းချရာတွင်လည်းကောင်း၊ အချက်အလက်များ မှန်ကန်စွာ ပြန်လည်ပြင်ဆင် မှတ်ပုံတင်ရာတွင်လည်းကောင်း ညွှန်ကြားချက်များနှင့်အညီ စနစ်တကျဆောင်ရွက်သွားရန်နှင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆက်သွယ်ရေးအော်ပရေတာများအနေဖြင့် မိမိတို့၏ SIM Card အသုံးပြုသူများထံသို့ SMS ပေးပို့၍ သတိပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ သုံးစွဲသူအများပြည်သူများအနေဖြင့် SIM Card များ ဝယ်ယူအသုံးပြုရာတွင် မိမိတို့၏ အချက်အလက်များကို မှန်ကန်စွာ ဖြည့်စွက်၍ မှတ်ပုံတင်ဝယ်ယူသုံးစွဲကြပါရန်နှင့် လက်ရှိ အသုံးပြုလျက်ရှိသော SIM Card များကိုလည်း အချက်အလက်မှန်ကန်စွာ မှတ်ပုံတင်ထားခြင်း ရှိ/မရှိ ပြန်လည်စစ်ဆေး၍၊ မမှန်ကန်ပါက မိမိတို့ အမှန်တကယ် သုံးစွဲနေသော SIM Card များကို ပိတ်သိမ်းခံရမှု မရှိစေရေးအတွက် သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ Online ဝန်ဆောင်မှုဖြင့်လည်းကောင်း၊ အရောင်းဆိုင်များ၊ Mobile Shop များတွင်လည်းကောင်း အချက်အလက်မှန်ကန်စွာဖြင့် ဆက်လက်ထုတ်ပြန်မည့် သတ်မှတ်ရက်မတိုင်မီ ပြန်လည်ပြင်ဆင် မှတ်ပုံတင်၍ သုံးစွဲကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## တရားမဝင်ငွေလွှဲပြောင်းမှုများနှင့် ငွေကြေးလိမ်လည်မှုများမရှိစေရေး မိုဘိုင်းပေးဝန်ဆောင်မှုလုပ်ငန်းအပါအဝင် အခြားလုပ်ငန်းများအား အဆင့်မြှင့်တင်နိုင်ရန်အတွက် အချက်အလက်များ ပြည့်စုံစွာ ဖြည့်စွက်နိုင်ရန်လိုအပ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လုံခြုံ၍ စွမ်းရည်ပြည့်ဝသော အမျိုးသားငွေပေးချေမှုစနစ်တစ်ရပ် ပေါ်ပေါက်လာစေရန် ဆောင်ရွက်လျက်ရှိရာ နည်းပညာများ တိုးတက်လာသည်နှင့်အမျှ မိုဘိုင်းငွေပေးချေမှုများမှတစ်ဆင့် ငွေကြေးလွှဲပြောင်းဝန်ဆောင်မှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ကြပြီဖြစ်ပါသည်။

သို့ရာတွင် မသမာသူများမှ အချက်အလက်များ မှန်ကန်စွာ ဖြည့်စွက်ခြင်းမရှိဘဲ မိုဘိုင်းငွေပေးချေမှုအချို့အားအသုံးချ၍ မသမာသည့် နည်းလမ်းဖြင့် တရားမဝင် ငွေလွှဲပြောင်းမှုများနှင့် ငွေကြေးလိမ်လည်မှုများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုသို့ ငွေကြေးလိမ်လည်မှုများကြောင့် အများပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် ဆက်သွယ်ဆောင်ရွက်သူများအနေဖြင့် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များအား မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းထားမှသာလျှင် ဖြေရှင်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ထို့အပြင် နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုများ ဆောင်ရွက်ရာတွင်လည်း ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါသည်။

ယခုအခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂) သန်းကျော်အား National Database တည်ဆောက်၍ စာရင်းသွင်းပြီးဖြစ်ပါသည်။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ဆောင်ရွက်ရသည့် အီလက်ထရောနစ်စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား ကောင်းစွာသိရှိခြင်း (Electronic – Know Your Customer (e-KYC)) လုပ်ငန်းစဉ်အား နိုင်ငံတကာစံနှုန်းများနှင့်အညီ မိုဘိုင်းငွေကြေးစာရင်းများတွင် ဖြည့်စွက်ထားသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဆင်းမ်ကတ်နံပါတ်တို့အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database နှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းဒေတာဘေ့စ်(SIM Registration Database)များရှိ အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် အသုံးပြုသူများအနေဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား ကောင်းစွာသိရှိခြင်း (KYC) အချက်အလက်များ ပြည့်စုံစွာဖြည့်စွက်သွားရန် လိုအပ်ပါသည်။ အချက်အလက်ဖြည့်သွင်းခြင်းအား သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်ခြင်းမရှိသည့် မိုဘိုင်းငွေကြေးစာရင်းများအား အပြီးတိုင် ပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဘဏ်ဦးဆောင်မှုပုံစံဖြင့် ဆောင်ရွက်လျက်ရှိသည့် မိုဘိုင်းပေးဝန်ဆောင်မှုလုပ်ငန်းများ၊ မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်ခွင့် ရရှိထားသောဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့်စနစ်ဝန်ဆောင်မှုလုပ်ငန်း စသည့်မိုဘိုင်းငွေပေးချေမှု အသုံးပြုသူများအနေဖြင့် နီးစပ်ရာ ကိုယ်စားလှယ် (Agent) များ/ ဘဏ်များသို့ သွားရောက်၍ မိမိတို့၏ ကိုယ်ရေးအချက်အလက်များအား အဆင့် ၂ (Level 2)အဆင့်သို့ ဆက်လက်ထုတ်ပြန်မည့် သတ်မှတ်ရက်မတိုင်မီ အဆင့်မြှင့်တင်ရန် လိုအပ်ပါသည်။ မိုဘိုင်းငွေကြေးဝန်ဆောင်မှုပေးသူများအနေဖြင့် KYC အား Level 1 မှ Level 2 သို့ အဆင့်မြှင့်တင်နိုင်ရေးအတွက် သုံးစွဲသူများထံသို့ SMS ပေးပို့ခြင်းအား ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆင့် ၂ (Level 2) သို့ တိုးမြှင့်လိုခြင်းမရှိသော မိုဘိုင်းငွေကြေးစာရင်းပိုင်ရှင်များအနေဖြင့် မိမိတို့လက်ကျန်ငွေများအား အသုံးပြုနိုင်မည့် နည်းလမ်းများကို ဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်သွယ်ဆောင်ရွက်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ပါဝင်မှု အခြေအနေ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှ အက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Net work in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မြို့ကြီး (၄၁) မြို့ရှိ မိုးလေဝသနှင့် ဇလဗေဒစခန်း (၄၁)ခု (ပုံ–၁) တွင် ရွာသွန်းသော မိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ပါဝင်မှု (pH) တိုင်းတာခြင်း လုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိသည်။


၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ပါဝင်မှု (pH) နှင့် မိုးရေ၏သန့်ရှင်းမှု (EC) များကို တိုင်းတာသည့် စခန်း ၄၁ ခု၌ စခန်းအားလုံးတို့တွင် မိုးရွာသွန်းခဲ့သည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် ၄၁ စခန်းအနက် ၂၈ စခန်းတို့တွင် ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး(6.5 – 8.5) အတွင်းတွင်ရှိပြီး ဗန်းမော်၊ တောင်ကြီး၊ ကသာ၊ ကလေးဝ၊ မော်ဘီ၊ မကွေး၊ ကျောက်ဖြူ၊ မအူပင်၊ ထားဝယ်နှင့် ကော့သောင်းစခန်းများတွင် ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် (5.6 – 6.4) အတွင်းတွင်ရှိပါသဖြင့် ပုံမှန်မိုးရေအဆင့်တွင် ရှိပါသည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေမရှိကြောင်း သုံးသပ်ရပါသည်။(ပုံ–၂)



ပုံ(၁)

ပုံ (၂)၊ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများပြပုံ




### ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ရုံးကြီး) | ၆.၉ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၉ |
| ၃ | မြစ်ကြီးနား | ၆.၇ |
| ၄ | ပူတာအို | ၆.၉ |
| ၅ | ဗန်းမော် | ၆.၃ |
| ၆ | ခန္တီး | * |
| ၇ | လားရှိုး | ၆.၈ |
| ၈ | တောင်ကြီး | ၆.၄ |
| ၉ | မိုင်းဆတ် | ၆.၈ |
| ၁၀ | ကျိုင်းတုံ | ၆.၅ |
| ၁၁ | စစ်ကိုင်း | ၆.၇ |
| ၁၂ | ဟုမ္မလင်း | * |
| ၁၃ | ဟားခါး | * |
| ၁၄ | ညောင်ဦး | ၆.၈ |
| ၁၅ | မုံရွာ | ၆.၉ |
| ၁၆ | ပျဉ်းမနား | ၆.၇ |
| ၁၇ | ကသာ | ၆.၃ |
| ၁၈ | ပြင်ဦးလွင် | ၆.၅ |
| ၁၉ | ကလေးဝ | ၆.၀ |
| ၂၀ | ရန်ကုန်(ကမ္ဘာအေး) | ၆.၉ |
| ၂၁ | မော်ဘီ | ၆.၁ |
| ၂၂ | မကွေး | ၆.၃ |
| ၂၃ | အောင်လံ | ၆.၇ |
| ၂၄ | လှိုင်ကော် | ၆.၇ |
| ၂၅ | စစ်တွေ | ၆.၆ |
| ၂၆ | ကျောက်ဖြူ | ၆.၄ |
| ၂၇ | သံတွဲ | ၆.၈ |
| ၂၈ | ပြည် | ၆.၅ |
| ၂၉ | ပဲခူး | ၆.၆ |
| ၃၀ | တောင်ငူ | ၆.၆ |
| ၃၁ | ပုသိမ် | ၆.၆ |
| ၃၂ | မအူပင် | ၆.၄ |
| ၃၃ | ဟင်္သာတ | ၆.၅ |
| ၃၄ | မော်လမြိုင် | ၆.၉ |
| ၃၅ | ရေး | ၆.၆ |
| ၃၆ | ဘီးလင်း | ၆.၆ |
| ၃၇ | ဘားအံ | ၆.၆ |
| ၃၈ | ကော့ကရိတ် | ၇.၀ |
| ၃၉ | ထားဝယ် | ၆.၁ |
| ၄၀ | မြိတ် | ၆.၆ |
| ၄၁ | ကော့သောင်း | |

## PDF အမည်ခံအကြမ်းဖက်သမားများက မုံရွာမြို့အတွင်း ရမ်းသန်းပစ်ခတ်ခဲ့ခြင်းကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိ၊ အမျိုးသားနှစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရရှိ

**နေပြည်တော် အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန် ရပ်ကွက်အတွင်း PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ရမ်းသန်း ပစ်ခတ်ခဲ့ခြင်းကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ **(အောက်ပုံ)**



အမျိုးသားနှစ်ဦး သေဆုံးခဲ့ပြီး တစ်ဦးထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့ညနေပိုင်းတွင်မုံရွာမြို့အတွင်း တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လှည့်ကင်းတာဝန် ထမ်းဆောင်လျက်ရှိရာ ညနေ ၄ နာရီ မိနစ် ၂၀ ခန့်တွင် နန္ဒဝန်ရပ်ကွက်အတွင်းသို့ ရောက်ရှိစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက AD Van အမျိုးအစား မော်တော်ယာဉ်ပေါ်မှ လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ရမ်းသန်းပစ်ခတ်ခဲ့ခြင်းကြောင့် နန္ဒဝန်ရပ်ကွက်အတွင်းရှိ သံဃာတော် တစ်ပါးတွင် စိုးရိမ်ရဒဏ်ရာရရှိခဲ့ပြီး အမျိုးသားနှစ်ဦးသေဆုံးကာ တစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဒဏ်ရာရရှိခဲ့သူများကို မုံရွာမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး သေဆုံးမှုနှင့် ပတ်သက်၍ မုံရွာမြို့ မြို့မရဲစခန်း၌ သေမှုသေခင်းဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ သံဃာတော်အပါအဝင် အရပ်သားပြည်သူများ ထိခိုက်သေဆုံးသည်အထိ နှောင့်ယှက်ပစ်ခတ်ခဲ့သော PDF အမည်ခံ အကြမ်းဖက် သမားများအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံပိတ်ဆို့ရှာဖွေ စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မအူပင်မြို့နယ် ကဝက္ကင်းချောင်းအတွင်း ငါးမျိုးများစိုက်ထည့်

**မအူပင် အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးကြပ်၍ မအူပင်မြို့နယ် ကဝက္ကင်းကျေးရွာအုပ်စု တာတပေါ်ကျေးရွာ ကဝက္ကင်းချောင်း သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ငါးမျိုးစိုက်ထည့်ခြင်းအား မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်း၊ မအူပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ငါးမျိုးစိုက်ထည့်ရေးကြီးကြပ်ကော်မတီဥက္ကဋ္ဌ ဦးခင်လှိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ငါးမျိုးစိုက်ထည့်ရေး ကြီးကြပ်ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် ငါးမျိုးစိုက်ကြီးကြပ်အဖွဲ့ဝင်များ၊ ကဝက္ကင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုးအုပ်နှင့် ရပ်/ကျေးအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက တလုပ်လုငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးခုံးမကြီးကောင်ရေ ဝ ဒသမ ၇၅ သိန်း ၊ ငါးမြစ်ချင်းကောင်ရေ သုံးသိန်း၊ စုစုပေါင်းကောင်ရေ ၃ဒသမ၇၅ သိန်းအား ငါးမျိုးစိုက်ထည့်ခဲ့သည်။ တလုပ်လုငါးလုပ်ငန်းစခန်းမှ ငါးမျိုးစိုက်လျာထားချက်အား ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်အေးအေးမင်းထံမှ သိရသည်။ **သတင်းစဉ်**

# PDF အမည်ခံအကြမ်းဖက်သမားများက မောင်တောခရိုင် ပညာရေးမှူးအား အကြောင်းမဲ့သတ်ဖြတ်

**နေပြည်တော် အောက်တိုဘာ ၃**

NUG၊ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြု ပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များကို မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့်နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍ မြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂ ရက် ည ၆ နာရီတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြို့သူကြီးရပ်ကွက် ဘူးသီးတောင်-မောင်တောကားလမ်းဘေးရှိ မောင်တောခရိုင် ပညာရေးမှူး ရုံးဝင်းအတွင်းရှိ နှစ်ထပ်ဆောင်၌ မောင်တောခရိုင် ပညာရေးမှူး ဒေါ်မြင်မြင့်စန်း(၆၀ နှစ်) (ဘ) ဦးမြဘူးအား အကြမ်းဖက်သူ အမျိုးသားသုံးဦး က အကြောင်းမဲ့ ဓားဖြင့် ဝိုင်းဝန်းထိုးနှက် သတ်ဖြတ်ခဲ့သဖြင့် ဒေါ်မြင်မြင့်စန်းတွင် ဓားဒဏ်ရာများရရှိခဲ့ကာ မောင်တောမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်း၊ ဓာတုကုန်ကြမ်းပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လယ်ဝေးမြို့နယ် သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ်အတွင်း တရားမဝင် သစ်မျိုးစုံ သုညဒသမ ၉၂၆၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၅၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် ကြာဇံအပြာထုပ် ၃၆ ဂျပ်ဖာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော ဓာတုကုန်ကြမ်းပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ် တစ်စီးနှင့် Scania အမျိုးအစား Tractor Head တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၅၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း တရားမဝင်ကျွန်းသစ်နှင့်သစ်မာ ၂၇ ဒသမ ၂၆၂၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၉၅၂၇၆) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ အောက်တိုဘာ ၂ ရက်နှင့် ၃ ရက် တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲရှစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၄၄၇၇၇၆ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီထံမှ သိရသည်။ **သတင်းစဉ်**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ တောင်ဥက္ကလာပနှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂ ရက် နံနက် ၁၁ နာရီခွဲတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၀) ရပ်ကွက် ပင်လုံလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့် မြင့်သူမောင်းနှင်ပြီး ဟိန်းကိုလွင် နှင့် ထက်မိုးဦး တို့ လိုက်ပါလာသည့်အငှားမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို လည်းကောင်း။



မကျင်ကျင်အောင် ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ အောက်တိုဘာ ၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၃)ရပ်ကွက် မင်္ဂလာလမ်း တိုက်အမှတ်(၁၉၅) ငါးလွှာရှိ မကျင်ကျင်အောင်၏ တိုက်ခန်းသို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၄၀၀၊ ဆေးခြောက်ဘလောက်တုံး ၁ ဒသမ ၃ ကီလိုကို လည်းကောင်း။

အလားတူ အောက်တိုဘာ ၂ ရက် ညနေ ၅ နာရီခွဲတွင် ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအနီး ကျိုင်းတုံ-တောင်ကြီးသွား ကားလမ်းတွင် လော်ရာ အား မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**






### မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ရောက်ရှိမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “တူယှဉ်နွဲ့ပျော် ဂီတပွဲတော် Season-2” တေးသီချင်း သီဆိုမှုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲကို ပြည်သူများ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားလေးစားစိတ်၊ မိမိတို့၏ အချုပ်အခြာအာဏာကို ကိုယ်တိုင်ထိန်းသိမ်းရမည်ဆိုသော ထက်သန်သည့်စိတ်တို့ ဖြစ်ပေါ်လာစေရန်၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူများ၏ စိတ်အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက (၂-၉-၂၀၂၂)ရက်နေ့မှ (၃၀-၁၂-၂၀၂၂)ရက်နေ့အထိ အပတ်စဉ် သောကြာနေ့ညတိုင်း တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသမှုကို စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါ ပထမအဆင့် အုပ်စု(ဂ)၏ ပွဲစဉ်(၆)တွင် သီဆိုယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်များ ရွေးချယ်ထားသည့် အောက်ပါတေးသီချင်း(၉)ပုဒ်ကို အခမဲ့ အသုံးပြုသွားမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

| စဉ် | သီချင်းအမည် | တိုင်း/ပြည်နယ် | ပွဲစဉ် |
|---|---|---|---|
| ၁ | အမေနဲ့ရွာကိုလွမ်းတယ် | ရခိုင်ပြည်နယ် | (၇-၁၀-၂၀၂၂)ရက်နေ့ အုပ်စု(ဂ) ပွဲစဉ်(၆) စိတ်ကြိုက်တေးသီချင်းများ ယှဉ်ပြိုင်မှုအစီအစဉ် |
| ၂ | လေပြေ | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၃ | ချစ်သောမောင်မောင် | ကယားပြည်နယ် | |
| ၄ | အတ္တသမားလေးကျွန်တော် | နေပြည်တော် | |
| ၅ | စွန်ကလေး | ရန်ကုန်တိုင်းဒေသကြီး | |
| ၆ | ရှိတုန်းပေး ရှင်တုန်းကျွေး | ချင်းပြည်နယ် | |
| ၇ | နှင်းဆီမလေးချစ်ပုံပြင် | ကရင်ပြည်နယ် | |
| ၈ | ပြန်သိမ်းထားမယ် | တနင်္သာရီတိုင်းဒေသကြီး | |
| ၉ | စိမ်း | ဧရာဝတီတိုင်းဒေသကြီး | |

**မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)**

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## မြေကွက်လှလှ အမြန်ရောင်းမည်

အိမ်နံပါတ် ပေါင်းခြင်း ၉ ကြိုက်သူ၊ အရှေ့လှည့်ကြိုက်သူ၊ အုတ်တံတိုင်းခတ်ပြီးသားကြိုက်သူ၊ အဝီစိတွင်း၊ ရေ၊ မီး အပြည့်အစုံပါတာ ကြိုက်သူ၊ ပျဉ်ထောင်အိမ်( ၁၄ပေ X ပေ၃၀)ပါတာကြိုက်သူအတွက် ရောင်းမည်။

**သူရလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြောက်၊**

**ဖုန်း-၀၉- ၇၅၇၁၁၀၀၆၇**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ကွင်းအမှတ် (၆၈၁/ဂ)၊ ရေချမ်းအိုးအရှေ့ကွင်း၊ ရပ်ကွက်ကြီး(၁၂)၊ ဦးပိုင်အမှတ်(၁၂၃)၊ မြေဧရိယာ(၂ဒသမ၆၃)ဧက (လက်ရှိမြေပေါ်ရှိအတိုင်းအတာ) မြေကွက်နှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ဌေးဌေးမြင့် ၁၃/တကန(နိုင်)၁၄၉၁၀၈ ထံမှ (အရပ်ကတိစာချုပ်)ဖြင့် ဦးသူရိန်မျိုး ၉/ခအဇ (နိုင်) ၀၁၄၂၆၃က စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဝယ်ယူပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးသူရိန်မျိုး ၉/ခအဇ(နိုင်) ၀၁၄၂၆၃**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးဇော် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**"နိုင်" ဥပဒေအကျိုးဆောင်**
**အမှတ်(၆၇)၊(၅)ကွက်၊ ရပ်ကွက်ကြီး(၃)**
**ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၂၀၄၅၄၂၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိလမ်း၊မြေတိုင်းရပ်ကွက်အမှတ် ၁၂အေ၊ မြေကွက်အမှတ် ၂၇၀၊ တိုက်အမှတ် ၄၀ ဟု ခေါ်တွင်သော မြေပေါ်တွင် တည်ဆောက်ထားသည့် အကျယ်အဝန်း (အလျား ၁၂ ခွဲ ပေXအနံ ၄၅ပေ)ရှိ (၂)ခန်းတွဲ (၈)ထပ်တိုက်၏ အခန်းအမှတ် (၇-ဘီ) တိုက်ခန်းနှင့် ပတ်သက်သောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားပိုင်ဆိုင်ကာ အကျိုးခံစားလျက်ရှိသည့် ရောင်းချသူ ဦးကျော်တင့် ၁၂/လသယ(နိုင်)၀၀၇၅၅၉ က မိမိသာ ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းကြောင်း လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည့်အတွက် ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ်းလဲ့စိုး (LL.B,D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၅၁၉၄၉)**
**အမှတ်၈၃၊ အခန်း ၁၄(အေ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၄၃၅၈၅၀၉၃၊ ၀၉-၇၈၀၃၄၈၂၈၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ လူနေရပ်ကွက်အမှတ်(၄၄)ရပ်ကွက်၊ ကျောက်စိမ်းလမ်း၊ မြေအကျယ်အဝန်း( ၄၀ x ၆၀)ပေရှိ ဦးစိန်ချစ် အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်အနက်မှ အမှတ်(၁၀၁၃- B)ဟုခေါ်တွင်သော(၂၀x၆၀)ပေမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူလက်ရောက်ရရှိထားသော ဒေါ်နန္ဒာမေ ၁၂/မဂတ(နိုင်)၀၀၉၈၃၅ထံမှ ဦးဝင်းကျော်အေး ၉/မနမ(နိုင်)၁၂၂၇၆၂က အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါသောကြောင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေတစ်ချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ လွှဲပြောင်းရောင်းချခြင်းအပေါ်၌ ရောင်းချပိုင်ခွင့်မရှိကြောင်း ကန့်ကွက်လိုသူ မည်သူမဆို ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများခိုင်လုံစွာဖြင့် ဦးဝင်းကျော်အေး၏ ရှေ့နေထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အဆိုပါမြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်စာချုပ်ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဝင်းကျော်အေး**

**လွှဲအပ်ညွှန်ကြားချက်များအရ-**

| | |
|---|---|
| **ဦးစိုးဝင်းအောင်** | **ဒေါ်ပန်းအိစံ LL.B,** |
| **LL.B,CBL,DBL,WIPO** | **WIPO(Switzerland)** |
| **(Switzerland)** | **အထက်တန်းရှေ့နေ** |
| **တရားလွှတ်တော်ရှေ့နေ** | **(စဉ်-၅၀၄၃၅)** |
| **(စဉ်-၄၇၂၇)** | |
| **ဒေါ်ခိုင်စိုးဝေ( LL.B)** | **ဒေါ်မြမော်(LL.B)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၄၈၈၈၇)** | **(စဉ်-၅၂၁၂၉)** |

**အမှတ်(၁၀၇၀)၊ ကမ္ဘောဇ(၃)လမ်း၊ (၁၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၄၃၁၂၁၀၆၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ် (၈၉၅)၊ ဧရိယာ ၀ဒသမ ၀၅၉ ဧက၊ အကျယ်(၄၀ x ၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၈၉၅၊ ဒဂုံသီရိလမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရန်ကုန်မြို့ဟု ခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေ စာရင်းတွင် ဒေါ်ယဉ်ယဉ်စိမ်း(ခ)ယုနစ် ၁၃/တကန(နိုင်)၀၀၃၃၀၆ အမည်ပေါက်လျက်ရှိပြီး မိမိတစ်ဦးတည်းတရားဝင် လက်ဝယ်ထားရှိ ပိုင်ဆိုင်လျက်ရှိ၍၎င်းမြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို သမီးအရင်းဖြစ်သူ ဒေါ်မေမြတ်သွေး ၁၂/ကတတ(နိုင်)၀၃၃၇၃၄ အား အဖိုးအစားနားတစ်ပြားတစ်ချပ်မျှ ရယူခြင်းမရှိဘဲ မေတ္တာဖြင့် အပိုင်ပေးအပ်ခြင်း မှတ်ပုံတင်စာချုပ်ဖြင့် အပိုင်ပေးအပ်မည့်အပေါ် ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိမ့်ဖြူနိုင် LL.B,D.B.L,DML**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၉၈၇၇)**
**တိုက် (အေ-၂)၊ အခန်း ၀၀၃၊ မြေညီ၊ ကျန်စစ်သားလမ်းမကြီးဘေး**
**ဒဂုံတက္ကသိုလ်ရိပ်မွန်အိမ်ရာ**
**၁၁၀ ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဖုန်း-၀၉-၅၅၀၅၄၈၂၊၀၉-၇၆၄၅၀၅၄၈၂**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်နေ ဒေါ်ကံမေတင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အကြောင်းကြား သိစေအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏ သမီးဖြစ်သူ မမေမြတ်ကို ၈/စလန(နိုင်)၁၈၆၂၉၂ ကိုင်ဆောင်သူသည် မိဘများ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘများ စိတ်ဆင်းရဲစေသော ကိစ္စရပ်များနှင့် မိဘများအပေါ် ရိုင်းပြစွာပြုမူပြောဆိုခြင်းများ အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသဖြင့် ၃-၁၀-၂၀၂၂ရက်မှ စ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်ဖြူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၈၉)**
**အမှတ် ၇၂၃၂၊ ကျိုင်းတုံလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်**
**ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၇၉၉၁၂၃၁၀၀**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀၂

ဦးမိုဟန်လား နှင့် ၁။ အေးမြထွန်း
၂။ ဦးဖြိုးဝေတိုး
၃။ ဟိန်းမင်းထွန်း

**တရားလို** **တရားပြိုင်များ**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ပဒေသာမြို့သစ်နေ ဦးဟိန်းမင်းထွန်း(ဘ) ဦးတင်ထွန်း (ယခုနေရပ်လိပ်စာမသိ)သူတို့သိစေရမည်။

သင့်အပေါ်၌တရားလို ဦးမိုဟန်လားက ၅၅၀၀၀၀၀၀/-(ငွေကျပ်သိန်း ငါးရာငါးဆယ်ကျပ်တိတိ)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၀ရက် (၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ရက်)မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ရုံးတော်မှ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိမိသန်း)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## တစ်ဦးတည်းပိုင်ဆိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ကျွန်မ ဒေါ်ခင်စမ်း ၉/ပမန(နိုင်)၁၀၅၁၃၆ သည် ခင်ပွန်းဖြစ်သူ ဦးတင်လှိုင်နှင့် ၂၀၀၁ ခုနှစ်တွင် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ယခုအခါတွင် ခင်ပွန်းဖြစ်သူ ဦးတင်လှိုင်မှာ ကွယ်လွန်သွားပြီးဖြစ်သောကြောင့် နေပြည်တော်၊ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ နယ်မြေ (၄)၊ အိမ်အမှတ် (၃/၉၂)ရှိ ဝိုင်းမြေနှင့် ထိုမြေပေါ်ရှိ(၄x၄)ပင် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ မီးဖိုဆွဲအိမ်ရှေ့ဆိုင်ခန်း(၅)ခန်းတွဲ အပါအဝင် (၂)ထပ် အဆောက်အအုံနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့မှာ ဒေါ်ခင်စမ်း(ဘ)ဦးစိန် ၉/ပမန(နိုင်)၁၀၅၁၃၆ တစ်ဦးတည်းပိုင်ဆိုင်သော အမွေပစ္စည်းဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းမြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မည်သူတစ်ဦး တစ်ယောက်မျှ ရောင်းချခြင်း၊ပေါင်နှံခြင်း၊ပေးကမ်းခြင်းများ မပြုလုပ်ရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်စမ်း ၉/ ပမန(နိုင်)၁၀၅၁၃၆**
**အိမ်အမှတ် ၃/၉၂၊ အောင်ဇမ္ဗူရပ်ကွက်၊ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်လွင်မိုးထွန်း (ဘ) ဦးမင်းလွင် ၉/လဝန(နိုင်)၂၇၅၉၂၂၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။**ဖုန်း-၀၉-၂၆၃၅၃၈၀၄၆**

## မွေးသက္ကရာဇ်အမှန်

ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင် NEG ကိုယ်ပိုင်အထက်တန်းကျောင်း Grade- 7 မှ ဦးစိုးမိုးအောင်၏သမီး မမြတ်ဆုဝေ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၂-၂၀၀၉ ဖြစ်ပါကြောင်း။

## အများသိစေရန် ကြေညာခြင်း

ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ ဈေးပိုင်းရပ်နေ ဦးတင်ဌေး ၁၃/ကလန(နိုင်)၀၆၀၂၁၇ ကိုင်ဆောင်သူနှင့် ဒေါ်ခင်သဲဖြူ ၁၃/တကန(နိုင်)၂၆၂၂၁၄ ကိုင်ဆောင်သူတို့မှာ အကြင်လင်မယားများဖြစ်ကြပြီး ဇနီးဖြစ်သူ ဒေါ်ခင်သဲဖြူမှာ မိမိ၏ တစ်ဦးတည်းဆန္ဒအရ ၂၁-၁၂-၂၀၂၀ ရက်၌ နေအိမ်မှ ဆင်းသွားပြီး ယနေ့အချိန်အထိ နေအိမ်သို့ ပြန်လာခြင်းမရှိတော့သည့်အတွက် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား ကျွန်တော်မှ လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်ဌေး
၁၃/ကလန(နိုင်)၀၆၀၂၁၇

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏသီရိ အလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၀၆၈၂)၊ မြေဧရိယာ(၀ဒသမ၁၄၆)ဧကရှိ ဦးနန်းဝင်း (ဘ)ဦးစိုးကြည် ၇/ကတခ(နိုင်)၀၈၈၉၁၇အမည်ပေါက် (ပါမစ်)မြေကွက်ကို ဒေါ်ပန်းအိစံ (ခ)ပန်းအိအိစံ (ဘ)ဦးစိုင်းအေးငွေ ၁၃/တကန(နိုင်) ၁၅၁၆၇၉မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက် မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

မိုးပျဉ်းမြို့နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုင်းလောဝ်ဆိုင်(ဘ-ဦးသီလ)၁၃/မပတ(နိုင်)၀၂၃၂၃၉ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဦးစိုင်းလောဝ်ဆိုင်နှင့် (ဘ)ဦးစိုင်းဆိုင်ကျောက်၏ သမီးဖြစ်သူ ဒေါ်နန်းစံဟွမ်အေး ၁၃/မပတ(နိုင်)၀၁၉၂၇၄ တို့သည် လွန်ခဲ့သော နှစ်ပေါင်း (၂၀)ခန့်က ရှမ်း-ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းအညီနှင့် အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ရာ သားသမီး(၃)ဦးထွန်းကားခဲ့ပါသည်။ ယခုအခါတွင် အကြင်လင်မယားအဖြစ်ဆက်လက်ပေါင်းသင်းနေထိုင်ရန် စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိတော့သဖြင့် ၂၁-၇-၂၀၂၂ရက်တွင် နှစ်ဖက်သော အသိသက်သေများနှင့် လူကြီးများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းစာချုပ်ဖြင့် တရားဝင် ကွာရှင်းခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ ဦးစိုင်းလောဝ်ဆိုင်နှင့် ဒေါ်နန်းစံဟွမ်အေးတို့မှာ မည်သို့မျှ သက်ဆိုင်ခြင်း မရှိတော့ပါကြောင်းနှင့် နောက်နောင် ဒေါ်နန်းစံဟွမ်အေးနှင့် ပတ်သက်သော မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချောစုလင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၉၄၆၀/၂၀၁၃)**
**အမှတ်(ည/၄၅)၊ ပတ္တမြားလမ်း၊**
**နယ်မြေ(၇)၊ ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## သဃ်န်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၄၅

ဦးစပ်ရန်နိုင်ဦး နှင့် ဒေါ်အိအိအောင်

**တရားလို** **တရားပြိုင်**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့၊ နယ်မြေ(၈)၊ ရပ်ကွက်(၇)နေ တရားပြိုင် ဒေါ်အိအိအောင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌တရားလိုက လင်မယားမဟုတ်တော့ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၈ရက် (၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်း ရမည်။

၂၀၂၂ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မြတ်မြတ်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## မန်နေဂျင်းဒါရိုက်တာ အသစ်ခန့်အပ်ခြင်းနှင့်
## အဟောင်းနုတ်ထွက်ခြင်းအား အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဦးဝိစာရလမ်း၊ အမှတ်(၇၂)တွင် ရုံးချုပ်တည်ထောင်ဖွင့်လှစ်ထားသည့် Hana Microfinance Limited(Registration No-101829162)၏ (၃၀-၉-၂၀၂၂)ရက်တွင် ကျင်းပသော အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိမန်နေဂျင်းဒါရိုက်တာဖြစ်သူ Mr.Jeung Sae Leeသည် မန်နေဂျင်းဒါရိုက်တာ ရာထူးမှ နုတ်ထွက်မည်ဖြစ်ပြီး ၎င်း၏ နေရာတွင် ဦးမင်းသူ အားကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာအဖြစ် အတည်ပြုခန့်အပ်သွားမည်ဖြစ်ပါကြောင်း ကုမ္ပဏီနှင့် ငွေရေးကြေးရေး ဆက်သွယ်ဆောင်ရွက်နေသော အသင်းသားများ၊ stakeholders များနှင့်အများပြည်သူ သိရှိနိုင်ပါရန် ကြေညာအပ်ပါသည်။

**အစုရှယ်ယာရှင်များ**
**Hana Microfinance Limited**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ အုတ်ကျင်းကျေးရွာနေ ဦးစိုင်းသန်းထိုက်၏သား မောင်စိုင်းအောင်စည်ဟိန်း ၁၃/ရစန(နိုင်)၁၀၇၈၄၀သည် မိဘများ၏ သွန်သင်ဆုံးမမှုကို လိုက်နာခြင်းမရှိဘဲ စိတ်ဆင်းရဲသိက္ခာကျအောင် အကြိမ်ကြိမ်ပြုမူ ဆောင်ရွက်နေသောကြောင့် ၎င်းအား ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝတို့ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးစိုင်းသန်းထိုက် ၁၃/နစန(နိုင်)၀၂၅၈၀၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

**မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ တောင်ကျောင်းကြီးတိုက်တန်း၊ အခန်းအမှတ်(၁၆)နေ ဦးတင်မောင်လတ်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-**

**မြောက်လားသော်-လမ်းကြား၊ တောင်လားသော်-လမ်း၊ အရှေ့လားသော်-လမ်း၊ အနောက်လားသော်-ဦးပိုင်အမှတ်(၅၆)တွင် တည်ရှိသော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ (၇)ကွက်၊ ခဲလယ်တောင်ရပ်၊ ဦးပိုင်အမှတ်(၅၇)၊ မြေယာအမှတ်(14)၊ မြေဧရိယာ(၀ဒသမ၀၇၁)ဧကရှိ မြေနှင့်မြေပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဦးကျော်ရှိန်မှ ဂရန်အမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။ ဦးကျော်ရှိန် ကွယ်လွန်သွား၍ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်စောမေခင်(ခ)ဒေါ်မြသိန်းမှ အမွေဆက်ခံပိုင်ဆိုင်လာပါသည်။ ပိုင်ရှင်ဖြစ်သူ ဒေါ်စောမေခင်(ခ)ဒေါ်မြသိန်းမှ အထက်ပါမြေနှင့် နေအိမ်အား တာဝန်ခံ ရောင်းချထားသောကြောင့် ကျွန်ုပ်မိတ်ဆွေ ဦးတင်မောင်လတ်က စရန်ငွေတစ်ချို့တစ်ဝက်ပေးချေ၍ ဝယ်ယူထားပါသည်။ ဦးတင်မောင်လတ်မှ အပြီးအပိုင် ငွေပေးချေ၍ အရောင်းအဝယ်ကိစ္စအား ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိလျှင် ဤအကြောင်းကြားစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများ၊ တရားရုံးတားဝရမ်းနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ ဦးတင်မောင်လတ် ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်၏မိတ်ဆွေ ဦးတင်မောင်လတ်က ငွေအပြီးပေးချေကာ အရောင်းအဝယ်ကိစ္စအား ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။**

**ဦးတင်မောင်လတ်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၅၅၀)**
**အမှတ်(၁၂၈)၊ (၈)လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၇၉၂၀၄၅၈၇၅၊ ၀၉-၇၈၂၀၄၅၈၇၅၊ ၀၉-၉၆၂၀၄၅၈၇၅**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စိုင်းကျော်စိန် ၁၃/တကန(နိုင်)၉၅၈၈၀ ၏ နိုင်ငံကူးလက်မှတ် နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၃၆၇၀၁၃၁**

## ပျောက်ဆုံးကြောင်း

ကျွန်မ မနင်းဝေလွင် ၁၃/ဆဆန(နိုင်)၁၄၀၃၁၁ ၏ နိုင်ငံကူးလက်မှတ် နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၁၅၇၅၁၈၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ခွန်းအီညာရှို ၂/ဒမဆ(နိုင်)၀၃၇၄၁၂ ၏ နိုင်ငံကူးလက်မှတ် နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၃၂၇၈၈၁၉**

## တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ကုန်းသာကျေးရွာအုပ်စု၊ ဝါရီကောခူကျေးရွာနေ မောင်လှ(ခ)မောင်ကောရီယို ၂/လကန(နိုင်)၀၅၉၄၈၀ မှာ တစ်ဦးတည်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၀-၅-၁၉၈၃ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ခိုလမ်မြို့နေ ဦးမျိုးမင်းသန့်-ဒေါ်မျိုးသီတာခိုင်တို့၏သား မောင်သုတတည်ကြည်စွမ်းအား ယနေ့မှစ၍ မောင်ဂျေဂျေမင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/37711, New Zhineng 110 ယာဉ်လက်ဝယ်ရှိသူ ဦးသူရငြိမ်း ၉/မထလ(နိုင်)၂၄၁၈၆၀ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7E/6138, Foton Auma Tx45 Truck (4x2)L ယာဉ်လက်ဝယ်ရှိသူ Aung Kanbo Trading Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍မိတ္တူ ထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/30805, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ စိန်ရွှေရောင်ပြည့် ကုမ္ပဏီ ၈၃လမ်း၊ ၃၇x၃၈ကြား၊ မဟာအောင်မြေမြို့နယ် က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ် ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့် ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး**

**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၄၄၀၁)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်အုန်းကြည် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်စမ်းအိအိနိုင် ၁၃/ရစန(နိုင်)၀၀၀၅၀၃ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူ ကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်- ၅၊ နည်းဥပဒေ-၂၀)
## ပဲခူးခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၅

ဦးကြင်ထွန်း — နှင့် — ဦးဝင်းဗိုလ် ပါ-၁၂
တရားလို — တရားပြိုင်များ

ပဲခူးမြို့နယ်၊ ကလီ-တပ်ကလေးကျေးရွာနေ ဦးဝင်းဌေး (ဘ) ဦးခင်အောင်နှင့် ဦးအောင်သိန်း(ဘ) ဦးငွေတို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အမွေပုံပစ္စည်း စီမံခန့်ခွဲပေးရန် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၅ရက်( ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ပါ အမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပေးပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ကျော်ဦး)
ဒုတိယခရိုင်တရားသူကြီး(၁)
ပဲခူးခရိုင်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့မရပ်ကွက်၊ ကွင်းအမှတ်(၁၈၊ မြို့မအရှေ့ရပ်)၊ ဦးပိုင်အမှတ်(၁၃၉/စ)၊ မြေရိယာ ၀ ဒသမ ၁၁၉ဧကရှိမြေကွက်သည် ဒေါ်JPခေါ်နိစင်အမည်ဖြင့် ၁၅-၁၁-၂၀၂၁ရက်အထိ မြေငှားဂရန် အမည်ပေါက်သောမြေကွက်ဖြစ်ပြီး မူလဂရန်အမည်ပေါက်သူ ဒေါ်JPခေါ်နိစင်ထံမှ ဦးဘောမ်လန်းက ၅-၇-၂၀၂၂ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၂၄၆/၂၀၂၂)ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဦးဘောမ်လန်း ၁/မကန(နိုင်)၀၉၅၇၁၁ အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၆၊ ယုဇနရပ်)၊ ဦးပိုင်အမှတ်(၁၀)၊ မြေရိယာ ၀ ဒသမ ၀၇၃ဧကရှိမြေကွက်သည် ဦးအောင်ချစ်မည်ဖြင့် ၃၀-၆-၂၀၂၀ရက်အထိ မြေငှားဂရန်အမည်ပေါက်သော မြေကွက်ဖြစ်ပြီး မူလဂရန်အမည်ပေါက်သူ ဦးချစ်အောင်မှာ ၁၀-၁-၁၉၉၁ရက်တွင်လည်းကောင်း၊ ဒေါ်သန်းရင်မှာ ၂၅-၉-၂၀၁၄ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားကြပြီး ၎င်းတို့၏ သား/သမီးများဖြစ်ကြသော ဦးသောင်းဦး၊ ဒေါ်ကျင်ကျင်ရွှေ၊ ဒေါ်တင်တင်ဝေ၊ ဦးခင်မောင်အုန်း၊ ဦးသန်းဌေးတို့ ငါးဦးမွေးဖွားထွန်းကားခဲ့ပါသည်။ ဦးသန်းဌေးမှာ ၂၃-၆-၁၉၉၇ရက်တွင် ကွယ်လွန်သွားခဲ့ပြီး ဦးသောင်းဦး၊ ဒေါ်ကျင်ကျင်ရွှေ၊ ဒေါ်တင်တင်ဝေ၊ ဦးခင်မောင်အုန်း၊ ဦးဟိန်းထက်ဇော်(ကွယ်လွန်သူဦးသန်းဌေး၏သား)တို့ ငါးဦးမှ ၁၁-၆-၂၀၂၁ရက်စွဲပါ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်မှတ်ပုံတင်အမှတ်(၁၀၀/၂၀၂၁)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြပြီး ၎င်းတို့ငါးဦးထံမှ ဦးကျွမ်းကြည်(ခ)တင်မောင်လတ်၊ ဒေါ်နန်းဌေးဌေးအောင်တို့က ၂၀-၉-၂၀၂၁ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၁၃၀/၂၀၂၁)ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဦးကျွမ်းကြည်(ခ)တင်မောင်လတ် ၁/မကန(ဧည့်)၀၀၁၅၇၀နှင့် ဒေါ်နန်းဌေးဌေးအောင် ၁/မကန(နိုင်)၀၂၃၅၄၃တို့နှစ်ဦးအမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## အများသိစေရန်ကြေညာခြင်း

ရမည်းသင်းမြို့၊ ဝါတိုးအနောက်ရပ်နေ- ဒေါ်ခင်စန်းဝင်း(ဘ)ဦးဟာရွှန် ၉/ရမသ(နိုင်) ၀၀၉၈၃၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

၁။ ရမည်းသင်းမြို့၊ ဝါတိုးရပ်၊ သီလဝလမ်း၊အကွက်အမှတ်- ၂၉၊ ဦးပိုင်အမှတ်( ၁၁-စ )၊ ဧရိယာဧက၀ ဒသမ ၀၃၄ဧကမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆိုင်ခန်းတို့သည် ဦးဟာရွှန်-ဒေါ်မွန်နီးတို့၏ သားသမီးများဖြစ်သော (၁) ဦးသက်လွင်၊ (၂) ဦးမျိုးလွင်၊ (၃) ဦးမြင့်လွင်၊ (၄) ဦးအောင်လွင်၊ (၅) ဒေါ်ခင်စန်းမြင့်၊ (၆) ဒေါ်ခင်စန်းရီ၊ (၇) ဒေါ်ခင်စန်းကြည်၊ (၈) ဒေါ်ခင်စန်းဝင်း၊ (၉) ဒေါ်ခင်စန်းလွင်၊ (၁၀) ဒေါ်သစ်သစ်ခိုင်တို့ အတူပူးတွဲပိုင်ဆိုင်လက်ရှိထားသော ပစ္စည်းများဖြစ်ပါသည်။

၂။ အထက်ပါပစ္စည်းများနှင့်ပတ်သက်၍ ဒေါ်ခင်စန်းဝင်းအပါအဝင် အတူပူးတွဲပိုင်ဆိုင်သူများ ပါဝင်သိရှိခြင်း၊ သဘောတူခြင်း၊ ခွင့်ပြုခြင်းမရှိဘဲ လွှဲပြောင်းရောင်းချ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်း၊ ဂရန်အမည်ပြောင်းလဲခြင်း၊ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ပြုလုပ်ခြင်းများ ပြုလုပ်ခြင်းမပြုရန်သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**အထက်ပါအတိုင်းကြေညာရန်ညွှန်ကြားပါသည်။**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်ပြည့်ဖြိုးလွင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၆၁၉၇)(၂၂-၉-၁၉၉၅)** | **(စဉ်-၁၇၆၀၃)(၂၁-၁၂-၂၀၂၁)** |
| **အမှတ်-၃၇၈၊ ချယ်ရီလမ်း၊** | **ရမည်းသင်းမြို့။** |
| **သီရိမင်္ဂလာရပ်၊ ရမည်းသင်းမြို့** | |
| **ဒေါ်ဗွန်ပွင့်ဦး(LL.B)** | **ဒေါ်အေးချမ်းငြိမ်း(LL.B, LL.M)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၅၂၉၁၈)(၂၉-၅-၂၀၂၀)** | **(စဉ်-၄၂၂၅၁)(၅-၇-၂၀၁၃)** |
| **ရမည်းသင်းမြို့။** | **ရမည်းသင်းမြို့။** |

## လူမှုကွန်ရက်စာမျက်နှာများတွင် Online ဖြင့် HONDA မော်တော်ဆိုင်ကယ်ရောင်းချသူများနှင့် အများပြည်သူသိရှိစေရန်ကြေညာခြင်း

**NCX Myanmar Company Limited** ၏ညွှန်ကြားချက်အရ အောက်ပါအတိုင်းသိရှိစေရန် ကြေညာအပ်ပါသည်-

**NCX Myanmar Company Limited** သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုမ္ပဏီများ ဥပဒေအရ ကုမ္ပဏီ မှတ်ပုံတင်အမှတ် - ၅၈၆/၂၀၁၂-၂၀၁၃ဖြင့် မှတ်ပုံတင်ခဲ့ပြီး **"NCX"** အမည်အမှတ်အသား **"Trademark"** ကို အသုံးပြု၍ **Tyre** အမျိုးမျိုး၊ **Tube** အမျိုးမျိုး၊ **Battery** အမျိုးမျိုး၊ **Chain** အမျိုးမျိုး၊ **Sprocket Set** အမျိုးမျိုး၊ မီးသီး အမျိုးမျိုး၊ အင်ဂျင်ဝိုင်၊ ဘရိတ်ဆီ၊ ချောဆီ၊ စက်ဆီ၊ အားဖြည့်စက်ဆီ၊အမဲဆီ၊ **Lubricant** အမျိုးမျိုး၊ လယ်သာပေါလစ် အမျိုးမျိုး၊ မော်တော်ဆိုင်ကယ်နှင့် ဆက်စပ်အပိုပစ္စည်း အမျိုးမျိုး၊ မော်တော်ကား နှင့် ဆက်စပ်အပိုပစ္စည်း အမျိုးမျိုး၊ မော်တော်ဆိုင်ကယ် နှင့် မော်တော်ကားအလှဆင်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ပမှ မှာယူတင်သွင်း၍ သော်လည်းကောင်း၊ ပြည်တွင်းတွင် ထုတ်လုပ်၍သော်လည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဖြန့်ချိရောင်းချသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး မှတ်ပုံတင်အမှတ် ၄/၁၈၅၆၂၊ ရက်စွဲ ၁၀-၁၂-၂၀၁၄ ရက်တွင် မှတ်ပုံတင်ထားရှိခဲ့ပြီးဖြစ်ပါသည်။

**NCX Myanmar Company Limited** မှ ရောင်းချသည့် ပစ္စည်းများနှင့် စပ်လျဉ်း၍ ၂၉-၁၂-၂၀၀၉ ရက်တွင် နိုင်ငံပိုင်နေ့စဉ်ထုတ်သတင်းစာများ၌ "ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်" ကို အများပြည်သူသိရှိစေရန် ထည့်သွင်းကြေညာထားပြီးဖြစ်ပါသည်။

**NCX Myanmar Company Limited** သည် **Honda Motor Co., Ltd.** မှ ထုတ်လုပ်သည့် **HONDA** အမှတ်တံဆိပ် မော်တော်ဆိုင်ကယ်များကို မြန်မာပြည်တစ်ဝန်းလုံးတွင် ရောင်းချရန် သဘောတူစာချုပ် ချုပ်ဆိုထားခဲ့ပါသည်။ သို့ဖြစ်ပါ၍ **NCX Myanmar Company Limited** သည် **HONDA** မော်တော်ဆိုင်ကယ်များကို မြန်မာနိုင်ငံတစ်ဝန်းတွင် တရားဝင်ရောင်းချပိုင်ခွင့်ရှိသည့် တစ်ခုတည်းသော ကုမ္ပဏီဖြစ်ပါသည်။ ထိုသို့ရောင်းချရာတွင် **NCX Myanmar Company Limited** အနေဖြင့် **HONDA** အမှတ်တံဆိပ်ဖြင့် **NCX** မှ ခန့်အပ်ထားသော အသိအမှတ်ပြုဆိုင်းဘုတ်တပ်ဆင်ပြီး မြန်မာပြည်တစ်ဝန်းလုံး၌ တရားဝင် အရောင်းကိုယ်စားလှယ်များကို ခန့်အပ်ရောင်းချလျက် ရှိနေပါသည်။

**NCX Myanmar Company Limited** သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံး၌ **HONDA** မော်တော်ဆိုင်ကယ်များ ဝယ်ယူသုံးစွဲသူများထံသို့ ရောင်းချရာတွင် ကောင်းမြတ်သော ဂုဏ်သတင်းဖြင့် ထင်ရှားကျော်ကြားလျက်ရှိနေပါသည်။ ထိုသို့ **NCX Myanmar Company Limited** ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ **NCX Myanmar Company Limited** ၏ ကုန်အမှတ်တံဆိပ်ကိုလည်းကောင်း၊ ကောင်းမြတ်သော ဂုဏ်သတင်းကို ထိခိုက်စေရန် ရည်ရွယ်၍ **NCX Myanmar Company Limited** ၏ **Showroom** ဓာတ်ပုံများ၊ ဝန်ထမ်းများ၏ ဓာတ်ပုံများ၊ မော်တော်ဆိုင်ကယ်ဓာတ်ပုံများနှင့် ထောက်ပံ့ပို့ဆောင်ရေးယာဉ်များ၏ ဓာတ်ပုံများကို အသုံးချကာ အောက်ဖော်ပြပါ လူမှုကွန်ရက်စာမျက်နှာများတွင် **HONDA** မော်တော် ဆိုင်ကယ်များကို **Online** ဖြင့် ရောင်းချနေသည်ကို တွေ့ရှိရပြီး **HONDA** မော်တော်ဆိုင်ကယ်အသုံးပြုသူများ အနေဖြင့် အထင်အမြင် လွဲမှားခြင်းကို ဖြစ်ပေါ်စေနိုင်ပါသည်။

| | |
|---|---|
| Honda Myanmar Showroom<br>https://www.facebook.com/HONDAsellers/ | Min Han Thu Aung , HONDA Showroom, Co.Ltd<br>https://www.facebook.com/Min-Han-Thu-Aung-HONDA-Showroom-CoLtd-104402595517287/ |
| Honda Myanmar Showroom Myawaddy<br>https://www.facebook.com/groups/234622191370039/ | ရွှေမြင်းပျံ - ဆိုင်ကယ်နှင့်အပိုပစ္စည်းရောင်းဝယ်ရေး<br>https://www.facebook.com/106771304563151^photos/a.106778527895762^560834645823479/ |
| Myanmar Honda Myawaddy showroom<br>https://www.facebook.com/profile.php¿id=100080434242100 | Shwe Myawaddy Honda Showroom<br>https://www.facebook.com/Shwe-Myawaddy-HONDA-Showroom-101536272319888/ |
| Honda Myanmar Myawadi Showroom<br>https://www.facebook.com/HONDAmyanmaroffical/ | M26 HONDA Showroom Lamaing<br>https://www.facebook.com/M26-HONDA-Showroom-Lamaing-104596235709713/ |
| Elephant Motorcycle Showroom<br>https://www.facebook.com/HONDAmyanmarshowroommm/ | Myawaddy Honda Showroom<br>https://www.facebook.com/Myawaddy-HONDA-Showroom-108770341590863/ |
| Honda Showroom<br>https://www.facebook.com/Monica890123/ | Honda Hpa-an Showroom<br>https://www.facebook.com/HONDA-Hpa-an-Showroom-218706108544384/ |
| Honda Motorcycle Showroom သီဖူဝီ<br>https://www.facebook.com/HONDAAmann/ | Honda Motorcycle MWD<br>https://www.facebook.com/HONDA-Motorcycle-MWD-105282154596440/ |
| Honda Click Myanmar<br>https://www.facebook.com/HONDAClickMM/ | Honda Myanmar Showroom<br>www.facebook.com/HONDA-Myanmar-Showroom-110332678101979/ |
| Honda Tachileik Motorcycles Showroom<br>https://www.facebook.com/HONDAshowroom19/ | Honda Myanmar<br>https://www.facebook.com/OffcialHONDAMyanmar/?_tn_=%3C |

အထက်ပါ လူမှုကွန်ရက်စာမျက်နှာများသည် **NCX Myanmar Company Limited** ၏ တရားဝင် အရောင်းကိုယ်စားလှယ်မဟုတ်ခြင်း၊ **NCX Myanmar Company Limited** ၏ တရားဝင်ခွင့်ပြုချက် ရရှိထားမှု မရှိခြင်းတို့ကြောင့် ဤကြော်ငြာပါရှိသည့်နေ့မှစ၍ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် **HONDA** မော်တော်ဆိုင်ကယ်များကို **Online** ဖြင့် ရောင်းချခြင်းမပြုလုပ်ပါရန်နှင့် ဆက်လက်ရောင်းချနေပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း **လူမှုကွန်ရက်စာမျက်နှာများတွင် Online ဖြင့် HONDA မော်တော်ဆိုင်ကယ် ရောင်းချသူများနှင့် အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။**

**NCX Myanmar Company Limited ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရဲလွင် (LLB)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၇၇၇၄)**
**အခန်းအမှတ် ၃၁၃၊ မဟာနဝရတ်ကွန်ဒို (အေ)၊ လမ်း ၅၀၊ ဗိုလ်တထောင်မြို့နယ်**

## ကြေးမုံသတင်းစာ၌ ၂၃-၉-၂၀၂၂ရက် စာမျက်နှာ(၂၅)ပါ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်အား ဖျက်သိမ်းခြင်း

၂၃-၉-၂၀၂၂ရက်စာမျက်နှာ(၂၅)ပါ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ အမှတ်(ယခင်-၁) ယခုအခေါ်-၆(င/ခ)တွင် တည်ရှိသော ပေါ်ဆန်းမွှေး အဆင့်မြင့်အိမ်ရာစီမံကိန်းရှိ ၈-ခန်းတွဲ၊ ၈-ထပ်တိုက် အဆောက်အအုံမှ တိုက်အမှတ်(ဘီ)၊ အခန်းအမှတ်(၈၁၅)တိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေကချေးငွေဖြင့်ဝယ်ယူရန် စရန်ငွေပေးချေခဲ့ပြီး အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်တားမြစ်လိုသူများရှိပါက ကန့်ကွက်နိုင်ကြောင်း ကြေညာထည့်ခဲ့ပါသည်။ ယခုအခါတွင် ချေးငွေရယူရန်ကိစ္စအဆင်မပြေသောကြောင့် အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာချက်အား နှစ်ဦးနှစ်ဖက်သဘောတူညီမှုဖြင့် ဖျက်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်နှင်းဝေအောင် (တရားလွှတ်တော်ရှေ့နေ)စဉ်-၉၉၁၇
LL.B, D.B.L, D.M.L, D.I.L (W.I.P.O-Switzerland)
တိုက်အမှတ်(၂၀)၊ အခန်း(၂၀၁)၊ ပုလဲမွန်အိမ်ရာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉- ၇၉၁၇၂၂၆၀၇၊ ၀၉- ၄၄၈၀၂၅၈၃၇

## အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ မြေကွက်အမှတ် (၂၀၈၄၇)၊ အကျယ်အဝန်းပေ (၆၀x၈၀)၊ ဧရိယာ ၀ဒသမ ၁၁၀ ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်တင်တင်အေး ၁၂/ဒဂန(နိုင်)၀၀၃၂၁၅ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုမိုအောင် ၉/ငဇန(နိုင်)၀၇၈၃၁၀က ၃၀-၉-၂၀၂၂ ရက်တွင် အပြီးအပိုင်ယူရန်အတွက် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးသတ်အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ - | လွှဲအပ်ညွှန်ကြားချက်အရ - |
| ဒေါ်မိုမိုအောင် | ဦးချစ်ဖြူ (LL.B) |
| ၉/ငဇန(နိုင်)၀၇၈၃၁၀ | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၈၈၉) |
| | အမှတ် (၇၂၃၂)၊ကျိုင်းတုံလမ်း၊ဇဝနသိဒ္ဓိရပ်ကွက်၊ |
| | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၇၉၉၁၂၃၁၀၀ |

## အများသိစေရန်ကြေညာခြင်း

ရမည်းသင်းမြို့၊ ဝါတိုးအနောက်ရပ်နေ- ဦးမြင့်လွင် (ဘ) ဦးဟာရွှန် ၉/ရမသ(နိုင်) ၀၀၉၅၈၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

၁။ ရမည်းသင်းမြို့၊ ရမည်းသင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်- ၅၉/၂၂၌ ဦးမြင့်လွင်က တရားလိုပြုလုပ်လျက် ဦးစိုးလွင်ပါ- ၁၄ ဦးတို့အပေါ် "အမွေပုံစီမံ ခန့်ခွဲပေးစေလိုမှု" စွဲဆိုထားပြီး ဖြစ်ပါသည်။

၂။ အဆိုပါအမွေမှုတွင် အောက်ပါပစ္စည်းများကို အမွေပစ္စည်းအဖြစ်ထည့်သွင်းဖော်ပြစွဲဆိုထားပြီး ဖြစ်ပါသည်-

၃။ (က) ရမည်းသင်းမြို့၊ အကွက်အမှတ်- ၅၅/သီလဝ(၁)ရပ်ကွက်၊ ဦးပိုင်အမှတ်- ၂၁၈/၉၀၊ အိမ်မြေကွက်အမှတ်-၂၁၂၊ဧရိယာ၀ ဒသမ၀၈၆ ဧကရှိ ပိုင်းမြေကွက်နှင့်

(ခ) ရမည်းသင်းမြို့၊ မြို့မဈေးဆိုင်ခန်း၊ ရုံအမှတ်-၉၊ ဆိုင်ခန်းအမှတ်(မူလ/ယခင်-၅ / ၆ ) ( ယခု- ၁၄ / ၁၅ )ဆိုင်ခန်းနှစ်ခန်း။

၄။ အထက်ပါအမွေအမှုတွင် သက်ဆိုင်ရာတရားရုံးက စီရင်ဆုံးဖြတ်ပြီးသည်အထိ အထက်ပါပစ္စည်းများကို လွှဲပြောင်းခြင်း၊ရောင်းချခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ ဂရန်အမည်ပြောင်းခြင်း၊ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်းများမပြုလုပ်ပါရန် သတိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**အထက်ပါအတိုင်းကြေညာရန်ညွှန်ကြားပါသည်။**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်ပြည့်ဖြိုးလွင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၆၁၉၇)(၂၂-၉-၁၉၉၅)** | **(စဉ်-၁၇၆၀၃)(၂၁-၁၂-၂၀၂၁)** |
| **အမှတ်-၃၇၈၊ ချယ်ရီလမ်း၊** | **ရမည်းသင်းမြို့။** |
| **သီရိမင်္ဂလာရပ်၊ ရမည်းသင်းမြို့** | |
| **ဒေါ်ဗွန်ပွင့်ဦး(LL.B)** | **ဒေါ်အေးချမ်းငြိမ်း(LL.B, LL.M)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၅၂၉၁၈)(၂၉-၅-၂၀၂၀)** | **(စဉ်-၄၂၂၅၁)(၅-၇-၂၀၁၃)** |
| **ရမည်းသင်းမြို့** | **ရမည်းသင်းမြို့** |

## အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရတနာဒီပရပ်ကွက်၊ မြေကွက်အမှတ် (၁၆၉၆)၊ ဧရိယာ ၀ ဒသမ ၂၀၂ ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား လက်ရှိဝယ်ယူ ပိုင်ဆိုင်ထားသူ ဦးထွန်းမောင် ၁၂/ပဘတ(နိုင်)၀၁၁၈၈၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဂျူးသက်ပိုင် ၉/မထလ (နိုင်) ၂၆၄၈၁၃ က ၁၉-၈-၂၀၂၂ရက်တွင် အပြီးအပိုင်ယူရန်အတွက် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား (မူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးသတ်အရောင်းအဝယ် စာချုပ်ချုပ်ဆိုခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ -** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဦးဂျူးသက်ပိုင်** | **ဦးချစ်ဖြူ (LL.B)** |
| **၉/မထလ (နိုင်) ၂၆၄၈၁၃** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၈၈၉)** |
| | **အမှတ် (၇၂၃၂)၊ ကျိုင်းတုံလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်** |
| | **ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၇၉၉၁၂၃၁၀၀** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိ အလယ်ရပ်၊ မြေကွက်အမှတ် (ဒ-၃၁၅၉၇)၊ မြေရိယာ ၀ ဒသမ ၁၄၆ဧကရှိ ဦးထွန်းလင်းမြင့် (ဘ) ဦးဖုန်းမြင့် ၇/တငန(နိုင်)၀၉၃၀၇၄ အမည်ပေါက်(ပါမစ်)မြေကွက်ကို ဒေါ်ပန်းအိစံ(ခ)ပန်းအိအိစံ(ဘ)ဦးစိုင်းအေးငွေ ၁၃/တကန(နိုင်)၁၅၁၆၇၉မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

တင်နီလာဝင်း(ဘ)ဦးအောင်သန်း ၉/တကန(နိုင်)၁၆၁၂၁၅ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ။

ဖုန်း-၀၉-၂၆၀၀၀၁၅၂

## ပျောက်ဆုံးကြောင်း

မျိုးသိန်း(ဘ)ဦးမျိုးမင်း ၉/တကန(နိုင်)၁၄၃၈၇၉ ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ။

ဖုန်း-၀၉-၂၆၀၀၀၁၅၂

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပျဉ်းမနားမြို့၊ အထက (၃)ဒသမတန်းမှ မောင်ကျော်ဇင်မျိုးအောင်၏ ဖခင် ဦးဖိုးသာအောင်နှင့် ဦးသာအောင် ၉/ပမန(နိုင်)၀၁၃၅၃၂ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဖိုးသာအောင်(ခ)ဦးသာအောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၈၅၂၃ Kenbo 110ယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင်မြင့် ၉/ပမန(နိုင်)၀၅၇၂၁၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊နေပြည်တော်ရုံး**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လယ်ဝေးမြို့နယ်၊ သာဝတ္ထိအုပ်စု၊ ရသေ့တောင်ကျေးရွာနေ ဦးတင်ပို-ဒေါ်တင်သန်းတို့၏ သမီး မတိုးတိုးစံ ၉/လဝန(နိုင်)၁၅၆၄၀၀ သည် မိဘတို့၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့် လုပ်ရပ်များကို ပြုလုပ်ခဲ့ပါသည်။ ယနေ့မှစ၍ သမီးအဖြစ်မှ အပြီးတိုင် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။မိဘ-ဦးတင်ပို-ဒေါ်တင်သန်း**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပုဗ္ဗသီရိမြို့နယ်နေ ဦးမောင်မောင်ကြီး-ဒေါ်လှလေးတို့၏ သမီး မသင်းအိဖြိုးသည် မိဘဆွေမျိုးသားချင်းများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအတိုင်း ပြုမူသွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**မိဘ-ဦးမောင်မောင်ကြီး-ဒေါ်လှလေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/6605 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်း ၁၄/မမက(နိုင်)၁၆၇၁၅၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4F/9312 Hyundai Tractor Head (6x4)L ယာဉ်လက်ဝယ်ရှိသူ Myanmar Economic Holding Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွှာသာကြီး) ရန်ကုန်မြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးအောင်မွန် ၁၁/ကတလ(နိုင်)၀၀၀၀၃၈ ၏နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။ **ဖုန်း-၀၉-၂၅၁၃၄၂၄၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများ တွဲဖက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ၊ ထိုသို့ဆောင်ရွက်ရခြင်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်ဖြစ်၊ ထိုအထဲမှ ထူးချွန်သူများအနေဖြင့် စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံများနှင့် တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ကြရမည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၈ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# မြန်မာ့ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများကို နိုင်ငံ၏သဘာဝအရင်းအမြစ်အဖြစ် တန်ဖိုးထားရမည်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ (တတိယအကြိမ်)အစည်းအဝေးသို့တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ (တတိယအကြိမ်)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၃**

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၇ ကော်လံ ၁ ➜*

### အောက်တိုဘာလ ၂၄ ရက်နေ့အား "ဒီပါဝလီ"နေ့ အများပြည်သူတို့၏ အလုပ်ပိတ်ရက်အဖြစ် ကြေညာ

**နေပြည်တော် အောက်တိုဘာ ၃**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက် (၂၀၂၂ ခုနှစ်၊ အောက်တိုဘာ လ ၂၄ ရက်) တနင်္လာနေ့သည် **"ဒီပါဝလီနေ့"** ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက် ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁၆၈/၂၀၂၂ ဖြင့် ယနေ့တွင် ကြေညာလိုက်သည်။ **သတင်းစဉ်**


### ယနေ့ သတင်းအညွှန်း

**အင်ဒိုနီးရှား၌ စက်သုံးဆီဈေးနှုန်းမြင့်တက်မှုကြောင့် ၂၀၁၄ နောက်ပိုင်း ငွေကြေးဖောင်းပွမှု အမြင့်ဆုံးရောက်လာ** နိုင်ငံတကာသတင်း စာ - ၁၃

**TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ထံ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းတက်ရောက်ရန် သွားရောက်မည့် တရားခံများ ဖမ်းဆီးရမိ** ပြည်တွင်းသတင်း စာ - ၁၈

**နှလုံးသားထဲကမြို့** ဆောင်းပါး စာ - ၂၀